The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 11 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 13 , 2017


2016ckESpfa tmufwkrS 2017 ckESpfazazmf0g&DtwGif wmcsDwfukeCG,fa&;pcefrSuft&SajcmufonifEdkif;uk w&m;0ifyefMum;olrsm;vkdtyfaeqJjzpf

စာမျက်နှာ - ၁၆

zrfqD&Daba , m0Ef;Sh ausmufpdwfwkdk;m;tm; EdkifwHb@mtjzpfodkqnf

စာမျက်နှာ - ၁၆

jrefmEdkifiHxr0ifqkH Bloomberg Invest Myanmar aq;aG;yGJGif;ify

စာမျက်နှာ - ၂၁

# အမေရိကန်ပြည်ထောင်စုကပေးအပ်သည့် ယေဘုယျအကောက်ခွန် သက်သာခွင့်အစီအစဉ်အရ

# အကျိုးခံစားခွင့်ရရှိရန်အတွက် ကုန်စည်များအား တင်ပို့ရာတွင် ပင်ရင်းမှတ်ကျောက်များ ပြည့်မီအောင် လုပ်ဆောင်ပြီးမှ တင်ပို့ရမည်

GSP အစီအစဉ်အရ အမေရိကန်ပြည်ထောင်စုမှ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့် ပေးအပ်ထားသည့် ကုန်စည်များ ပြန်လည်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် ကြားနာမှုအစီအစဉ်(၂၀၁၆-၂၀၁၇ ယေဘုယျ အကောက်ခွန်သက်သာခွင့် စနစ်အတွက် နှစ်စဉ်ပြန်လည်သုံးသပ်သည့်အစီအစဉ်) (2016-2017 GSP Annual Review)ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အမေရိကန် ပြည်ထောင်စုရဲ့ကုန်သွယ်ရေးကော်မရှင်ရုံးနဲ့ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတို့မှာ အသီးသီးကျင်းပခဲ့တယ်လို့ သိရှိရပါတယ်။

စာမျက်နှာ - ၁၂



## အပင်၊ တိရစ္ဆာန်၊ လူနှင့် အစားအစာများ ပိုးမွှားကင်းစင် သန့်ရှင်းခြင်းနှင့် စပ်လျဉ်းသည့် ကုန်သွယ်ရေးသဘောတူညီချက် သက်ဝင်ခြင်း၊ အပင်၊ တိရစ္ဆာန်၊ လူနှင့် အစားအစာများ ပိုးမွှားကင်းစင်သန့်ရှင်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့် အမေရိကန်လယ်ယာထွက်ကုန်များ တင်ပို့ခြင်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ


အပင်၊ တိရစ္ဆာန်၊ လူနှင့် အစားအစာများ ပိုးမွှားကင်းစင် သန့်ရှင်းခြင်းနဲ့စပ်လျဉ်းတဲ့ ကုန်သွယ်ရေးသဘောတူညီချက်သက်ဝင်ခြင်း၊ အပင်၊ တိရစ္ဆာန်၊ လူနှင့် အစားအစာများ ပိုးမွှားကင်းစင် သန့်ရှင်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့် အမေရိကန် လယ်ယာထွက်ကုန်များ တင်ပို့ခြင်းနဲ့ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်က ဗာဂျီးနီးယားပြည်နယ်၊ အာလင်တန်မြို့မှာ ကျင်းပခဲ့ပါတယ်။

စာမျက်နှာ - ၈




# SOE YADANAR LIN TRADING CO., LTD.

'ဆောက်လုပ်ရေးလုပ်ငန်းသုံးနှင့် လမ်းခင်းကျောက် (လိပ်သည်းကျောက်) ဆိုဒ်စုံရောင်းဝယ်ရေး'



**Head Office** : No.309, 3rd Floor, Tower B, Myaing Hay Won Condominium, 8 Mile, Kyaik Wine Pagoda Road, Mayangone Township, Yangon, Myanmar.
Phone: 01-650774, 650775, 650779(Ext:309), 09-5302480, 09-5015763, Fax: 01-656712

**Bago Office** : No.209, Pwesarkyigone, Oaktha Myothit, Near Bago University, Bago.
Phone: 09-5301208, 09-5302417, 09-5302324

**Moke Pa Lin** : Phone: 09-5042000, 09-8614100, 09-49442636

**E-mail** : soeyadanarlinn@gmail.com



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် NEDA မှ လာရောက်ရှင်းလင်းတင်ပြသည့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

Neighbouring Countries Economic Development Cooperation Agency (NEDA) မှ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးအတွက် နှစ်လမ်းသွား ကားလမ်း တည်ဆောက်ရေးချေးငွေကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၉ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာ့အထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်လာစေရေးအတွက် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာ ဇုန်များအလိုက် စီမံခန့်ခွဲမှုကော်မတီများကိုလည်း ပြန်လည်ဖွဲ့စည်းပြီးဖြစ်သည့်အတွက် အထူးစီးပွားရေးဇုန်လုပ်ငန်းများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ဥပဒေများနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ပြီးစီးပါက ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတကာကုန်သွယ်ရေး၊ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ဖြစ်ပေါ်စေရေး အထောက်အကူဖြစ်စေနိုင်ပြီး၊ အိမ်နီးချင်းထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ ကုန်သွယ်မှုအား များစွာအထောက်အကူဖြစ်စေမည့် စီးပွားရေးဇုန်ဖြစ်လာနိုင်ကြောင်း ပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ NEDA မှ ဥက္ကဋ္ဌ Mr. Newin Sinsiri က နှစ်လမ်းသွား ကားလမ်းတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာကြသော ထားဝယ်အထူးစီးပွားရေးဇုန် ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် မြန်မာ့အထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ လုပ်ငန်းဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၁၇) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို မတ် ၁၀ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မော်တော်ယာဉ်များ စတင်တင်သွင်းခွင့်ပြုချိန်မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ယာဉ်အိုယာဉ်ဟောင်းအစီအစဉ်ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းမှာ အရောင်းစင်တာမှ ဝယ်ယူခြင်း အပါအဝင်ယာဉ် ၂၂၃၆၆၀ စီး၊ ပို့ကုန်သွင်းကုန်ကုမ္ပဏီ၊ သဘော်သား၊ နိုင်ငံခြားရေးဝန်ထမ်းများ အစီအစဉ်ဖြင့် မော်တော်ယာဉ်ပါမစ် ထုတ်ပေးမှုမှာ ၆၃၁၈ စီး၊ လူပုဂ္ဂိုလ်တစ်ဦးချင်း အစီအစဉ်ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းမှာ အရောင်းစင်တာနှင့် အရောင်းပြခန်းများမှ ဝယ်ယူခြင်းအပါအဝင် မော်တော်ယာဉ် ၃၅၁၉၃၅ စီး စုစုပေါင်း မော်တော်ယာဉ်ပါမစ် ၅၈၁၉၁၃ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအတွင်း ကားအရောင်းစင်တာနှင့် အရောင်းပြခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးနိုင်ရန် မြေပြင်စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး လုပ်ငန်းများဆောင်ရွက်မှုအပေါ် မူတည်၍ အဆင့်သတ်မှတ်ခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် သွင်းကုန်ပါမစ် ခွင့်ပြုခြင်း၊ ဆိပ်ကမ်းတွင်မော်တော်ယာဉ် မှတ်ပုံတင်ခြင်း အပိုင်းများတွင် အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းမှုတွင် တစ်ဦးချင်းတင်သွင်းခြင်း၊ အရောင်းပြခန်းနှင့် အရောင်းစင်တာများ၏ တင်သွင်းခြင်းများကို မိမိတို့ကော်မတီအနေဖြင့် စနစ်တကျကြီးကြပ်၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးကွက် မြို့နယ်စုံ အရောင်းအဝယ်အေးပြီး ပုံမှန်ရောင်းချလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၆မြို့နယ်ရှိ ဆန်စပါး ဈေးကွက်မှာ ဖေဖော်ဝါရီနောက်ဆုံးပတ်ဈေးနဲ့ ယခုမတ်လ ဒုတိယပတ်အတွင်း ဈေးနှုန်းများမှာ အပြောင်းအလဲမရှိဘဲ လက်လီဈေးကွက်မှာပုံမှန်ရောင်းဝယ်လျက်ရှိပါတယ်။ရန်ကုန်နဲ့ အညာဒေသများမှ ဝယ်လိုအားမြင့်တက်မှသာ ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း ဈေးကွက်မှသိရပါတယ်။

ယခုလက်ရှိ အချိန်နွေသီးထပ်ရင် စပါးများ ဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိပြီး ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၄၇၀၀၀၀ မှ ကျပ် ၄၈၀၀၀၀ ဈေးနှင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ ဝန်းကျင်ဈေးနှင့် ရောင်းဝယ်လျက်ရှိရာ စပါးအရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှု ရှိနိုင်ကြောင်း ယခုလက်ရှိဈေးဖြင့် တောင်သူများအကျိုးအမြတ် ရရှိနိုင်ပြီး နွေစပါးလှိုင်လှိုင်ပေါ်ချိန် ဈေးနှုန်းအတက်အကျမှာ ဝယ်လိုအားအပေါ်မှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရပါတယ်။ ပုသိမ်၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်များတွင် ပေါ်ဆန်းတစ်အိတ်ဈေးမှာ ကျပ် ၃၀၀၀၀ မှ ကျပ် ၃၁၅၀၀ ဝန်းကျင်ရှိပြီး ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ဒေးဒရဲမြို့နယ်များရှိ ပေါ်ဆန်းဈေးနှုန်းမှာဆန်တစ်အိတ်လျှင် ကျပ် ၂၈၀၀၀ မှ ၂၉၀၀၀ ဝန်းကျင်ရှိ၍ စပါး၊ ဆန်အရည်အသွေးနဲ့ ဈေးကွက်ပေါ်မူတည်ပြီး ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း၊ တိုင်းအတွင်း ၂၆ မြို့နယ်အနက် ပေါ်ဆန်းစပါးကို ၁၁မြို့နယ်မှာသာ အများဆုံးစိုက်ပျိုးထုတ်လုပ်ကြောင်း သိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ကယားပြည်နယ်အတွင်းသို့ အခြားမြို့များမှ ဆန်များ ပုံမှန်တင်သွင်းနေ

ကယားပြည်နယ်ဒေသတွင်းမှထွက်ရှိသော ဆန်စပါးသည် ကယားပြည်နယ်ရှိ လူဦးရေအတွက် မလုံလောက်သောကြောင့် အခြားမြို့နယ်များမှ ဆန်များ တင်သွင်းနေရကြောင်းနှင့် ကယားပြည်နယ်မှထွက်ရှိသော ဆန်ကိုလည်း မန္တလေးမြို့သို့ အဓိကတင်ပို့ကြောင်း သိရှိရပါတယ်။ ကယားပြည်နယ်သို့ ဆန်တင်သွင်းရာတွင်လည်း ရန်ကုန်မြို့၊ မန္တလေးမြို့၊ ရွှေဘိုမြို့တို့မှ အများဆုံး တင်သွင်းကြပြီး ယခင် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်မြို့မှ ဆန်အိတ် ၈၃၆၀၊ မန္တလေးမြို့မှ ဆန်အိတ် ၂၇၁၀ နှင့်ရွှေဘိုမြို့မှ ဆန်အိတ် ၆၂၀ စုစုပေါင်းအိတ်ပေါင်း ၁၁၆၉၀ အိတ်၊ တန်ချိန်အားဖြင့် ၅၈၇ တန်ရှိရာ တစ်ရက်လျှင် ၂၀ တန်နှုန်းခန့် တင်သွင်းလာသည်ကို ဆန်စီးဝင်မှုစာရင်းအရ သိရှိရပါတယ်။ ယခုမတ်လ ပထမပတ်အတွင်းတွင်လည်း ရန်ကုန် မြို့မှ ဆန်အိတ် ၁၆၆၀၊ ရွှေဘို မြို့နယ်မှဆန်အိတ် ၇၀၀ စုစုပေါင်းအိတ် ၂၃၆၀၊ တန်ချိန်အားဖြင့် ၁၁၉ တန်ခန့် တင်သွင်းလာပြီး တစ်ရက်လျှင် ၁၇ တန်ခန့် တင်သွင်းလာကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်း ဆန်တစ်အိတ်လျှင်ကျပ် ၄၆၀၀၀၊ တစ်ပြည်လျှင်ကျပ် ၂၀၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၀၀၀၊ ညော့်မထ(ဒေသ)ဆန်တစ်အိတ်လျှင် ကျပ် ၂၈၀၀၀၊ တစ်ပြည်လျှင်ကျပ် ၁၂၀၀၊ ငစိန်ဆန် တစ်အိတ်လျှင်ကျပ် ၁၈၀၀၀၊ တစ်ပြည်လျှင် ကျပ် ၇၅၀ ပေါက်ဈေးဖြင့် ဈေးငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကယားပြည်နယ်အတွင်း ယခင်တစ်ပတ်က စပါးတင်း ၁၀၀ ကို ကျပ် ၇၀၀၀၀၀ ဈေးပေါက်ပြီး ယခုတစ်ပတ်တွင် ကျပ် ၇၀၂၀၀၀ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ထွန်းနိုင်လင်း(လွိုင်ကော်)**

# ဖိလစ်ပိုင်နိုင်ငံက ဆန်တန်ချိန် နှစ်သိန်းငါးသောင်းတင်သွင်းရန် စီစဉ်လျက်ရှိ

ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံကဲ့သို့ ပုံမှန် ဆန်တင်ပို့လျက်ရှိသည့်နိုင်ငံများနှင့် အစိုးရအချင်းချင်း အရောင်းအဝယ်သဘောတူညီမှုမှတစ်ဆင့် ဆန်တန်ချိန် နှစ်သိန်းငါးသောင်းအမြန်တင်သွင်းရန်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ စားသောက်ကုန်လုံခြုံစိတ်ချရမှုဌာနက ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်အရ သိရှိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာနှင့် ယခုနှစ်ဖေဖော်ဝါရီအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များက ဝယ်ယူတင်သွင်းခဲ့သည့် ဆန်တန်ချိန်ပမာဏမှာငါးသိန်းလေးသောင်းသုံးထောင်ခန့်ရှိလိမ့်မည်ဖြစ်ပြီး အဆိုပါတင်သွင်းမှုကြောင့် ဇူလိုင်တွင် စတင်မည့် နိုင်ငံ၏ သီးနှံရိတ်သိမ်းချိန်မတိုင်မီ နိုင်ငံတော်၏အရန်ရိက္ခာဖြည့်တင်းမှုကို ကူညီပေးရာ ရောက်ကြောင်း အဆိုပါဌာနက ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၊ အမျိုးသားစားသောက်ကုန်ဆိုင်ရာအဖွဲ့အစည်း (National Food Authority, NFA) က ဖိလစ်ပိုင်နိုင်ငံ၏ဆန်တင်သွင်းမှုအစီအစဉ်ကို မနီလာရှိဗီယက်နမ်သံရုံးမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ အကြောင်းကြားစာပေးပို့ထားကြောင်းသိရှိရသည်။

ဆန်အဓိက ရောင်းချသည့်နိုင်ငံများဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကမ္ဘာတွင် ဆန်အများဆုံးဝယ်ယူသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံမှ ဆန်ဝယ်ယူမှု ကုန်အမှာစာသစ်များရရှိရန် စောင့်ကြည့်လျက်ရှိကြောင်း၊ NFAအနေဖြင့် ဆန်တင်သွင်းရန်အတွက် တင်ဒါစတင်ခေါ်ယူမည့်အချိန်ကာလကို မဆုံးဖြတ်ရသေးကြောင်းသိရှိရသည်။

စီမံချက်ချမှတ်ထားသည့် ဆန်ဝယ်ယူမှုပမာဏမှာ ယခင်နှစ်က NFA ကောင်စီက သဘောတူထားသည့် ဆန်ဝယ်ယူတင်သွင်းမည့်တန်ချိန် ငါးသိန်းအနက် အချို့ဖြစ်ကြောင်း၊ NFA သည် လက်ရှိကာလအထိ ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းငါးသောင်းနှင့်ထိုင်းနိုင်ငံမှ ဆန်တန်ချိန်တစ်သိန်း စုစုပေါင်းဆန်တန်ချိန် နှစ်သိန်းငါးသောင်းသာ ဝယ်ယူထားရသေးကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအရန်ရိက္ခာအတွက် ဆန်တန်ချိန် နှစ်သိန်းငါးသောင်းထပ်မံတင်သွင်းရန် လိုအပ်လျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံအမျိုးသား စားသောက်ကုန်ဆိုင်ရာ အဖွဲ့အစည်းက ပြောကြားခဲ့ကြောင်းသိရှိရသည်။



**စန္ဒာထွန်း** (TTI)

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၃-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၄ | ၃၇၂ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၉ | ၃၆၈ | ▽ | ၃၅၅ | ၃၆၀ | △ | ၃၇၅ | ၃၇၅ | □ | ၃၇၅ | ၃၇၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၆၈ | ၃၆၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၆ | ၃၆၅ | ▽ | ၃၄၈ | ၃၅၀ | △ | - | - | - | ၃၈၀ | ၃၆၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၃ | ၃၆၁ | ▽ | ၃၄၀ | ၃၃၈ | ▽ | ၃၇၅ | ၃၆၅ | ▽ | ၃၄၅ | ၃၄၀ | ▽ |
| ပေါင်းဆန် | ၃၇၇ | ၃၇၅ | ▽ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၂၅ | ၄၂၅ | □ |

***Source: oryza.com***

# ပြည်တွင်းမြို့ကြီးများ၏ (၁၀-၃-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညော့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၀၀ | □ | ၁၇၀၀၀ | □ | ၆၆၂၄ | ▽ | ၃၂၅၀၀ | ▽ |
| ပုသိမ် | ၄၆၀၀ | △ | ၁၈၅၀၀ | △ | ၇၁၈၀ | △ | ၃၁၀၀၀ | △ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | □ | ၆၁၅၀ | □ | ၂၈၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၅၀၀ | □ | ၃၃၀၀၀ | ▽ |
| စစ်တွေ | ၃၇၅၀ | □ | ၁၆၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | △ | ၂၁၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၀၀၀ | △ | ၁၆၈၀၀ | ▽ | - | - | ၂၆၀၀၀ | ▽ |
| မန္တလေး | ၆၀၀၀ | □ | ၂၄၀၀၀ | △ | - | - | ၃၃၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၀၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၇၀၀ | □ | ၁၈၀၀၀ | ▽ | ၆၀၀၀ | ▽ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | ▽ | ၁၇၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညော့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၆-၃-၂၀၁၇ မှ ၁၀-၃-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 616 | 37,198,393.569 |
| 2 | Form D | 117 | 6,147,666.000 |
| 3 | Form E | 109 | 3,272,449.650 |
| 4 | Korea GSP | 6 | 360,182.410 |
| 5 | Form AK | 84 | 5,433,830.350 |
| 6 | Form AJ | 18 | 1,033,765.410 |
| 7 | Form AI | 84 | 3,533,397.660 |
| 8 | Form AANZ | 11 | 15,717.320 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1045** | **56,995,402.369** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၃-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၆၂၃ | ၁၈၆၅ | ▲ | ၁၆၀၀ | ၁၉၀၀ | ▲ | ၁၅၅၀ | ၁၇၀၀ | ▲ | ၁၅၂၅ | ၁၈၁၅ | ▲ |
| ၂ ပဲစင်းငုံ | ၁၂၂၆ | ၁၂၈၈ | ▲ | ၁၁၅၈ | - | | ၁၁၇၅ | ၁၂၃၀ | ▲ | ၁၁၄၅ | ၁၂၃၅ | ▲ |
| ၃ ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | - | - | - | ၁၃၅၃ | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၉၀၀ | ▲ | - | ၂၀၆၁ | - | ၁၉၁၁ | ၂၀၀၀ | ▲ | ၁၇၂၀ | ၁၇၆၅ | ▲ |
| ၅ ပဲလွန်းဖြူ | ၁၄၆၅ | ၁၃၆၅ | ▼ | ၁၄၁၇ | ၁၄၁၇ | ■ | - | - | - | ၁၈၁၅ | ၁၈၁၅ | ■ |
| ၆ ထောပတ်ပဲ | ၁၀၀၅ | ၁၀၀၅ | ■ | ၁၆၀၀ | ၁၄၂၂ | ▼ | - | - | - | ၉၂၀ | ၉၇၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၀-၃-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု | ၂/၃ | ၉/၃ | ပြောင်းလဲမှု | ၂/၃ | ၉/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၇၃၅ | ၈၃၀ | ▲ | ၇၉၄ | ၈၈၄ | ▲ | ၇၆၄ | ၈၀၉ | ▲ |
| ၂ ပဲစင်းငုံ | ၅၅၀ | ၆၀၀ | ▲ | ၆၁၄ | ၆၅၂ | ▲ | ၆၄၄ | ၆၈၉ | ▲ |
| ၃ ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၆၄၄ | ၆၇၄ | ▲ | ၆၅၉ | ၆၈၉ | ▲ |
| ၄ ကုလားပဲဖြူလုံးကြီး | ၈၄၀ | ၈၄၀ | ■ | ၇၄၉ | ၇၇၉ | ▲ | ၇၆၄ | ၇၇၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၅.၂.၁၇)ထိ | ယခုတစ်ပတ် (၄.၃.၁၇)ထိ | (၁.၁.၁၇) မှ (၄.၃.၁၇) ထိ |
| မတ်ပဲ | ၆၆၉၁၇ | ၄၇၄၂ | ၇၁၆၅၉ |
| ပဲတီစိမ်း | ၂၀၇၈၅ | ၄၉၃၇ | ၂၅၇၂၂ |
| ပဲစင်းငုံ | ၁၆၉၈၈ | ၅၉၄၅ | ၂၂၉၃၃ |
| ကုလားပဲ | ၁၀၂၃ | ၆၅၈ | ၁၆၈၁ |
| ပဲလွန်းဖြူ | ၂၇၇၀ | ၅၅၇ | ၃၃၂၇ |
| မြေထောက်ပဲ | ၃၂၃၆ | ၆၃၁ | ၃၈၆၇ |

## ပြည်ဆန်စပါးဈေးကွက်ဈေးငြိမ်ပြီး အရောင်းအဝယ်ပြန်ကောင်းလာ

ယခုနှစ်စမှစ၍ ပြည်ဆန်စပါးဈေးကွက်တွင် ဈေးနှုန်းများကျဆင်းပြီး အရောင်းအဝယ်အေးကာ ဈေးငြိမ်လျက်ရှိပါတယ်။ ဒါပေမယ့် ယခု မတ်လ (ဒုတိယပတ်)အတွင်းတွင် အရောင်းအဝယ်အနည်းငယ်ဖြစ်လာတာတွေ့ရပါတယ်။ပြည်ဒေသထွက် နတ်တလင်းတောင်ပျံမွှေးဆန်များ ရန်ကုန်မှအဝယ်ရှိနေပြီး ဧည့်မထအုပ်စု(အင်းလယ်၊ ကရင်မနှင့် ရွှေဝါထွန်းထိပ်စောင်း)များကိုတော့ မန္တလေးသို့ တင်ပို့လျက်ရှိကြောင်းလည်းသိရပါတယ်။ ယခုတစ်ပတ် ပြည်စပါးဈေးကွက်မှာတောင်ပျံမွှေး(၄၆ ပေါင်ကိုက်)တင်း၁၀၀လျှင် ၆၆၂၄၀၀ ကျပ်ဈေးနှင့် ဧည့်မထစပါးအုပ်စု အင်းလယ်၊ ကရင်မ၊ ရွှေဝါထိပ်စောင်း စပါး ဈေးနှုန်းများမှာ ၄၇၈၄၀၀ ကျပ် အသီးသီးရှိနေပြီး ဒေသတွင်းသုံးစွဲမှုများတဲ့ ဧည့်မထစပါးကတော့ ကျပ် ၄၄၀၀၀၀ ဖြစ်ပါတယ်။

ဆန်အိတ်ဈေးနှုန်းအနေဖြင့် တောင်ပျံမွှေးတစ်အိတ်လျှင်ကျပ် ၃၀၀၀၀ မှကျပ် ၃၁၀၀၀၊ အင်းလယ်တစ်အိတ်လျှင် ကျပ် ၁၉၈၀၀၊ ကရင်မ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၊ ရွှေဝါထိပ်စောင်းတစ်အိတ်လျှင် ကျပ် ၁၈၀၀၀တို့ဖြစ်ကြောင်းသိရပါတယ်။

ဆန်ချောတောင်ပျံမွှေး(ထိပ်စ)များကို ရန်ကုန်သို့တစ်ပတ်လျှင် အနည်းဆုံးအိတ် ၅၀၀ ဆံ့ကားနှစ်စီး အတင်ရှိနေပြီး ဆန်ကြမ်းဧည့်မထဆန်အိတ်များကိုတော့ မန္တလေးဘက်သို့ တစ်ပတ်လျှင် အိတ် ၇၀၀ နီးပါးတင်ပို့လျက်ရှိနေပါတယ်။ အရောင်းအဝယ်မှာ နယ်နှင့်ဒေသတွင်း အိတ်အဆွဲများကြောင့် အရောင်းအဝယ်ပြန်ကောင်းလျက်ရှိနေပါတယ်။

**နီနီဝင်း**

## မတ်လဆန်း ပြည်ဈေးကွက်မှာ ပဲမျိုးစုံအရောင်းအဝယ် သွက်နေသလို ပဲဈေးနှုန်းများလည်း တက်ရိပ်ပြ

မတ်လပထမပတ် ပြည်ပဲဈေးကွက်အတွင်း ဆောင်းပဲသစ်များအထွက်လှိုင်ချိန်ဖြစ်တဲ့အတွက် မတ်ပဲနဲ့ ပဲစင်းငုံသီးနှံများ အများအပြား ဝင်ရောက်နေသလို အခြားပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီးသီးနှံများလည်း အဝင်လှိုင်လာခဲ့ပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံက တဖြည်းဖြည်းအဝင်ပါးလာခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံက တစ်ရက်လျှင်အိတ် ၇၀၀ ကျော် ၈၀၀ ဝင်ရောက်နေသော်လည်း ပဲတီစိမ်းသီးနှံက အိတ် ၁၅၀ ကျော်ပမာဏခန့်သာ အဝင်ရှိခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျိုးသဲနှင့်ပြည်အနီးတစ်ဝိုက်မှ ပြည်ဈေးကွက်သို့ နေ့စဉ်အိတ် ၆၀၀ ကျော် ၇၀၀ ကျော်ထိ ဝင်ရောက်လျက်ရှိသလို ရန်ကုန်ဝယ်လက်များရော လှော်လက်သမားများပါ အဝယ်လိုက်ခဲ့တာကြောင့် ယခုတစ်ပတ်အတွင်း ပဲဈေးနှုန်းများလည်း ဈေး ပြန်မြင့်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်တင်းကျပ် ၃၀၀၀၀ ကျော်သာ ရရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တက်ရိပ်ပြလာတဲ့အတွက် တစ်တင်းကျပ် ၃၃၅၀၀ မှ ကျပ် ၃၄၅၀၀ ထိရရှိခဲ့လို့ ပဲစိုက်တောင်သူများလည်း ပဲအထွက်နှုန်းပေါ်မူတည်၍ အကျိုးအမြတ်ရရှိသူများရှိသလို ပဲအထွက်နှုန်းမကောင်းခဲ့ကြတဲ့ တောင်သူများအနေဖြင့် ပဲဈေးမြင့်လာသော်လည်း အရှုံးပြနေတယ်လို့ တောင်သူများထံမှ ကြားသိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပြည်မြို့အနီးတဝိုက်အပြင်၊ မင်းတုန်း၊ ကံမဘက်မှလည်း ဝင်ရောက်ခဲ့တာကြောင့် တစ်ရက်အိတ် ၇၀၀ မှ ၈၀၀ ကျော်အထိ ပဲအဝင်များသလို ရန်ကုန်လိုင်းသမားနှင့်လှော်သမားများအဝယ်ရှိခဲ့လို့ နေ့စဉ်ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၃၅၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးပိုရခဲ့ပေမယ့် ပြည်ပဝယ်လက်အဝယ်ရှိတဲ့ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်းသီးနှံတို့ထက် ဈေးလျော့နေခဲ့သလို ယခင်နှစ်ပဲဈေးထက်လည်း ဈေးလျော့ခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ် မတ်လအတွင်းက ပဲစင်းငုံသီးနှံဈေးမှာ တစ်တင်းကျပ် ၄၃၀၀၀ အထိရရှိခဲ့ပြီး မတ်ပဲဈေးနှင့်ဈေးပြိုင်နီးပါးရရှိခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပဲအထွက်နည်းနေပေမယ့် ဈေးကွက်သို့အိတ်၅၀၀ကျော် ၆၀၀ ဝင်ရောက်လာပြီး ရွှေတောင်၊ ကျိုးသဲ၊ ပန်းတောင်း၊ ကံမမြို့နယ်များမှ နေ့စဉ် အဝင်ရှိခဲ့ပါတယ်။ ဝယ်လက်ကတော့ ခွဲစက်သမားများက အဓိကထားဝယ်ယူလျက်ရှိကာ တစ်ရက်အိတ် ၄၀၀ ကျော် ၅၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာတစ်တင်းကျပ် ၃၇၅၀၀ မှ ကျပ် ၃၈၀၀၀အထိ ရရှိခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်တင်းကျပ် ၃၅၅၀၀ သာရရှိခဲ့တဲ့အတွက် ယခုတစ်ပတ်မှာတော့ ဈေးပိုရလာလို့ ဝင်ရောက်မှုရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာလည်း ပဲအဝင်များလာပြီး တစ်ရက်အိတ် ၅၀၀ကျော် ဝင်ရောက်လာခဲ့သလို ဝယ်လိုအားအနေဖြင့်လည်း အဝယ်လိုက်နေတာကြောင့် ဝင်ရောက်လာတဲ့ပဲများအပြင် လက်ကျန်ပဲများလည်း ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ပဲဈေးမှာ အခြားပဲများကဲ့သို့ပင် တက်ရိပ်ပြလာခဲ့လို့ (ရွှေကျွန်း) တစ်တင်းကျပ် ၂၉၅၀၀၊ (ကမ်းနား)တစ်တင်းကျပ် ၂၈၅၀၀ဖြင့် ပဲကြော်ဖိုသမားများရော လှော်ပဲသမားများပါ ဝယ်ယူလျက်ရှိတယ်လို့သိရပါတယ်။

ဘိုကိတ်ပဲသီးနှံမှာ တစ်ရက်လျှင်အိတ် ၁၅၀ မှ ၂၀၀ အဝင်ရှိပြီး လက်လီသမားအပြင် ရန်ကုန်ဝယ်လက်ပါ အဝယ်ရှိခဲ့တာကြောင့် ပြည်ပဝယ်လိုအားကောင်းသော ပဲများနဲ့နှိုင်းယှဉ်ပါက အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ပေမယ့် ပြည်တွင်း လက်လီပဲဈေးကွက်မှာတော့ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ထောပတ်ပဲနဲ့ ပဲနီပြားသီးနှံများမှာ ပဲသစ်ဝင် ရောက်မှုနည်းနေပြီး လက်ကျန်ပဲအချို့ရှိတာကြောင့် လက်လီသမားဝယ်ယူမှုအပေါ် မူတည်ပြီး နေ့စဉ် အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်စားတော်ပဲသစ် ဈေးငြိမ်နေပေမယ့် ပဲဟောင်းဈေးကိုမမီ

မတ်လပထမပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပြည်ပဝယ်လက်ပဲများအပြင် စားတော်ပဲသစ်များလည်း ဝင်ရောက်လျက်ရှိရာ တစ်ရက်လျှင်အိတ် ၄၀ မှ ၅၀ ကျော်အထိ ဝင်ရောက်လာခဲ့တာကြောင့် လက်လီသမားများနဲ့ လှော်လက်သမားများက ဝယ်ယူခဲ့တယ်လို့သိရပါတယ်။ ပဲဈေးမှာတစ်တင်းကျပ်၃၅၀၀၀ဖြင့် ဈေးဆက်ငြိမ်နေပေမယ့် ပဲဟောင်းဈေးကိုတော့မမီခဲ့ဘဲ ဈေးအေးနေတာကို တွေ့ရပါတယ်။ ပြည်စားတော်ပဲ ပဲဟောင်းဈေးမှာ တစ်တင်းလျှင် ကျပ် ၄၀၀၀၀အထိ ရခဲ့တာကြောင့် လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးဖြစ်ပြီး ပြည်ပဝယ်လက်ပဲများထက်လည်း ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ယခင်နှစ် ပဲသစ်ပေါ်ချိန်က တစ်တင်းလျှင် ကျပ် ၃၃၀၀၀ရရှိခဲ့လို့ ယခုနှစ်မှာတော့ယခင်နှစ်အဖွင့်ဈေးထက် ဈေးအနည်းငယ်ပိုခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်ဈေးကွက် လက်ကျန်နဲ့သာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်သို့ အခြားပဲများအားလုံးလိုလို ဈေးကွက်သို့ နေ့စဉ်ဝင်ရောက်ခဲ့ပေမယ့် ဆောင်းပဲပုပ်သစ်အနေဖြင့် အဝင်မရှိသလောက်ဖြစ်ခဲ့တဲ့အတွက် လက်ကျန်ပဲများနဲ့သာ အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့ သိရပါတယ်။ နှစ်ကုန်ပိုင်းနဲ့ ဇန်နဝါရီအတွင်း ပဲပုပ်သစ်များအဝင်များပြီး အရောင်းအဝယ်သွက်ခဲ့ပေမယ့် ယခုကာလမှာတော့ ပဲလက်ကျန်လောက်သာ နေ့စဉ်လက်လီရောင်းဝယ်လျက်ရှိပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၃၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိပေမယ့် ပဲပေါ်စကာလကထက် ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်မတ်လက တစ်တင်းကျပ် ၁၉၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပေမယ့် ယခုနှစ်ဈေးကတော့ ယခင်နှစ်ဈေးထက်ဈေးကောင်းရနေခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်သို့ ပဲကြီးသီးနှံသစ်များ ဝင်ရောက်

စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ပဲကြီးသီးနှံစိုက်ပျိုးရန် လျာထားဧကေါ်သောင်းကျော်ရှိသည့်အနက် ဧက ၅၂၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပြီး ကာလတူထက် စိုက်ဧက ၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ပဲကြီးသီးနှံများကို မင်းကင်း၊ကနီ၊ ဘုတလင်၊ ရေဦး၊ ဒီပဲယင်း၊ မုံရွာ၊ ချောင်းဦး၊ မြင်းမူမြို့နယ်တို့တွင် စိုက်ပျိုးလျက်ရှိပြီး မုံရွာကုန်စည်ဒိုင် ဈေးကွက်အတွင်းသို့ တစ်ရက်လျှင်အိတ် ၁၀၀၀ကျော် ဝင်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။ယခုတစ်ပတ်ပဲကြီး တစ်တင်းလျှင်ကျပ် ၁၉၅၀၀ နှုန်းပေါက်ပြီး ယခင်နှစ်ကာလတူပေါက်ဈေးမှာ ကျပ် ၂၂၀၀၀ ရှိရာယခင်နှစ် ကာလတူဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနိမ့်နေကြောင်း သိရှိရပါတယ်။ ပဲကြီးဈေးကွက်မှာဒေသတွင်းသုံး ဝယ်လက်အနေနဲ့နေ့စဉ်အိတ် ၅၀၀ ကျော် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင် သတင်းရပ်ကွက်မှသိရသည်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ပြည်မြေပဲဆန်စျေး ဆက်လက်ငြိမ်

ယခုတစ်ပတ် ပြည်စျေးကွက်၌ မြေပဲဆန်စျေး ဆက်လက်ငြိမ်နေတာ တွေ့ရပါတယ်။ ကံမမြို့၊ မင်းတုန်းမြို့နဲ့ ရခိုင်ပြည်နယ်ဘက်မှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၅၀၀ မှ ၆၀၀ ခန့်သာ ဝင်ရောက်မှုရှိနေတာ တွေ့ရပါတယ်။ စျေးကွက်တွင် မြေပဲဆန်လက်ကျန်များ ကျန်ရှိနေတဲ့အတွက် ဝယ်ယူမှုရှိသော်လည်း စျေးငြိမ်နေတာ တွေ့ရပါတယ်။

ဝယ်ယူမှုအနေဖြင့် လုံးဆန်အဖြူကို မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိခြင်း၊ လုံးဆန်အနီကို ပဲလှော်၊ ပဲကြော်သမားများက အဝယ်ရှိခြင်း၊ ဆီဆန်ကို မကွေးဆီစက်များနှင့် ပြည်မြို့တွင်း ဆီစက်များက အဝယ်ရှိနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်စျေးနှုန်းမှာ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ လုံးဆန်အဖြူတစ်ပိဿာလျှင် ကျပ် ၂၄၀၀ နှင့်လုံးဆန်အနီ တစ်ပိဿာလျှင် ကျပ် ၂၃၀၀ စျေးဖြင့် တစ်နေ့လျှင် အိတ် ၅၀၀ မှ ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## မတ်ပဲ စျေးကျသဖြင့် တောင်သူများအရှုံးပေါ်

ယခင်နှစ်က မတ်ပဲစျေးကောင်းရခဲ့၍ ယခုနှစ်တွင် မတ်ပဲကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်း မတ်ပဲစိုက်ဧက နှစ်သိန်းကျော်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မတ်ပဲစိုက်တောင်သူများသည် မတ်ပဲ အရောင်းအဝယ်အေးနေပြီး ရောင်းစျေးကျဆင်းနေသဖြင့် အခက်ကြုံနေရကြောင်း မတ်ပဲစိုက်တောင်သူတစ်ဦးထံမှ သိရှိရပါသည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလပိုင်းက မတ်ပဲတစ်တင်းလျှင် ကျပ် ၄၈၅၀၀ ဝန်းကျင်ခန့်ဖြင့် ရောင်းချခဲ့ရပြီး ယခုနှစ်တွင်မူ မတ်ပဲတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ခန့်သာ စျေးရရှိနေသည်။

"ဒီနှစ် မတ်ပဲစိုက်ပျိုးချိန်မှာ မိုးများလို့ အပင်ပေါက်များမှာ ပိုးများကျရောက်လို့ အပင်တွေသေတယ်။ ဆေးတွေဖျန်းပေးရတယ်။ အပင်သန်ပေမယ့် အသီးမသီးတဲ့အတွက် ရိတ်သိမ်းချိန်မှာ အထွက်နှုန်းနည်းတယ်။ အခုအချိန်မှာ မတ်ပဲက စျေးလည်းကျ ကုန်ကျစရိတ်လည်းများလို့ တောင်သူများ အရှုံးပေါ်နေတယ်"ဟု မတ်ပဲစိုက်တောင်သူများက ပြောကြားပါသည်။ ယခင်နှစ်က မတ်ပဲတစ်ဧကလျှင် ၁၅ တင်းထွက်ရှိပြီး တစ်တင်း ကျပ် ၄၅၀၀၀/ကျပ် ၅၀၀၀၀ အထိ စျေးရရှိခဲ့သည်။ ယခုနှစ်ရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် ၁၀ တင်းသာ ထွက်ရှိပြီး တစ်တင်းလျှင် သုံးသောင်းကျော်ခန့်သာ စျေးရရှိသည်ဟု တောင်သူတစ်ဦးထံမှ သိရပါသည်။

လက်ရှိမုံရွာစျေးကွက်တွင် မတ်ပဲပေါက်စျေးမှာ တစ်တင်းလျှင် ကျပ် ၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**လင်းလင်းသန့်**

## မုံရွာကုန်စည်ဒိုင်စျေးကွက်သို့ ဆောင်းသီးနှံ ပဲမျိုးစုံသစ်များ ဝင်ရောက်မှုများလာ

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ ဆောင်းသီးနှံ ပဲမျိုးစုံသစ်များဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံသီးနှံ ဝင်ရောက်မှုများလာပြီး စျေးမှာလည်း ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံ တစ်တင်း (သစ်) ပေါက်စျေးနှုန်းမှာ ကျပ် ၂၅၀၀၀၊ (ဟောင်း) ကျပ် ၂၃၀၀၀ နှုန်းပေါက်လျက် နေ့စဉ် အိတ် ၅၀၀၀ ခန့်၊ မတ်ပဲသီးနှံမှာ ယခင်တစ်ပတ် ပေါက်စျေးထက် အနည်းငယ်စျေးတက်လာကာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက စျေးနိမ့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် မတ်ပဲတစ်တင်း ပေါက်စျေးမှာ (အထွက်တိုး) ကျပ် ၃၁၀၀၀၊ (ကုန်း) ကျပ် ၃၇၀၀၀ နှုန်းပေါက်ပြီး နေ့စဉ် အိတ် ၁၈၀၀ ခန့်၊ ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး တစ်တင်းပေါက်စျေးမှာ ကျပ် ၂၈၀၀၀ ဖြစ်ပြီး နေ့စဉ် (ကြီး၊သေး)အိတ် ၅၀၀ ခန့်နဲ့ အရောင်းအဝယ်အသွက်ဆုံး သီးနှံများဖြစ်ကြောင်း သိရပါတယ်။

ဒေသတွင်းသုံးပဲဖြစ်တဲ့ ပဲလွန်းဖြူ/ပြာ အသစ်များလည်း ဝင်ရောက်လျက်ရှိရာ နေ့စဉ်အိတ် ၃၀၀ ခန့် အဝင်ရှိပြီး ယခုတစ်ပတ် ပေါက်စျေးမှာ ပဲလွန်းဖြူ ကျပ် ၂၇၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၃၅၀၀ နှုန်း ပေါက်ပြီး ဒေသတွင်းသုံးအနေနဲ့ နေ့စဉ်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဒေသတွင်းသုံးပဲများဖြစ်သော ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပုဂံပဲ၊ ပဲပုပ်စေ့၊ CP ပြောင်းများမှာလည်း ဒေသတွင်း လုပ်ငန်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ကုန်စည်ဒိုင်သို့ ပဲကြီးအသစ်များ စတင်ဝင်ရောက်လာပြီး ယခုတစ်ပတ် ပဲကြီးတစ်တင်းပေါက်စျေးမှာ ကျပ် ၁၉၅၀၀၊ (ကမ်းနား) ကျပ် ၂၈၀၀၀ နှုန်းပေါက်ပါတယ်။ ကုလားပဲမျိုးစုံ အသစ်များလည်း ဝင်ရောက်လျက်ရှိရာ ယခင်တစ်ပတ်ထက် စျေးအနည်းငယ် မြင့်လာပြီး V2 တစ်တင်း ကျပ် ၄၀၀၀၀၊ 929 တစ်တင်းကျပ် ၃၆၀၀၀၊ ထိုင်ဝမ် တစ်တင်းကျပ် ၃၆၅၀၀ နှုန်းပေါက်လျက် သုံးမျိုးပေါင်း အိတ် ၅၀၀၀ ခန့်၊ စွန်တာနီတစ်တင်းလျှင် ကျပ် ၁၉၀၀၀ နှုန်းနဲ့ အိတ် ၄၀၀ ခန့်၊ ပဲလုံးကြားတစ်တင်း ကျပ် ၂၄၀၀၀ နှုန်းနှင့် အိတ် ၁၀၀ ခန့်၊ ပဲယင်း တစ်တင်း ကျပ် ၁၄၇၀၀ နှုန်းနှင့် အိတ် ၁၅၀၀ ခန့်၊ ထောပတ်ပဲ တစ်တင်း ကျပ် ၁၈၀၀၀ နဲ့ အိတ် ၅၀၀ ခန့်၊ မြေထောက်ပဲ တစ်တင်း ကျပ် ၂၉၀၀၀ နှုန်းနှင့် အိတ် ၁၈၀၀ခန့်၊ ပုဂံပဲ တစ်တင်းလျှင် ကျပ် ၃၀၅၀၀ နဲ့ အိတ် ၃၀၀ ခန့်၊ ပဲပုပ်စေ့တစ်တင်း ကျပ် ၁၉၅၀၀ နဲ့ အိတ် ၇၀၀ ခန့်၊ CP ပြောင်းတစ်တင်းလျှင် ကျပ် ၅၆၀၀ ဖြစ်ပြီး အိတ် ၅၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံစျေးကွက်မှာ မြေပဲလုံးဆန်စျေးကွက်ကတော့ ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ် အိတ် ၁၂၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်မြေပဲဆန် တစ်ပိဿာ စျေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ ကျပ် ၂၄၀၀၊ ဆီဆန်ဖြူ ကျပ် ၂၀၀၀၊ လုံးဆန်နီ ကျပ် ၂၄၀၀ နဲ့ နေ့စဉ် အိတ် ၁၁၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက စျေးငြိမ်လျက်ရှိကြောင်း သိရှိရပါတယ်။ နှမ်းမျိုးစုံစျေးကွက်မှာ နှမ်းဖြူ တစ်ပိဿာလျှင် ၂၃၃၃ ကျပ်၊ နှမ်းနက် တစ်ပိဿာလျှင် ၂၆၇၇ ကျပ်၊ နှမ်းညို တစ်ပိဿာလျှင် ၁၆၆၇ ကျပ် နှုန်း အသီးသီးနဲ့ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## ပြည်ကြက်သွန်ဖြူ ကျစျေးဖြင့် အရောင်းအဝယ်ဖြစ်

ရှမ်းပြည်နယ်နှင့် တရုတ်နိုင်ငံများမှ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူ အသစ်များရဲ့ စျေးနှုန်းများ အနည်းငယ် ကျဆင်းလာတာ တွေ့ရပါတယ်။ ဒေသတွင်း စျေးကွက်အရောင်းအဝယ်သမားများနှင့် ကုန်ခြောက်ဆိုင်ကြီးများက အဝယ်များတာကြောင့်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ အဝင်လည်းများပြီး၊ အရောင်းအဝယ်လည်း သွက်နေပါတယ်။ အရည်အသွေးကောင်းတဲ့ ကြက်သွန်ဖြူများဖြစ်ပြီး အစိုဓာတ်နည်းပြီး အထားအသို ခံနိုင်တာကြောင့် လှောင်သမားများလည်း ပိုမိုဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ပွဲရုံစျေး) (ရှမ်းစ) ကျပ် ၃၆၀၀ မှ ၄၀၀၀ ကျပ်အထိဖြစ်ပြီး (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ် ၄၂၀၀ စျေးရှိပါတယ်။ ဒေသတွင်းလက်လီ အရောင်းစျေးနှုန်းမှာ (ရှမ်းစ) ကျပ် ၄၂၀၀ မှ ကျပ် ၄၅၀၀ ဖြစ်ပြီး (ကြူကုတ်စ) ကတော့ ကျပ် ၄၅၀၀ မှ ၄၈၀၀ ကျပ်အထိ ရောင်းချလျက်ရှိနေပါတယ်။ ပြည်ပွဲရုံများမှတစ်ဆင့် အနီးအနားဒေသများသို့ လက်လီလက်ကား အရောင်းအဝယ်ဖြစ်လျက် ရှိပြီး တစ်ပတ်လျှင် အိတ် ၃၅၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## ဘိုကလေးမြို့နယ်တွင် အုန်းသီး၊ ကွမ်းသီးစျေးကောင်းရလျက်ရှိနေပြီး ဆက်လက်စျေးမြင့်တက်နိုင်

ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မစိမ်းကျေးရွာနဲ့ တယ်ပင် (၃) ကျေးရွာတို့မှာအုန်းသီး၊ ကွမ်းသီးများ စျေးကောင်းရလျက်ရှိပြီး စျေးဆက်လက်မြင့်တက်လာနိုင်ကြောင်း အုန်းသီး၊ ကွမ်းသီးရောင်းဝယ်သူတစ်ဦးက ပြောကြားခဲ့ပါတယ်။

ယခင်က မစိမ်းကျေးရွာမှာ အုန်းသီးအလုံးလိုက် လုပ်ကိုင်ခြင်းမျိုးမရှိဘဲ အုန်းသားခြောက်လုပ်ငန်းနဲ့ အုန်းမှုတ်ခွက် မီးသွေးလုပ်ငန်းကိုသာ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ မစိမ်းကျေးရွာမှာ အုန်းသီး၊ကွမ်းသီးများကို အခွံခွာသူ၊ အိတ်သွပ်သူများအပြင် အုန်းသီးအလုံးလိုက် ရောင်းဝယ်နေသူများကိုပါ နေ့စဉ် မြင်တွေ့နေရပါတယ်။

ယင်းကဲ့သို့ အုန်းသီး၊ ကွမ်းသီးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေခြင်းနှင့် ပတ်သက်ပြီး မစိမ်းကျေးရွာမှ အုန်းသီးလာရောက်ရောင်းချသူ ဦးလှခိုင်က "အရင်က မစိမ်းကျေးရွာမှာ အုန်းသားခြောက်လုပ်ငန်းနဲ့ အုန်းမှုတ်ခွက်မီးသွေးလုပ်ငန်းကို အဓိကထားပြီးလုပ်ခဲ့ကြပါတယ်။ အခုဒီလုပ်ငန်းကို မလုပ်တော့တာ တစ်နှစ်နီးပါးခန့်ရှိပါပြီ။ အခုအုန်းသီး အလုံးလိုက်စျေးကောင်းပြီး တွက်ခြေကိုက်လို့ အလုံးလိုက်ပဲ အရောင်းအဝယ်လုပ်ကြတာပါ။ အခုကားလမ်းဘေးမှာ စုပုံရောင်းချတဲ့ ကျေးရွာတွေကတော့ ကံစု၊ ဟိုင်းစီ၊ တယ်ပင်၊ ခနဲ့ချောင်း၊ သံလိုက်၊ ဖိုးဒီကွဲ၊ ကွမ်းသီးချောင်း၊ ကျားချောင်း၊ ဆင်ချောင်း၊ ကုလားချောင်း စတဲ့ ကျေးရွာတွေက အုန်းသီးတွေ လာရောက်စုပုံပြီး ရောင်းကြတာပါ"လို့ ပြောကြားခဲ့ပါတယ်။

တယ်ပင်(၃) ကျေးရွာမှ အုန်းသီး၊ ကွမ်းသီး ရောင်းဝယ်သူတစ်ဦးဖြစ်တဲ့ ဦးအောင်မျိုးက "ကျွန်တော်ကတော့ အုန်းသီး၊ ကွမ်းသီးအရောင်းအဝယ်လုပ်ပါတယ်။ ကုန်ကြမ်းရဖို့ကတော့ လိုက်ဝယ်ရတာပေါ့။ ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာ ကဒုံကနီ စတဲ့မြို့ရွာတွေမှာ လိုက်ဝယ်ရပါတယ်၊ ကားပေါ်တင်ရလွယ်အောင် အခုလိုကားလမ်းဘေးမှာလာပြီး စုထားကြတာပါ။ တစ်နေ့ကိုကုန်တင်ကားနှစ်စီး လာပါတယ်၊ ရန်ကုန်ဘုရင့်နောင်ပွဲရုံတွေက လာဝယ်ကြသလို အညာဘက်ကလည်း လာဝယ်ကြပါတယ်။ ပွဲရုံတွေကတစ်ဆင့် မန္တလေးဘက်ကို ဆက်လက်တင်ပို့ကြတယ်။ ကွမ်းသီးကတော့ အိန္ဒိယဘက်ကို ပို့တယ်လို့သိရပါတယ်။ အုန်းသီးတစ်လုံးကို ကားခ ၂၅ ကျပ်၊ ကွမ်းသီးပီနံအိတ် တစ်တင်းခွဲအိတ်ကို ၂၀၀၀ ကျပ်ပေးရပါတယ်။ အုန်းသီးခွာခကတစ်လုံးကို ၁၅ ကျပ်၊ ကွမ်းသီးက နှစ်ကျပ်ပေးရပါတယ်။ ကားတစ်စီးကို အုန်းသီးအလုံးရေ ၅၀၀၀ လောက်ဆံ့ပြီး ကွမ်းသီး အိတ်ကအိတ် ၉၀၊ ၁၀၀ လောက်တင်ပါတယ်။ အုန်းသီးတစ်လုံးဝယ်စျေးက အလုံးပေါ်ကြည့်ပြီး ကျပ် ၁၅၀-၂၀၀၊ ကွမ်းသီးခြောက် တစ်လုံးကို ၁၄ကျပ်နဲ့ဝယ်ပြီး ပြန်ရောင်းစျေးကတော့ အုန်းသီးအကြီးလုံးကို ကျပ် ၄၀၀၊ အလတ်သီး ၃၅၀ ကျပ်၊ အသေးကကျပ် ၂၅၀ ကျပ်ဆိုပြီး အရွယ်အစားခွဲပြီးရောင်းပါတယ်။ ကွမ်းသီးခြောက် တစ်ပိဿာကို အခွံချွတ်ပြီးသား ကျပ် ၄၄၀၀ နဲ့ ပြန်ရောင်းပါတယ်။ ခွာလိုက်တဲ့အုန်းခွံ၊ ကွမ်းသီးခွံတွေကလည်း ရောင်းရပါတယ်၊ အုန်းခွံတစ်ခွံကို ၁၀ ကျပ်ရပါတယ်။ အခု ဒီစျေးမရတော့ပါဘူး။ သောင်းပြောင်းစျေးကားတစ်စီးကို ပုတ်ပြတ်စျေးနဲ့ရောင်းပါတယ်။ အုန်းခွံကို ဘယ်နေရာမှာသုံးလဲဆိုတော့ ကြိုးကျစ်တဲ့သူတွေ၊ မြောင်းဖို့၊ တာဖို့၊ လမ်းခင်းနဲ့ အခြောက်ခံပြီး ထင်းစိုက်ကြတဲ့သူတွေ ဝယ်ကြပါတယ်။ လှိုင်သာယာဂိုးလ်ကိတ်မုန့်မျိုးစုံလုပ်ငန်းကို နှစ်ပေါက်စာချုပ်နဲ့နေ့စဉ် အုန်းသီးအလုံး ၅၀၀၀ ပို့ပေးနေရပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

အုန်းသီး၊ ကွမ်းသီးစျေးကွက်ဟာ တန်ခူးလကုန်အထိစျေးဆက်လက်မြင့်နိုင်ပြီး ကြွက်မြီးပါတဲ့ အုန်းသီး (အလုံးလှ) စျေးအနေဖြင့် ဝယ်စျေးကျပ် ၅၀၀ကျပ် လက်လီစျေးတစ်လုံးကို ကျပ် ၈၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**မင်းဇော်မွန်(ဖျာပုံ)**

## ကြက်သွန်နီ

### ပြည်ကြက်သွန်နီ အကျစျေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်

ကြက်သွန်နီအဓိက စိုက်ပျိုးရာ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ ကြက်သွန်နီထွက်ရှိသည့် အချိန်ကာလဖြစ်နေတဲ့အတွက် ယခုတစ်ပတ်ပြည်စျေးကွက်သို့ အများအပြား ဝင်ရောက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပြည်စျေးကွက်မှာ ကြက်သွန်နီစျေးနှုန်းများ ဆက်လက်ကျဆင်းနေပြီး စားသုံးသူများအနေဖြင့်လည်း ပိုမိုဝယ်ယူ သိုလှောင်ခြင်းမရှိတော့ဘဲ ပုံမှန်သာဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ကြက်သွန်နီလှိုင်လှိုင်ထွက်ပေါ်ချိန်တွင်လည်း စျေးဆက်လက် ကျဆင်းလာမှာဖြစ်တဲ့အတွက် သိုလှောင်ရန် အရည်အသွေးရော စျေးနှုန်းပါသင့်တင့်တဲ့ကာလကို စောင့်ဆိုင်းနေတယ်လို့လည်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပြည်ပွဲရုံများ၌ ဝယ်ရောင်းအိတ်ဆွဲသမားများ၊ ဒေသတွင်း ဝယ်လက်သမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့တင်ပို့မှု အပါအဝင် တစ်ရက်ကို ပိဿာ ၃၀ ဝင်အိတ် ၃၀၀ မှ ၃၅၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

စျေးနှုန်းအားဖြင့် လက်ကားပွဲရုံများ၌ ကြက်သွန်နီ တစ်ပိဿာကို (ကြီး) ကျပ် ၉၀၀ မှ ၁၀၀၀၊ (လတ်) ကျပ် ၈၀၀ မှ ၉၀၀၊ (သေး) ကျပ် ၆၅၀ မှ ၇၀၀တို့ဖြစ်ပြီး လက်လီစျေးများတွင် (ကြီး) ကျပ် ၁၃၀၀ မှ ၁၄၀၀၊ (လတ်) ကျပ် ၁၁၀၀ မှ ၁၂၀၀၊ (သေး) ကျပ် ၈၀၀၊ ၉၀၀ မှ ၁၀၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိပါတယ်။ စျေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ပျမ်းမျှတစ်ပိဿာ ကျပ် ၂၅၀ ခန့်ကျဆင်းသွားကြောင်းသိရှိရပြီး အခြေခံစားသောက်ကုန်ဖြစ်တဲ့ ကြက်သွန်နီစျေးနှုန်းများ တစ်ပတ်ထက်တစ်ပတ် စျေးချိုလာတာကို စားသုံးသူများကအကြိုက်တွေ့နေကြောင်း စားသုံးသူအသိုင်းအဝိုင်းမှ သိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

### ဆားလင်းကြီးမြို့နယ်တွင် ဆောင်းကြက်သွန်နီစိုက်ခင်းများ အောင်မြင်စွာဖြစ်ထွန်း

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်တွင် ဆောင်းကြက်သွန်နီများ အများအပြားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဆားလင်းကြီးမြို့နယ်တွင် ဆောင်းကြက်သွန်နီစိုက်ဧကသုံးသိန်းကျော်ရှိပါသည်။

ပျိုးထောင်ဆဲကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ခင်းများပျက်စီးဆုံးရှုံးခဲ့ရသော်လည်း မတ်လကုန်နှင့် ဧပြီလဆန်းပိုင်းတွင် ထွက်ရှိမည့် ဆောင်းကြက်သွန်နီစိုက်ခင်းများမှာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရှိရပါသည်။ ယခင်နှစ်က ဆောင်းရာသီစိုက်ကြက်သွန်နီစျေးမှာ တစ်ပိဿာလျှင် ကျပ် ၃၅၀ခန့်ရှိပြီး ယခုနှစ်ဆောင်းကြက်သွန်နီထွက်ပေါ်ချိန်တွင် တစ်ပိဿာလျှင်ကျပ် ၆၀၀မှ ကျပ် ၇၀၀ခန့်ရရှိရန် မျှော်မှန်းထားကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦးထံမှ သိရှိရပါသည်။ လက်ရှိမုံရွာစျေးကွက်တွင် ကြက်သွန်နီလက်ကားထိပ်စတစ်ပိဿာလျှင် ကျပ်၆၀၀ရှိပြီး လက်လီထိပ်စတစ်ပိဿာလျှင် ကျပ်၈၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရပါတယ်။ **လင်းလင်းသန့်**

### မုံရွာကြက်သွန်နီစျေးကွက်အဝင်များပြီး အရောင်းအဝယ်သွက်

မုံရွာပွဲရုံ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီစျေးကွက်မှာ ကြက်သွန်နီများစျေးကွက်အတွင်းသို့ အများအပြားဝင်ရောက်လာပြီး အရောင်းအဝယ်လည်းသွက်လျက်ရှိကြောင်းသိရပါတယ်။ စားသုံးသူများမှာလည်း သင့်တင့်တဲ့စျေးနှုန်းဖြစ်လို့ စိတ်ကြိုက်ပိုမိုဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရပါတယ်။ ပွဲရုံသို့ နေ့စဉ်ကြက်သွန်နီ ပိဿာ ၃၀၀၀၀ ခန့်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ဒေသတွင်းဝယ်လက်များနှင့် အိတ်ဆွဲသမားများအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိပါတယ်။ ဒါကြောင့် တစ်ရက်လျှင် ပိဿာ၃၀ ဝင်အိတ် ၉၅၀ခန့် အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီစျေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာလျှင်(ကြီး) ကျပ် ၇၀၀၊ (လတ်)ကျပ် ၆၀၀၊ (သေး) ကျပ် ၅၀၀ နှုန်းရှိပြီး လက်လီစျေးနှုန်းမှာ တစ်ပိဿာလျှင် (ကြီး)ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀ နှုန်းဖြစ်ပြီးယခင်တစ်ပတ်ပွဲရုံစျေးနှုန်းမှာတစ်ပိဿာ(ကြီး) ကျပ် ၇၀၀၊ (လတ်) ကျပ် ၆၀၀၊ (သေး)ကျပ် ၅၀၀လက်လီစျေးနှုန်းမှာ တစ်ပိဿာ(ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊(သေး) ကျပ်၈၀၀အသီးသီး ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စျေးငြိမ်လျက်ရှိကြောင်း သိရှိရပါတယ်။

ကြက်သွန်ဖြူစျေးကွက်တွင် မုံရွာပွဲရုံသို့ ကြက်သွန်ဖြူသစ်များပိဿာ ၃၅၀၀ ကျော်ဝင်ရောက်လာကြောင်း သိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ (ဟောင်း) တစ်ပိဿာစျေးနှုန်းမှာ ပွဲရုံစျေး(ဗမာ) ကျပ် ၅၀၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီကတော့တစ်ပိဿာ (ဗမာ) ကျပ် ၅၅၀၀၊ (ရှမ်း) ကျပ် ၅၀၀၀ ဖြစ်ပြီး အသစ်လက်ကားစျေးနှုန်းမှာ (ဗမာ)ကျပ် ၃၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ လက်လီစျေးနှုန်းမှာ(ဗမာ) ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀ နှုန်းပေါက်လျက် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## ချင်း

### နယ်ဝယ်လက် ဝယ်လိုအားကောင်းသော်လည်း ပြည်ချင်းစျေးနှုန်းပုံမှန်သာရှိ

ပြည်ချင်းစျေးကွက်သို့ ယခုတစ်ပတ်အတွင်း တောင်ကြီး၊ အောင်ပန်းဘက်မှ ချင်းများပိဿာ ၃၀ ဝင်အိတ် ၁၀၀ခန့် ဝင်ရောက်ခဲ့ပါတယ်။ နယ်ဝယ်လက်က ဝယ်ယူမှုအားကောင်းနေသော်လည်း စျေးနှုန်းမှာ ပုံမှန်အတိုင်းသာရှိနေပါတယ်။ အရောင်းအဝယ်မှာ တစ်နေ့လျှင်ပိဿာချိန် ၄၀၀ခန့် ပုံမှန်ရောင်းဝယ်နေပြီး ချင်းတစ်ပိဿာလျှင် (ရှယ်) ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀၊ (ဂွန်) ကျပ် ၅၀၀ မှ ကျပ် ၇၀၀နဲ့စျေးငြိမ်နေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ ပြည်စျေးကွက်မှတစ်ဆင့် စားသုံးရန်ယခုတစ်ပတ်အတွင်း ပိဿာချိန် ၃၀၀ ခန့် တင်ပို့ကြောင်းသိရပါတယ်။ **ဝင်းဝင်းခိုင်**


### မူဆယ်မှ ချင်းခြောက်တင်ပို့ပြီး စစ်တွေမှ ချင်းစို တင်ပို့

ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၃ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ၂၅၉၉၁ တန်ဖိုးရှိ ချင်းခြောက် ၂၃တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၈၀၀ တန်ဖိုးရှိ ချင်းစို ၅တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ချင်းအပို့ မရှိခဲ့ဘဲ စစ်တွေမှသာ ချင်းစို ၅ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။ဖေဖော်ဝါရီလအတွင်း မူဆယ်မှ ချင်းခြောက် တန်၅၀နီးပါး တရုတ်နိုင်ငံသို့ တင်ပို့မှုရှိပြီး စစ်တွေမှ ချင်းစို တန် ၂၀ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုရှိခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

### ဟိုပုံးချင်း ဒေသတွင်း လက်လီရောင်းချမှုသာရှိနေ

ဒီနှစ်ကချင်းစိုတွေစျေးမရတဲ့နှစ်ဖြစ်ပါတယ်။ ပုံမှန်စိုက်ဧကရှိပြီး ပုံမှန်အထွက်ရှိနေပေမယ့် အရင်နှစ်တွေထက်စာရင် အစိုအတိုင်းရောင်းချမှု နည်းပါတယ်။ ဒီတစ်ပတ် အောင်ပန်းစျေးကွက်မှာချင်းစိုက အဝင်နည်းလာပါတယ်။ တစ်ရက်ကို ပိဿာချိန် ရာဂဏန်းခန့်သာအဝင်ရှိတော့တယ်လို့ သိရပါတယ်။ ချင်း(စို)ကို နှစ်စဉ်ပုံမှန်ဝယ်ယူနေကျ ဖောက်သည်အချို့နဲ့ လက်လီသမားတွေသာ အဝယ်ရှိနေတာကြောင့် ခြံရှင်တွေကလည်းပြုတ်ခြောက်အဖြစ်သာ ပြုလုပ်ကြတော့တယ်လို့ သိရပါတယ်။ တပ်ကုန်းဝယ်လက်တွေကတော့ အဝယ်ရပ်သွားပါတယ်။ ထိုးချင်းတွေ ပြုလုပ်ဖို့အတွက် ရန်ကုန်၊ ပြည်၊ မုံရွာက ဖောက်သည်တွေသာ အဝယ်ရှိတော့တယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းစျေးကွက်မှာ ချင်းတစ်ပိဿာပေါက်စျေးက ကျပ်၂၀၀၊ ၃၀၀ရှိပြီး ချင်းခြောက်ကတော့ တစ်ပိဿာ ကျပ် ၁၀၀၀ မှ ကျပ် ၁၂၀၀ စျေးရှိပါတယ်။ ဟိုပုံးစျေးကွက်မှာ ချင်းအရောင်းအဝယ်မရှိသလောက်ဖြစ်နေပြီး ဒေသတွင်းစားသုံးဖို့အတွက် လက်လီရောင်းချမှုသာရှိနေပါတယ်။ ဟိုပုံးချင်းကတော့အထွက်လည်းနည်းပြီး အရောင်းအဝယ်လည်း အေးနေလို့ တောင်သူတွေက ပြုတ်ခြောက်အဖြစ်သာပြုလုပ်ကြတယ်လို့သိရပါတယ်။ ဟိုပုံးချင်းက ချင်း(စို) ဆိုရင်လက်လီ တစ်ပိဿာ ကျပ် ၅၀၀ မှ ကျပ် ၈၀၀ ရှိပြီး ချင်းခြောက်ကတစ်ပိဿာ ကျပ် ၉၅၀မှ ကျပ် ၁၀၀၀စျေးရှိတယ်လို့သိရှိရပါတယ်။ **ဇေခိုင်၊ တောင်ကြီး**



### မြဝတီကုန်သွယ်ရေးဇုန်တစ်ခုတည်းမှသာ ကြက်သွန်နီတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၀၃၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၃၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှကြက်သွန် တင်ပို့မှုမရှိဘဲ တာချီလိတ်ကုန်သွယ်ရေးစခန်းမှကြက်သွန်နီ တန် ၅၀ တင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံသို့ မြဝတီမှကြက်သွန်နီတန်တစ်ရာကျော်နဲ့ တာချီလိတ်မှ တန် ၁၇၀ စုစုပေါင်းတန်၂၇၀ကျော်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ်လ ၃ ရက်နေ့ ကြက်သွန်နီ(ဆိပ်ဖြူ) တစ်ပိဿာကို ကျပ် ၇၀၀မှ ၈၅၀ရှိပြီး(မြစ်သား) တစ်ပိဿာကျပ် ၁၀၀၀ မှ ၁၁၀၀ ရှိတယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## နနွင်း

### ဖေဖော်ဝါရီလအတွင်း မူဆယ်မှ တရုတ်နိုင်ငံသို့ နနွင်းတက် တန် ၇၀၀ ကျော် တင်ပို့

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃၃၉၆၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၁၉၇ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပေမယ့် မြဝတီမှ နနွင်းတင်ပို့မှုမရှိကြောင်းသိရပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ၂၀၅ တန်ကျော် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သလို မြဝတီမှလည်း ထိုင်းနိုင်ငံသို့ ၂၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် နယ်စပ်မှ ပြည်ပသို့ နနွင်း ၂၂၉ တန် တင်ပို့ခဲ့ပါတယ်။ ဒါကြောင့် ယခုတစ်ပတ်တင်ပို့မှုက ယခင်တစ်ပတ်တင်ပို့မှုထက် ၃၂တန် လျော့နည်းခဲ့ပါတယ်။

ဖေဖော်ဝါရီ တစ်လလုံးအနေနဲ့ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့နနွင်းတက် (ရှမ်းစ) တန် ၇၀၀ ကျော် တင်ပို့နိုင်ခဲ့သလို မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့နနွင်းတက် (ကျောက်ဆည်)၄၈တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

### အောင်ပန်းနနွင်း အရောင်းအဝယ်အေး

အောင်ပန်းစျေးကွက်မှာတော့ ရှမ်းနနွင်းက အဝင်သိပ်များများစားစား မရှိသေးပါဘူး။ စျေးကွက်ကို အသစ်တွေ ရောက်လာတဲ့အတွက် ပုံမှန်အရောင်းအဝယ် ဖြစ်နေတယ်လို့လည်း သိရပါတယ်။ ပွဲရုံတွေမှာတော့တစ်ရက်ကို ပိဿာချိန် ၁၅၀/၂၀၀ ခန့်သာ အဝင်ရှိနေတယ်လို့ဆိုပါတယ်။

အဟောင်းတွေကတော့ ကုန်သလောက်ဖြစ်နေပြီး လက်ကျန်ကလည်း ပိဿာချိန် ၂၀၀/ ၃၀၀ ခန့်သာကျန်ရှိတော့တယ်လို့ သိရပါတယ်။ ဒီနှစ်မှာ ရှမ်းနနွင်းကို ပြည်ပတင်ပို့ဖို့အတွက် ကုမ္ပဏီအချို့ကအစိုအတိုင်းဝယ်ယူနေပြီး အရည်အသွေးအပေါ် မူတည်ပြီး စျေးနှုန်းကလည်း အမျိုးမျိုးရှိတယ်လို့ သိရပါတယ်။လောလောဆယ်စျေးကွက်မှာတော့ပုံမှန်အဝင်ရှိနေပြီးပြည်ပ ဝယ်လက်ကတော့ မရှိသေးပါဘူး။ လှောင်လက်သမားတွေကလည်း ဝယ်ပြီးမလှောင်သေးလို့ အရောင်းအဝယ်ကတော့ ခပ်အေးအေးသာ ရှိတယ်လို့သိရပါတယ်။

အောင်ပန်းစျေးကွက်မှာ ဒီတစ်ပတ် ရှမ်းနနွင်းစျေးက ရိုးရိုး (စ) ဆိုရင် ကျပ် ၁၂၀၀ မှ ကျပ် ၁၃၀၀၊ တောင်ပို့လ(၂)က ကျပ် ၁၄၀၀ ၊ တောင်ပို့လ(၁)က ကျပ် ၂၀၀၀ နဲ့ ဆင်တောင်နနွင်းက ကျပ် ၂၅၀၀ စျေးရှိပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

# အပင်၊ တိရစ္ဆာန်၊ လူနှင့်အစားအစာများ ပိုးမွှားကင်းစင်သန့်ရှင်းခြင်းနှင့် စပ်လျဉ်းသည့် ကုန်သွယ်ရေးသဘောတူညီချက် သက်ဝင်ခြင်း၊ အပင်၊ တိရစ္ဆာန်၊ လူနှင့်အစားအစာများ ပိုးမွှားကင်းစင်သန့်ရှင်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့် အမေရိကန် လယ်ယာထွက်ကုန်များ တင်ပို့ခြင်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အပင်၊ တိရစ္ဆာန်၊ လူနှင့် အစားအစာများ ပိုးမွှားကင်းစင် သန့်ရှင်းခြင်းနဲ့ စပ်လျဉ်းတဲ့ ကုန်သွယ်ရေး သဘောတူညီချက်သက်ဝင်ခြင်း၊ အပင်၊ တိရစ္ဆာန်၊ လူနှင့် အစားအစာများ ပိုးမွှားကင်းစင် သန့်ရှင်းခြင်းဆိုင်ရာ စီမံ ဆောင်ရွက်မှုများနှင့် အမေရိကန် လယ်ယာထွက်ကုန်များ တင်ပို့ခြင်းနဲ့ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၄ ရက်က ဗာဂျီးနီးယားပြည်နယ်၊ အာလင်တန်မြို့မှာ ကျင်းပခဲ့ပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှာ အမေရိကန် ပြည်ပလယ်ယာလုပ်ငန်းဌာန၊ Northwest Horticultural Council၊ ဗာဂျီးနီးယားနည်းပညာတက္ကသိုလ်တို့မှ ပညာရှင်များက တက်ရောက်၍ ဆွေးနွေးပေးခဲ့ကြပါတယ်။

ကမ္ဘာ့စီးပွားရေးမှာ လယ်ယာထွက်ကုန်စည်များ ကုန်သွယ်ရေးသည် အရေးပါကြောင်း၊ အမေရိကန် လယ်ယာထွက်ကုန်စည်များ ဈေးကွက်ဆက်လက်ရရှိရေးမှာလည်း အရေးကြီးကြောင်း၊ ကမ္ဘာ့ကုန်သွယ်မှုသည် ကျယ်ပြန့်လာပြီး သမားရိုးကျ ကုန်သွယ်မှုအတားအဆီးများနဲ့ အကောက်ခွန်နှုန်းထားများ လျော့နည်းလာပေမယ့် အပင်၊ တိရစ္ဆာန်၊ လူနှင့်အစားအစာများ ပိုးမွှားကင်းစင်သန့်ရှင်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုများ (Sanitary and Phytosanitary (SPS) Measures)ကို ပိုမို အာရုံစိုက်လာကြကြောင်း၊ အဲဒီစီမံဆောင်ရွက်မှုဟာ ကုန်သွယ်ဖက် နိုင်ငံများအချင်းချင်း အငြင်းပွားမှုများ၊ အယူအဆကွဲလွဲမှုများဖြစ်စေတဲ့ အကောက်ခွန်မဟုတ်တဲ့ စီမံဆောင်ရွက်မှုဖြစ်နေတယ်ဆိုတာ ကို ပထမဆုံးအချက်အဖြစ် ဆွေးနွေးခဲ့ကြပါတယ်။

ဆက်လက်၍ အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကို နိုင်ငံတို့ သဘောတူညီထားတဲ့ စည်းဝါးညီ အကောက်ခွန်ရွေ့လျားသွားလာခြင်း (Harmonized Tariff Movement)ရှိကြောင်း၊ သာတူညီမျှ ခံစားခွင့်ရှိတဲ့ လယ်ယာထွက်ကုန်စည် ကုန်သွယ်မှုအတွက် အမေရိကန် ပြည်ပလယ်ယာလုပ်ငန်းဌာန၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးတို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးမှာ Meta Standards သတ်မှတ်နိုင်ရန်အတွက် ကုန်သွယ်မှုမူဝါဒ အထောက်အပံ့ရယူပြီး သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သိပ္ပံပညာရပ်ဆိုင်ရာ သုတေသန အခြေပြုစံသတ်မှတ်မှုများကိုလည်း တိုးတက်အသုံးပြုကြရန်လိုကြောင်း၊ အမေရိကန်နိုင်ငံမှ ပို့ကုန်များအတွက် ကျန်းမာရေးဆိုင်ရာ ထောက်ခံချက် (Phytosanitary Certification Program) ရှိကြောင်းတို့ကို ဆွေးနွေးဖလှယ်ခဲ့ပါတယ်။

ပုဂ္ဂလိကကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ရာမှာ အမေရိကန်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် တိရစ္ဆာန်နှင့် အပင်ကျန်းမာရေး စစ်ဆေးခြင်းဝန်ဆောင်မှု (Animal and Plant Health Inspection Service)ဌာန၏ အပင်ကာကွယ်ရေးနှင့် ကျန်းမာရေးအစီအစဉ် (Plant Protection and Quarantine-PPQ Program)နှင့် အစဉ်အမြဲ ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ရန်၊ လိုအပ်သည်များအား ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် ပုဂ္ဂလိက လုပ်ငန်းများအနေဖြင့် မည်သည့်နိုင်ငံသို့ မည်သည့် ကုန်စည်များ တင်ပို့လိုသည်ကို အသိပေးရန်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပုဂ္ဂလိကကုမ္ပဏီများက ကိုယ်စားပြုဆွေးနွေးရာမှာ အစိုးရအနေဖြင့် ကုန်သွယ်မှုမူဝါဒများရေးဆွဲပေးနိုင်သော်လည်း လုပ်ငန်းများရှုထောင့်မှကြည့်ပါက ယုံကြည်မှု အချက်အလက် (Trust Factor)၊ တစ်ဦးတစ်ယောက်ချင်းနှင့် ယုံကြည်မှုသိပ္ပံ (Trust Science) တို့မှာအရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် သုညသွင်းအားစု (Zero Input)နှင့် ရာနှုန်းပြည့်အခွန် (100 % tax) ပေးပါဆိုသည်မှာ မဖြစ်သင့်ကြောင်းတို့ကို ပြန်လည်ဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူများက နိုင်ငံတကာဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်ရန် SPS စနစ်ကို လုပ်ငန်းများအနေဖြင့် အသိအမှတ်ပြုလေးစား လိုက်နာရမည်ဖြစ်ကြောင်း၊ ဈေးကွက်သို့ ဝင်ရောက်မှုအတွက်တရားဝင်တောင်းခံမှု(Legitimate Request for Entry) ကို ပံ့ပိုးပေးနိုင်သောကြောင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ အမေရိကန် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် အမေရိကန် အစားအစာနှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစားအစာလုံခြုံစိတ်ချရေးခေတ်မီ ဆောင်ရွက်ရေး အက်ဥပဒေ (Food Safety Modernization Act-FSMA) ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် သမ္မတဘားရတ် အိုဘားမားက လက်မှတ်ရေးထိုးအတည်ပြုခဲ့ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပါတယ်။

ဒ့ါပြင် ဦးဆောင်ဆွေးနွေးသူများက ကုန်သွယ်မှုဟူသည် အပြန်အလှန်ကုန်သွယ်မှုကိုအမြဲထည့်သွင်း စဉ်းစားတဲ့အတွက် အမေရိကန်ပို့ကုန်များအပေါ် သတ်မှတ်သောစံနှုန်းများသည် အမေရိကန်သို့ တင်သွင်းလာသည့် ကုန်စည်များအပေါ်တွင်လည်း သက်ရောက်စေမည်ဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံတွင်းသို့ တင်သွင်းလာသည့် ကုန်စည်များအပေါ် ဆိုက်ရောက်ဆိပ်ကမ်း၌ အရည်အသွေးနှင့် စံချိန်စံညွှန်းသတ်မှတ်ချက်များအား ကိုက်ညီမှုရှိမရှိစစ်ဆေးရာတွင် စစ်ဆေးမှုအဆင့် (Level of Inspection) သည် ကုန်စည်အမျိုးအစားအပေါ် မူတည်၍ ကွဲပြားသကဲ့သို့ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံတွင်လည်း ကွဲပြားခြားနားမှုများ ရှိနေပါကြောင်း၊ နမူနာအခြေခံထားသော စွန့်စားမှု (Risk Based Sampling Basic) ကိုလည်း ကျင့်သုံးလျက်ရှိပါကြောင်း အသေးစိတ် ဆွေးနွေးပေးခဲ့ကြပါတယ်။

ဒါကြောင့် အမေရိကန်နိုင်ငံမှာ သက်ဆိုင်ရာ အစိုးရဌာနများရဲ့ ဦးဆောင်မှု၊ ပံ့ပိုးမှု၊ လုပ်ငန်းအလိုက် ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့များရဲ့ ပူးပေါင်းပါဝင်မှု၊ တက္ကသိုလ်များရဲ့ သုတေသနလုပ်ငန်းများနဲ့ ပေါင်းစပ်ပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ပုံဖော်လျက်ရှိကြောင်း၊ ပြည်ပ ကုန်သွယ်မှုမှာ အမေရိကန်လုပ်ငန်းများအနေဖြင့် ရင်ဆိုင် နေရတဲ့အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းနိုင်ရန် တက္ကသိုလ်များ၊ ဒေသဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များ ပူးပေါင်း၍ ဆွေးနွေးပွဲများကျင်းပကာ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဲဒီလိုဆောင်ရွက်ရာမှာ ပြည်ပနိုင်ငံများသို့ သွားရောက် တာဝန်ထမ်းဆောင်ခဲ့တဲ့ သံအမတ်ကြီးများ၊ ဒေသတွင်းရှိ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အမေရိကန်အစိုးရဌာနများ၊ မိတ်ဘက်တက္ကသိုလ်များမှ ပညာရှင်များ၊ သံတမန်များအားဖိတ်ကြားခဲ့ကာ အပြန်အလှန်ဆွေးနွေးခြင်း၊ အတွေ့အကြုံဗဟုသုတများဖလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ FSMA အရပြဋ္ဌာန်းထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီစေရေး ဆောင်ရွက်နိုင်ရန် http://www.fda.gov/Food/Guidance Regulation FSMA/ucm334114 . html တွင် အသေးစိတ်ဖော်ပြထားပါကြောင်း သိရှိနိုင်ပါရန် ရေးသားလိုက်ရပါတယ်။

**ဝင်းမင်းဖြိုး (DOT)**

## မော်တော်ကားနှင့် လယ်ယာထွက်ကုန်ဈေးကွက်များ ပိုမိုဖွင့်လှစ်ပေးရန် အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံအား တိုက်တွန်းပြောကြား

ဂျပန်နိုင်ငံအနေဖြင့် ကုန်သွယ်မှု နှစ်ဖက်မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ထိန်းညှိသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန် ဂျပန်နိုင်ငံအစိုးရထံ အမေရိကန်နိုင်ငံက တောင်းဆိုထားစဉ်အတွင်း မော်တော်ကားနှင့်လယ်ယာထွက်ကုန်ဈေးကွက်များကိုပိုမိုဖွင့်လှစ်ပေးရန် အမေရိကန်နိုင်ငံက တိုက်တွန်းထားကြောင်း သိရှိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) သို့ တင်ပြထားသည့်အစီရင်ခံစာတွင် ဂျပန်နိုင်ငံသည် ၎င်းနိုင်ငံအတွင်းသို့ မော်တော်ကားတင်သွင်းမှုအပေါ် အကောက်ခွန်အဟုတ်သော ကုန်သွယ်မှု အတားအဆီးများ ထားရှိမှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်သွင်းမှုအပေါ် သွင်းကုန်ခွန် မြင့်မားစွာ ချမှတ်ထားကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အစိုးရက ပြောကြားထားသည်။ အဆိုပါအစီရင်ခံစာတွင် ဂျပန်နိုင်ငံ၏ မော်တော်ကားဈေးကွက်သို့ ဝင်ရောက်ရန်အတွက် ထောက်ခံချက်များ၊ တစ်မူထူးခြားသည့် စံချိန်စံညွှန်းများ နှင့် စမ်းသပ်စစ်ဆေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်သည့်ကိစ္စရပ်များတွင် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုအတားအဆီးမျိုးစုံနှင့် ကုန်ပစ္စည်းဖြန့်ဝေမှုနှင့် ဝန်ဆောင်မှုဆိုင်ရာကွန်ရက်များ ကောင်းမွန်ရန်အတွက် အဟန့်အတားများကို ထောက်ပြထားကြောင်းသိရှိရသည်။

အမေရိကန်နိုင်ငံရှိ မော်တော်ကားထုတ်လုပ်သူနှင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းရှင်များ အနေဖြင့် အဆိုပါဈေးကွက်များတွင် ဂျပန်နိုင်ငံ၏ ထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် အတားအဆီးများ ကို ဖယ်ရှားပေးရန် WTO သို့ ပေးပို့တင်ပြထားသည့်အစီရင်ခံစာတွင် အမေရိကန်နိုင်ငံက အကြံပြုထားသည်။ ဤအရာသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ထရမ့်သမ္မတအဖြစ် တာဝန်ယူပြီးချိန်မှစ၍ နှစ်နိုင်ငံကုန်သွယ်မှုတွင် တွေ့ကြုံရသည့် အခက်အခဲများအဖြစ် မှတ်ယူထားသည့် ကိစ္စရပ်များနှင့် ကဏ္ဍများကို ထရမ့်အစိုးရက ပထမဆုံး ဖော်ပြမှုဖြစ်သည်။

ယခုနှစ်ဧပြီလတွင် ကျင်းပရန် ရည်ရွယ်ထားသည့် အမေရိကန်-ဂျပန် နှစ်နိုင်ငံအစိုးရအကြားအဆင့်မြင့် စီးပွားရေး ဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲတွင် အဆိုပါကိစ္စရပ်များကို ပြောဆိုမည့်အလားအလာများရှိနိုင်ကြောင်း၊ စီးပွားရေးဆိုင်ရာတွေ့ဆုံ ဆွေးနွေးမှုကို အမေရိကန်နိုင်ငံ ဒုတိယသမ္မတ Mike Pence နှင့် ဂျပန်နိုင်ငံ ဒုတိယ ဝန်ကြီးချုပ် Taro Aso က ဦးဆောင်မည်ဖြစ်ကြောင်း သိရှိရသည်။

လယ်ယာထွက်ကုန်ကဏ္ဍတွင် ယှဉ်ပြိုင်မှုမြင့်တက်ရန် ဂျပန်နိုင်ငံအစိုးရက ကြိုးပမ်းဆောင်ရွက်သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအချို့တွင် သွင်းကုန်ခွန်နှုန်းကို မြင့်မားစွာထားရှိကာ ပြည်တွင်းလယ်ယာထွက်ကုန်ပစ္စည်းများကို အကာအကွယ် ပေးထားလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ ဆန်နှင့်ဂျုံ ဈေးကွက်များကို ယှဉ်ပြိုင်ရန် တရားမျှတမှုမရှိသည့် ဈေးကွက်များအဖြစ် ဝေဖန်ကာ အဓိကလယ်ယာထွက်ကုန်ပစ္စည်းများ တင်သွင်းမှုကို နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများက ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါ WTO သို့ ပေးပို့သည့် အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် ကုန်စည်ကုန်သွယ်မှုပြုရာ၌ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၉ ဘီလီယံ ကုန်သွယ်မှုလိုငွေပြခဲ့ကြောင်း၊ တရုတ်နိုင်ငံပြီးလျှင် ဂျပန်နိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်ရာတွင် ဒုတိယမြောက် အများဆုံး ကုန်သွယ်မှု လိုငွေပြသည့်နိုင်ငံဖြစ်ကြောင်း၊ ယခုကဲ့သို့ ကုန်သွယ်မှု လိုငွေပြမှုများက အမေရိကန်နိုင်ငံအတွက် အလေးထားစရာ ကိစ္စရပ်များဖြစ်ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

## စာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဒီဇယ်တစ်မျိုးတည်းသာဝင်

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ၄ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၂၀၆၄၁၅၅ တန်ဖိုးရှိဒီဇယ် ၄၄၈၂၅ ဒသမ ၉၀၂ တန်နဲ့ ကန်ဒေါ်လာ ၂၀၉၀၆၉၅၄ တန်ဖိုးရှိဓာတ်ဆီ ၃၄၈၆၂ဒသမ၆၆၇တန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ (92)နဲ့ (95)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဓာတ်ဆီတင်သွင်းမှုမရှိခဲ့ဘဲ ယခုတစ်ပတ်မှသာ တင်သွင်းခဲ့တာဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၀၇၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၅၉၇၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၅၅၃၁၉၅ တန်ဖိုးရှိ ဒီဇယ် ၁၀၅၂ ဒသမ ၀၇၂တန်၊ ကန်ဒေါ်လာ ၂၀၅၁၃၂ တန်ဖိုးရှိ ဓာတ်ဆီတန်ချိန် ၃၄၀ တင်သွင်းခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၁၅၁၉ တန်ဖိုးရှိ ဓာတ်ဆီ ၁၇ ဒသမ၅၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်စျေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95)နဲ့(92)စျေးနည်းနည်း ကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ် ၇၁၅ကျပ်၊ အောက်တိန်း (92) ၇၂၅ ကျပ် ၊ အောက်တိန်း (95) ၇၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ မတ် ၆ ရက်မှာ ဒီဇယ်ဝယ်စျေး ကျပ် ၁၄၃၀၀၀၊ ရောင်းစျေး ကျပ် ၁၄၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မတ် ၆ ရက်မှာ ဓာတ်ဆီ ဝယ်စျေး ကျပ် ၁၅၄၀၀၀၊ ရောင်းစျေး ကျပ်၁၅၇၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ စျေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပ လက်လီ တစ်ဂါလံစျေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၁၀၀၊ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးစျေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ စျေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ စျေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၈၈၀ ကျပ်၊ ဒီဇယ် ကျပ် ၇၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၈၀၊ အောက်တိန်း (92) ကျပ် ၈၀၀နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ စျေးများမှာ မတ် ၆ ရက်မှာ ဒီဇယ်ဝယ်စျေး ကျပ် ၁၅၃၀၀၀၊ ရောင်းစျေးကျပ် ၁၅၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီစျေးမှာ မတ် ၆ ရက်တွင် ဝယ်စျေး ကျပ် ၁၅၀၀၀၀၊ ရောင်းစျေးကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့တစ်ဂါလံစျေးမှာ ဒီဇယ် ကျပ်၃၃၀၀၊ ဓာတ်ဆီ ကျပ်၃၂၀၀ နဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီနဲ့ အောက်တိန်းမှာ စျေးငြိမ်ပြီး ဒီဇယ်မှာ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံစျေးများမှာ ဓာတ်ဆီကျပ် ၃၃၀၀၊ ဒီဇယ် ၃၄၄၅ ကျပ်၊ အောက်တိန်း ကျပ် ၃၄၈၈ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း တစ်ဂါလံကျပ် ၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်မှာ စျေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံ စျေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၅၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၅၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### ပြည်တွင်းငွေလဲနှုန်းများ အတက်အကျများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ

ပြီးခဲ့သည့်ရက်သတ္တပတ်က ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အတက်အကျများဖြင့် စျေးကစားလျက်ရှိနေကြောင်း ငွေလဲစင်တာများမှ သိရသည်။ ယခုတစ်ပတ်တွင် ငွေစျေးများ အတက်အကျများနေသဖြင့် စျေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်များဖြစ်နေကြောင်း သိရသည်။

"စျေးကွက်ထဲမှာ နေ့စဉ်လိုလို အတက်အကျတွေများနေတဲ့အတွက် ငွေစျေးကို စောင့်ကြည့်နေရတယ်။ စျေးကွက်က မငြိမ်တဲ့အတွက် ရောင်းရ ဝယ်ရတာ ဘယ်လိုမှ အဆင်မပြေပါဘူး။ ပိုဆိုးတာက မတ် ၈ ရက်တုန်းက ရောင်းစျေး ၁၃၅၈ ကျပ်နဲ့ စျေးဖွင့်ပြီးတော့ စျေးပိတ်ချိန်လည်းရောက်ရော ၁၃၆၅ ကျပ်အထိ မြင့်တက်သွားတယ်။ ဝယ်စျေးလည်း အဲဒီလိုပဲ။ စျေးစဖွင့်တုန်းက ၁၃၅၅ ကျပ်ဖြစ်ပေမယ့် စျေးပိတ်ချိန်ကျတော့ ၁၃၆၂ကျပ်ဖြစ်သွားတယ်။ အခုလိုမျိုးတွေမဖြစ်အောင် ထိန်းမထားနိုင်တဲ့အတွက် အဆင်မပြေမှုတွေ ဖြစ်ကုန်ကြတယ်"ဟု ငွေလဲစင်တာတစ်ခုမှ သိရသည်။

မတ် ၆ ရက် စျေးပိတ်ချိန်က ရောင်းစျေး ၁၃၅၅ ကျပ်၊ ဝယ်စျေး ၁၃၅၂ ကျပ်ရှိခဲ့ပြီး မတ် ၁၀ ရက်တွင် ရောင်းစျေး ၁၃၆၉ ကျပ်၊ ဝယ်စျေး ၁၃၆၆ ကျပ် ရှိခဲ့သည်။

**မယ်သီတာ**

### ပြည်တွင်းရွှေစျေးများ ဆက်လက်ကျဆင်းလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေစျေးများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလာခဲ့ကြောင်း စျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဖေဖော်ဝါရီလဆန်းပိုင်းကတည်းက ကျပ်ကိုးသိန်းကျော်အထိ မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေစျေးသည် ကမ္ဘာ့ရွှေစျေးကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေစျေးများပါ လိုက်ပါကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေစျေးသည် ကျပ်ရှစ်ထောင်အထိ ကျဆင်းလာခဲ့သဖြင့် ရွှေစျေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်လာခဲ့သည်။ ကမ္ဘာ့ရွှေစျေးသည်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက တစ်အောင်စလျှင် ၁၂၅၅ ဒေါ်လာအထိ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင် ၁၂၀၅ ဒေါ်လာသို့ ကျဆင်းခဲ့သည်။

"ကမ္ဘာ့ရွှေစျေး ကျဆင်းလာတဲ့အတွက် ပြည်တွင်းရွှေစျေးပါ လိုက်ပါကျဆင်းလာခဲ့တာပါ။ ဒီတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေစျေးက ၁၁၈၉ ဒေါ်လာအထိ ကျဆင်းသွားပေမယ့် မတ် ၁၁ ရက်ကျတော့ ၁၂၀၅ ဒေါ်လာကို ပြန်တက်လာတယ်။ ကမ္ဘာ့ရွှေစျေး အတက်အကျ ကြမ်းနေတာကို သတိထားဖို့လိုမယ်"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေစျေးများသည် မတ် ၆ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၉၁၀၀၀ ရှိခဲ့ရာမှ မတ် ၈ ရက်တွင် ကျပ် ၈၈၅၀၀၀ သို့ လည်းကောင်း၊ မတ် ၁၁ ရက်တွင် ကျပ် ၈၈၃၀၀၀ သို့လည်းကောင်း ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေစျေးသည် မတ် ၆ ရက်က တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၂၃၅ ရှိခဲ့ပြီး မတ် ၁၀ ရက်တွင် ၁၁၈၉ ဒေါ်လာသို့ကျဆင်းခဲ့သော်လည်း မတ် ၁၁ ရက်တွင် ၁၂၀၅ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### FMI ၏ အစုရှယ်ယာစျေးနှုန်းများ ပြန်လည်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် FMI ရှယ်ယာစျေးနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က FMI ၏ ရှယ်ယာစျေးနှုန်းများသည် ကျပ် ၂၀၅၀၀ သို့ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင် ကျပ် ၁၆၀၀၀ သို့ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့တစ်ပတ်က အဝယ်လိုက်လာလို့ စျေးတက်သွားပေမယ့် ဒီတစ်ပတ်ရောက်တော့ အဝယ်အေးသွားပြီး အရောင်း ပြန်များလာတယ်။ အဲဒါကြောင့် စျေးပြန်ကျလာတာပါ"ဟု စျေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူများက ပြောကြားခဲ့သည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် ရှယ်ယာဝယ်ရောင်း ပြုလုပ်နေသူများသည် စျေးအတက်အကျကိုသာစောင့်မျှော်ပြီး ဝယ်ရောင်းလုပ်နေကြသဖြင့် အစုရှယ်ယာ၏ မူလလုပ်ဆောင်ချက်များနှင့်လွဲချော်နေကြောင်း၊ အစုရှယ်ယာစာရင်းဝင်သည့် ကုမ္ပဏီများမှာလည်း နည်းပါးနေသေးသဖြင့် ယခုကဲ့သို့ ဝယ်ရောင်းအဆင့်သာရှိနေရခြင်းဖြစ်ကြောင်း အစုရှယ်ယာကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့သည်။

FMI ရှယ်ယာစျေးနှုန်းများသည် မတ် ၆ ရက်က ကျပ် ၂၀၀၀၀ရှိခဲ့ သော်လည်း မတ် ၇ ရက်တွင် ကျပ် ၁၆၀၀၀ သို့ ကျဆင်းခဲ့ကာ မတ် ၁၀ ရက်တွင်လည်း အဆိုပါစျေးအတိုင်းပင် ရှိခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

March 10, 2017
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.33 |
| BDT Bangladesh Taka | 80.10 |
| CAD Canada Dollars | 1.35 |
| CNY China Yuan Renminbi | 6.91 |
| EUR Euro | 0.94 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 66.66 |
| I DR Indonesia Rupiahs | 13383.11 |
| JPY Japan Yen | 115.37 |
| MYR Malaysia | 4.46 |
| PKR Pakistan Rupees | 104.82 |
| PHP Philippines Pesos | 50.32 |
| RUB Russia Rubles | 59.25 |
| SGD Singapore Dollars | 1.42 |
| KRW South Korea Won | 1156.04 |
| LKR Sri Lanka Rupe | 151.07 |
| THB Thailand Baht | 35.37 |
| GBP United Kingdom Pounds | 0.83 |
| VND VietnamDon | 22799.82 |

Source:xe.com

### World Gold Price

March, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1229 | 1231 | 1232 |
| 7 | 1223 | 1225 | 1225 |
| 8 | 1215 | 1217 | 1217 |
| 9 | 1208 | 1206 | 1206 |
| 10 | 1200 | 1197 | 1196 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-3- 2017 | 889.00 | 889.00 |
| 7- 3-2017 | 887.50 | 887.30 |
| 8-3- 2017 | 888.00 | 888.20 |
| 9-3 -2017 | 885.50 | 884.50 |
| 10-3- 2017 | 880.00 | 879.70 |

### နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 6 .90 | 35.03 | 80.04 | 66.75 |
| 7 | 6. 90 | 35.07 | 80.07 | 66.63 |
| 8 | 6 .90 | 35.17 | 80.12 | 66.65 |
| 9 | 6 .92 | 35.35 | 80.25 | 66.77 |
| 10 | 6.91 | 35.37 | 80.10 | 66.66 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6-March | 17.79 | 2791.94 | 1909.60 | 5998.27 | 988.00 |
| 7-March | 17.71 | 2775.58 | 1903.10 | 5959.52 | 973.00 |
| 8-March | 17.25 | 2685.31 | 1888.99 | 5773.82 | 958.00 |
| 9- March | 17.15 | 2683.74 | 1888.54 | 5772.26 | 943.00 |
| 10- March | 16.86 | 2738.18 | 1909.38 | 5785.47 | 932.00 |

Source:kitco.com

### Energy NYMEX

10-3-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.59 | 0.31 | 0.63 |
| Brent Crude Futr (USD/bbl) | 52.46 | 0.27 | 0.52 |
| Gasoline Rbob Fut (Cent/gal) | 162.88 | 0.45 | 0.28 |
| Natural Gas Futr (USD/MMBtu) | 3.00 | 0.03 | 0.91 |
| Heating Oil Futr (Cent/gal) | 153.54 | 0.59 | 0.39 |

## ဘိလပ်မြေ

### ဒီတစ်ပတ်မှာဘိလပ်မြေတန်ချိန် ၁၄၀ ကျော်တင်သွင်း

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၇၀၃၀ တန်ဖိုးရှိ ဘိလပ်မြေ၁၄၂ဒသမ ၆၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ စိန်တံဆိပ်ဘိလပ်မြေ ၁၂၅ တန်နဲ့ တရုတ်နိုင်ငံမှ ၁၇ ဒသမ ၆၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၂၄၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၄၂၀၀ တန်ကျော် အဝင်လျော့ခဲ့ပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလ ဘိလပ်မြေစုစုပေါင်း တင်သွင်းတန်ချိန်မှာ ၆၁၅၉၀ ကျော်ရှိခဲ့ပြီး ဖေဖော်ဝါရီလ ဘိလပ်မြေ စုစုပေါင်း တင်သွင်းတန်ချိန်မှာ ၃၂၄၂၀ ကျော်ရှိခဲ့တာကြောင့် ဖေဖော်ဝါရီလမှာတန်ချိန် ၂၉၁၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ၄ရက်အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၄၀ ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၂၄၃၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၄၂၀၀ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၁၉၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၅၈၈၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန်၆၀၂၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီးနယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာဆင်ကဈေးနည်းနည်းကျပြီး ကြံ့နှစ်ကောင်(နီ)(စိမ်း)က ဈေး နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၄၀၀၊ စိန်(ထိုင်း)ကျပ် ၅၄၀၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၅၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်သွက်ပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံးကျပ် ၄၅၀၀၊ မြန်မာဆင်ကျပ် ၄၁၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀၊ စိန်(ထိုင်း)ကျပ် ၆၈၀၀၊ ဆင်မင်းကျပ် ၄၂၀၀၊ ကျားခေါင်းကျပ် ၄၀၀၀၊ မြင်းခေါင်းကျပ် ၄၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာဆင်(ထိုင်း)၊ အပါချီ နဲ့ ကြံ့ဘိလပ်မြေများက ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ကျပ် ၅၂၀၀၊ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ ကြံ့ ကျပ် ၄၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဩဇာအဝင်ပို

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ရက်အထိ သီတင်းပတ်အတွင်း ကန် ဒေါ်လာ ၁၀၉၃၇၀၅ တန်ဖိုးရှိ မြေဩဇာ ၂၈၇၉ ဒသမ ၅၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၁၅၆၄ ဒသမ ၂၅ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ဆော်ဒီအာရေးဗီးယားနိုင်ငံမှ ၃၁၅ တန်နဲ့ မလေးရှားနိုင်ငံမှ သုည ဒသမ ၃၁ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းပြီး ဒုတိယအများဆုံး တင်သွင်းခဲ့တဲ့ နိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်း ၁၅ပတ်လည်၊ ဓာတ်ဆား၊ အာမို၊ နိုက်တြိုဂျင်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၁၃၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၅၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေး

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိသီတင်းပတ်အတွင်းပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာတန်ချိန်၂၈၇၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၁၃၅၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၁၀ တန် ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ တန်ချိန် ၁၂၁၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၆၂၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၀၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင် လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်က မရှိသလောက်အေးပြီး ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန် ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပိုတက်နဲ့တီစူပါက ဈေးနည်းနည်းတက်ပြီး ယူရီးယားကဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၂၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားနဲ့ ပိုးသတ်ဆေးက ဈေးနည်းနည်းကျပြီး တီစူပါ၂၀%က ဈေးနည်းနည်းမြင့်ကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၁၉၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၁၉၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၉၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၇၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)၊ ဆင် ၁၀း၁၀း၅၊ အာမို ၁၀း၁၀း၅၊ ယူရီးယား၊ အောင်ကမ္ဘာ၊ တီစူပါနဲ့ တောင်သူမတို့ ဈေးကျလာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) အပြာကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၆၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၃၀၁၅၉ တန်ဖိုးရှိ နို့ဆီ ၆၃၆ ဒသမ ၁၉၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၆ တန်နဲ့ မလေးရှားနိုင်ငံမှ ၁၉၈ ဒသမ ၄၃၁ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်မှာ အိုကေနဲ့ အခြားတံဆိပ်တို့ဖြစ်တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်တင်သွင်းတန်ချိန် ၁၆၅ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၂၅ ဒသမ ၅၅ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၁၃ဒသမ၇၁တန်၊ စင်ကာပူနိုင်ငံမှ ၁၃ ဒသမ ၅၁၇ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၈ဒသမ၂၁၆ တန်၊ စုစုပေါင်း ၁၆၁ ဒသမ ၀၁၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀ နီးပါး တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၂ မှ ၃/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၂ မှ ၂၄/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၅၀.၀၀ | ၃၈၇.၅၀ | (+) | ၁၆၂.၅၀ |
| ၂။ | လွယ်ဂျယ် | ၇၄၀.၅၀ | ၇၂၀.၀၀ | (+) | ၂၀.၅၀ |
| ၃။ | ချင်းရွှေဟော် | ၃၆၃.၀၀ | ၄၁၅.၂၅ | (-) | ၅၂.၅၀ |
| ၄။ | ကန်ပိုက်တီး | ၅၃၃၃.၀၀ | ၄၂၇၈.၀၀ | (+) | ၁၀၅၅.၀၀ |
| ၅။ | တာချီလိတ် | ၆၃၀၀.၀၀ | ၂၅၀၀.၀၀ | (+) | ၃၈၀၀.၀၀ |
| ၆။ | မြဝတီ | ၁၁၄၆.၂၀ | ၁၇၀၃.၈၀ | (-) | ၅၅၇.၆၀ |
| ၇။ | ကော့သောင်း | ၁၃၈၈၀.၀၀ | ၁၂၄၃၄.၄၀ | (+) | ၁၄၄၅.၆၀ |
| ၈။ | မြိတ် | ၃၆၀၀.၀၀ | ၃၄၄၅.၀၀ | (+) | ၁၅၅.၀၀ |
| | စုစုပေါင်း | ၃၁၉၁၂.၇၀ | ၂၅၈၈၃.၉၅ | (+) | ၆၀၂၈.၇၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၂ မှ ၃/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၂ မှ ၂၄/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၉၂၅.၇၅၀ | ၁၃၄၅၄.၅၀၀ | (-) | ၄၅၂၈.၇၅ |
| ၂။ | လွယ်ဂျယ် | ၁၄၃.၀၀၀ | ၄၅.၀၀၀ | (+) | ၉၈.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၄၉.၅၀၀ | ၄၉၀.၇၅၀ | (-) | ၁၄၁.၂၅ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၆၃၉.၁၀၀ | ၃၁၈.၅၀၀ | (+) | ၃၂၀.၆၀ |
| ၆။ | ကော့သောင်း | ၁၀၃.၈၀၀ | ၅၀.၀၀၀ | (+) | ၅၃.၈၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၀၀၀.၀၀၀ | ၁၈၅၀.၀၀၀ | (+) | ၁၅၀.၀၀ |
| | စုစုပေါင်း | ၁၂၁၆၁.၁၅၀ | ၁၆၂၀၈.၇၅၀ | (-) | ၄၀၄၇.၆၀ |

ခင်မိုးသူ

## နှမ်း

### နွေနှမ်းစိုက်ပျိုးချိန်ပြည်စျေးကွက်တွင် နှမ်းနီနှင့်နှမ်းနက် စျေးမြင့်ပြီး စမုံနက်နှမ်းစျေးကျ

ယခုတစ်ပတ် ပြည်စျေးကွက်၌ နှမ်းနီနဲ့နှမ်းနက်စျေးပြန်မြင့်လာပြီး စမုံနက်နှမ်းစျေးကျလာတာကို တွေ့ရပါတယ်။ နွေနှမ်းများ စိုက်ပျိုးနေချိန်ဖြစ်ရာ နှမ်းဝင်ရောက်မှုမရှိတာကြောင့် နှမ်းဝယ်လက်ပျောက်သွားတာ တွေ့ရပါတယ်။ ပွဲရုံလက်ကျန်နှမ်းများဖြင့်သာ မြို့တွင်းဆီစက်များကဆီကြိတ်ရန်အဝယ်ရှိတဲ့အတွက် တစ်နေ့လျှင်အိတ်၁၀၀ မှ ၂၀၀ လောက်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် နှမ်းစျေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၈၃၀၀၊ နှမ်းနက် ရိုးရိုးတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် နှမ်းနီတစ်တင်းလျှင် ကျပ် ၅၃၀၀၊ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ကျပ် ၆၀၀၀ အထိစျေးမြင့် လာတာတွေ့ရပါတယ်။ စမုံနက်နှမ်းစျေးမှာ တစ်တင်းလျှင် ကျပ် ၄၁၆၀၀ရှိပြီး ယခင်တစ်ပတ်ထက်စာလျှင် တစ်တင်းလျှင် ကျပ် ၁၄၀၀ ခန့်စျေးကျသွားတာတွေ့ရပါတယ်။ စျေးကျပေမယ့်လည်း ဝယ်လက်ပျောက်နေတဲ့အတွက် အရောင်းအဝယ်အေးနေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

### တရုတ်နယ်စပ်ရော၊ ထိုင်းနယ်စပ်မှပါ နှမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၂၅ရက်မှ မတ်၃ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၃ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ၉၃၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၁၆၅ တန်ကျော်၊ နှမ်းညို ၂၉တန်ခွဲနဲ့ နှမ်းဖြူ (အခွံချွတ်)၅၄တန်ဖြစ်ပြီး ချင်းရွှေဟော်မှ နှမ်းနက် ၄၅၇ တန်ကျော် နှမ်းညို တန် ၇၀ ကျော်နဲ့နှမ်းဖြူ ၁၅၈တန်နီးပါးဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ချင်းရွှေဟော်စခန်းနှစ်ခုပေါင်းမှ နှမ်းရောင်စုံ တန်ချိန် ၆၁၂ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နယ်စပ်မှ နှမ်းတန် ၃၀၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင် ၁၃၃၀၇၅၄ ကျပ်နဲ့ နှမ်းနက် တစ်တန်လျှင် ၂၂၉၇၈၇၂ ကျပ်ရှိကြောင်း၊ သယ်ယူစရိတ်မှာ နှမ်းတစ်ပိဿာကို ၇၅ ကျပ် ၇၇ ကျပ်ရှိကြောင်း၊ ဖေဖော်ဝါရီတစ်လလုံး မူဆယ်မှ နှမ်းတန်ချိန် ၅၀၀ ကျော်၊ ချင်းရွှေဟော်မှ တန် သုံးထောင်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်းသိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန် ဒေါ်လာ ၈၁၃၉၃တန်ဖိုးရှိ နှမ်းနက် ၆၂ တန်ကျော်ကို ယခုတစ်ပတ်မှာ တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံသို့ နှမ်းနက် ၁၇၄ တန် တင်ပို့ခဲ့တယ်လို့စခန်းရဲ့ စာရင်းများအရသိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### မလေးရှား စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ခန့်မှန်းချက်အမျိုးမျိုးရှိနေချိန် ပဲပုပ်ဆီစျေးနှုန်းလည်း ကျဆင်းမှုကြောင့် စားအုန်းဆီစျေးနှုန်းကျဆင်း

ယခုရက်သတ္တပတ် စောစောပိုင်းက ကျင်းပခဲ့သော စက်မှုလုပ်ငန်းကွန်ဖရင့်တစ်ခုတွင် လေ့လာဆန်းစစ်သူတို့က မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေကို အမျိုးမျိုးခန့်မှန်းခဲ့ကြသကဲ့သို့ပဲပုပ်ဆီစျေးနှုန်းကလည်း ကျဆင်းခဲ့သည့်အတွက် မလေးရှား စားအုန်းဆီ ကြိုရောင်းကြိုဝယ်စျေးက မတ် ၈ ရက်မှာ ကျဆင်းခဲ့သည်ကိုတွေ့ရကြောင်း ဘီရိုကော်ဒါသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)တွင် မေအတွက်ချုပ်ဆိုသောစားအုန်းဆီကြိုရောင်းစျေးအတွက် စံထားစျေးနှုန်းမှာ မတ် ၈ ရက်နေ့လယ် စျေးကွဲချိန်တွင် ရင်းဂစ် ၂၈၇၀ (အမေရိကန် ဒေါ်လာ ၆၄၃ဒသမ၉၃)ရှိခဲ့သည့်အတွက် သုညဒသမ ၂ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရသည်။

မတ် ၉ရက် နေ့လယ်မွန်းတည့်ချိန်တွင် ရောင်းချခဲ့သော စားအုန်းဆီပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၁၇၄၉၆ တွဲ ရှိခဲ့သည်။"မတ် ၈ ရက်နေ့ စျေးပိတ်ချိန်က ပဲပုပ်ဆီစျေး ကျဆင်းခဲ့သလို ဒါလီယံစျေးကွက်ရဲ့ မတ်လ ၉ ရက် နံနက်စောစောပိုင်းမှာလည်း စျေးအနည်းငယ် ကျဆင်းခဲ့ပါတယ်"ဟု အမေရိကန်နိုင်ငံ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်တို့တွင် ရောင်းဝယ်လျက်ရှိသော ပဲပုပ်ဆီစျေးနှုန်း အခြေအနေတို့ကို ရည်ညွှန်းပြီး ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောသည်။ မတ် ၈ ရက်က ကွာလာလမ်ပူတွင် ကျင်းပသော စက်မှုလုပ်ငန်းကွန်ဖရင့်တစ်ခုတွင် ပါဝင်ဆွေးနွေးကြသူတို့က မလေးရှားနိုင်ငံ စီးပွားရေး အခြေအနေကို အမျိုးမျိုး ခန့်မှန်းခဲ့ကြကြောင်း ထိုကုန်သည်က ပြောသည်။

"မလေးရှားနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုက ဒီနှစ်ထဲမှာ မြင့်တက်နိုင်ပါတယ်။ ဒါပေမယ့်စတော့စျေးကွက် အခြေအနေက မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ သမ္မတထရမ့်လက်ထက်မှာ ကျင့်သုံးမယ့် အမေရိကန်ပြည်ထောင်စုရဲ့ ဇီဝဒီဇယ်ဆီ မူဝါဒတွေက ယခုအချိန်ထိ ရှင်းလင်းပြတ်သားမှု မရှိသေးပါဘူး။ ရေတိုဖြစ်ပွားနေတဲ့အခြေအနေက အထောက်အကူဖြစ်မယ့် အလားအလာကို တွေ့နေရပေမယ့် ရေရှည်အလားအလာက မရေမရာ ရှိနေဆဲဖြစ်ပါတယ်"ဟု သူကပြောသည်။

လက်ရှိစျေးနှုန်းအဆင့်က ရေရှည်တည်တံ့တဲ့ အလားအလာမရှိကြောင်းနှင့်လက်ရှိမှာရောင်းလိုအား ကျဆင်းမှုက စျေးနှုန်းမြင့်တက်စေရန် အထောက်အကူဖြစ် စေနိုင်သည်။ သို့သော် ထုတ်လုပ်မှုပြန်လည်မြင့်တက်လာမည်ဆိုပါက တစ်တန်ကို ရင်းဂစ် ၂၅၀၀ အထိ ကျဆင်းနိုင်သည်။

စားအုန်းဆီနှင့် အခြားစားသုံးဆီများမှာ ကမ္ဘာ့စျေးကွက်တွင် စျေးကွက်ဝေစုရရှိရေးအတွက် ယှဉ်ပြိုင်နေကြသည့်အတွက် အခြားစားသုံးဆီ စျေးနှုန်းက စားအုန်းဆီစျေးနှုန်းများကို အမြဲတမ်း ဂယက်ရိုက်ခတ်လေ့ရှိသည်။ချီကာဂိုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီစျေးသည် သုညဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး ဒါလီယံကုန်စည်ဒိုင်တွင် မေအတွက် ချုပ်ဆိုသော ပဲပုပ်ဆီစျေးသည် သုညဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ပူပြင်းသော ရာသီဥတုအခြေအနေက စားအုန်းဆီ အထွက်နှုန်းကို လျော့ကျစေသည့်အတွက် ကမ္ဘာ့ထိပ်တန်း စားအုန်းဆီထုတ်လုပ်သည့် နိုင်ငံများဖြစ်သော မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ၂၀၁၅-၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အယ်လ်နီညို၏ ဂယက်ရိုက်ခတ်မှုဒဏ်ကို ခံစားနေရဆဲဖြစ်သည်။ ယခုနှစ် ပထမနှစ်ဝက်တွင် ရာသီဥတု၏ ဂယက်ရိုက်ခတ်မှုဒဏ်ကို လျော့ပါးသက်သာစေနိုင်သည့်အတွက် စားအုန်းဆီ ထုတ်လုပ်မှု ပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီစျေးနှုန်းများ (၁၀-၃-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၄၀ | ၁၈၂၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၅၀ | ၁၉၃၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၃၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၂၀၀ | ၂၀၀၀ | ▽ |
| မုံရွာ | ၃၈၀၀ | ၃၈၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၉၈၀ | ၁၉၇၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၁၀-၃-၂၀၁၇ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီစတုတ္ထပတ် | မတ်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၀၁.၅၀ | ၆၈၉.၀၀ | ▽ |
| RBD P.Olein | ၇၀၄.၅၀ | ၇၀၆.၅၀ | △ |
| RBD P.Stearin | ၇၃၃.၀၀ | ၆၈၆.၅၀ | ▽ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၁၀- ၃ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၆၅၇.၉၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၁၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၂၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၉.၁၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၀.၁၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၈၁၄.၇၃၂ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၃-၂၀၁၇နေ့ (CIF စျေး Cloud Point 8 ˚C Max ၇၄၅ ဒေါ်လာနှင့် USD စျေး ၁၃၆၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၃-၃-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အမေရိကန်ပြည်ထောင်စုကပေးအပ်သည့် ယေဘုယျအကောက်ခွန် သက်သာခွင့် အစီအစဉ်အရ အကျိုးခံစားခွင့်ရရှိရန်အတွက် ကုန်စည်များအား တင်ပို့ရာတွင် ပင်ရင်းမှတ်ကျောက်များ ပြည့်မီအောင် လုပ်ဆောင်ပြီးမှ တင်ပို့ရမည်

| ရွှေစင်ဦး - DOT |

GSP အစီအစဉ်အရ အမေရိကန်ပြည်ထောင်စုမှ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့် ပေးအပ်ထားသည့် ကုန်စည်များ ပြန်လည်ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့်ကြားနာမှုအစီအစဉ်(၂၀၁၆-၂၀၁၇ ယေဘုယျ အကောက်ခွန်သက်သာခွင့် စနစ်အတွက် နှစ်စဉ်ပြန်လည်သုံးသပ်သည့်အစီအစဉ်)(2016-2017 GSP Annual Review)ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စုရဲ့ ကုန်သွယ်ရေးကော်မရှင်ရုံးနဲ့ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးတို့မှာ အသီးသီးကျင်းပခဲ့တယ်လို့ သိရှိရပါတယ်။

အဲဒီအစီအစဉ်ဟာ အမေရိကန်ပြည်ထောင်စုအနေနဲ့ ၎င်းတို့ နိုင်ငံအတွင်းသို့ တင်သွင်းလာမယ့် ကုန်စည်များအပေါ် တစ်ဖက်သတ် အကောက်ခွန်လျှော့ချပေးလျက်ရှိတဲ့ GSP အစီအစဉ်အရ အခွင့်အရေးပေးအပ်ထားတဲ့ ကုန်စည်များအား ထပ်တိုးခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ခြင်း၊ ကန့်သတ်ရန် လိုအပ်တဲ့စာရင်းမှ ကင်းလွတ်ခွင့်ပြုရန် (Competitive Need Limitation Waiver) တင်ပြလာသော နိုင်ငံများနဲ့ ကုန်စည်များအား ပြန်လည်စဉ်းစားခြင်းတို့ကို GSP ဆပ်ကော်မတီဝင်များ၊ ကော်မရှင်နာများက ဆောင်ရွက်ဖို့အတွက် နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ကြားနာမှုအစီအစဉ်ဖြစ်ပါတယ်။

ယခုကျင်းပခဲ့တဲ့ကြားနာမှုအစီအစဉ်မှာတော့ ဘိုလီးဗီးယားနိုင်ငံ၊ ကုန်သွယ်ရေးသံမှူးက prepared or preserved pineapples (HTS 2008.20.00) အား GSP အစီအစဉ်အရ အခွင့်အရေး ပေးအပ်တဲ့ကုန်စည်စာရင်းမှာ ထည့်သွင်းပေးရန် တင်ပြခဲ့မှုအပေါ် GSP ဆပ်ကော်မတီက အဆိုပါကုန်စည်အား အာဆီယံနိုင်ငံများနဲ့ တရုတ်နိုင်ငံတို့က အများဆုံးတင်သွင်းနေပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံများဟာလည်းGSP အခွင့်အရေးရရှိနေပြီဖြစ်တယ်လို့ ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီကြားနာမှုအစီအစဉ်မှာ GSPအခွင့်အရေးကို ရရှိထားတဲ့ အချို့နိုင်ငံများအနေနဲ့ ကုန်စည်များကို ပြည်တွင်းမှာ ထုတ်လုပ်မှုမပြုဘဲ အခွင့်အရေးခံစားခွင့်ရှိတဲ့ နိုင်ငံအတွင်းသို့ တစ်ဆင့်ခံသင်္ဘော တင်ဆောင်မှု (Transhipment) ကိုသာ ဆောင်ရွက်ပြီး GSP အခွင့်အရေးကို အသုံးပြုကာ အမေရိကန်ပြည်ထောင်စုသို့ ကုန်စည်များ တင်သွင်းနေတာကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ အဲဒါကြောင့် GSP အခွင့်အရေးကို GSP အကျိုးခံစားခွင့်မရရှိသည့် Non- GSP နိုင်ငံများက အကျိုးခံစားနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ အဲဒီလိုကိစ္စရပ်တွေနဲ့ပတ်သက်ပြီး လိုအပ်တဲ့ကိစ္စရပ်များကို ဆက်လက် အရေးယူဆောင်ရွက်မှာဖြစ်ကြောင်း အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးက အလေးအနက်ဆွေးနွေးခဲ့တယ်လို့ ဆိုပါတယ်။

ဒီအချက်နဲ့ဆက်စပ်ပြီး အမေရိကန်ပြည်ထောင်စုက ပေးအပ်တဲ့ GSP ဆိုင်ရာ အကောက်ခွန်သက်သာခွင့်ကို ခံစားရရှိနိုင်ဖို့အတွက် ကိုက်ညီရမယ့်အဓိကအချက်များကို လိုအပ်သလို သိရှိအသုံးချနိုင်စေဖို့ ရည်ရွယ်ဖော်ပြလိုက်ပါတယ်။

မြန်မာနိုင်ငံကနေ အမေရိကန်ပြည်ထောင်စုသို့ ကုန်ပစ္စည်းများ တင်ပို့လျက်ရှိတဲ့ တင်ပို့သူများအနေနဲ့ မိမိတို့ရဲ့ ပို့ကုန်ပစ္စည်းများအပေါ် အကောက်ခွန်သက်သာခွင့်ခံစားပြီး အမေရိကန် ပြည်ထောင်စုရဲ့ ဈေးကွက်ကို ရရှိနိုင်ဖို့အတွက်ဆိုရင် အကောက်ခွန်သက်သာခွင့်ရရှိဖို့အတွက် လိုအပ်တဲ့ သက်သေခံအထောက်အထားအဖြစ် GSP Form A လျှောက်ထားရယူပြီး အမေရိကန်ပြည်ထောင်စုရဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ထံသို့ တင်ပြပေးဖို့ လိုအပ်ပါတယ်။ GSP Form A လျှောက်ထားရယူရာမှာလည်း မဖြစ်မနေကိုက်ညီဖို့ လိုအပ်တဲ့အချက်အလက်များနဲ့ ကိုက်ညီဖို့က လွန်စွာအရေးကြီးလှပါတယ်။ ပထမဆုံးအနေနဲ့ ကိုက်ညီရမယ့်အချက်ကတော့ တင်ပို့တဲ့ကုန်စည်ဟာ အမေရိကန်ပြည်ထောင်စုအနေနဲ့ GSP သက်သာခွင့်ကို ခွင့်ပြုဖို့ အကျုံးဝင်တဲ့ ကုန်စည်စာရင်းမှာ ပါဝင်ရမှာဖြစ်ပြီး ကုန်စည်စာရင်းအသေးစိတ်ကို အမေရိကန်ပြည်ထောင်စုကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးရဲ့ တရားဝင် ဝက်ဘ်ဆိုက်ဖြစ်တဲ့ https://ustr.gov/issue-areas/trade-development/preference-programs/generalized-system-preferences-:p/:p-program-i-0 မှာ လေ့လာကြည့်ရှုနိုင်သလို မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်ဖြစ်တဲ့ www.commerce.gov.mm မှာလည်း လေ့လာကြည့်ရှုနိုင်ပါတယ်။

တင်ပို့မယ့် ကုန်စည်အနေနဲ့ GSP အစီအစဉ်မှာ အကျုံးဝင်တဲ့ ကုန်စည်ဖြစ်တယ်ဆိုရင်တော့ နောက်ထပ်ပြည့်မီရမယ့် အချက် နောက်တစ်ချက်ကတော့ အဆိုပါကုန်စည်ကို မြန်မာနိုင်ငံမှ အမေရိကန် ပြည်ထောင်စုသို့ တိုက်ရိုက်တင်သွင်းရမှာဖြစ်ပါတယ်။ **နောက်ဆုံး အနေနဲ့ ပြည့်မီရမယ့်အချက်ကတော့ အရေးအကြီးဆုံးဖြစ်ပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံအတွင်းမှာ ထုတ်လုပ်ခဲ့ကြောင်း သက်သေခံ မယ့်မှတ်ကျောက် (origin criteria)ပဲဖြစ်ပါတယ်။** GSP အစီအစဉ်ကို ခွင့်ပြုပေးခြင်းရဲ့ သဘောတရားဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေဖို့အတွက် ရည်ရွယ်တာဖြစ်လို့ တင်ပို့မယ့်ကုန်စည်ကို GSP အခွင့်အရေးခံစားဖို့ အကျုံးဝင်တဲ့နိုင်ငံအတွင်းမှာ ထုတ်လုပ်ပြီး တင်ပို့တယ်ဆိုတဲ့ အချက်ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ဒါ့ကြောင့် တင်ပို့မယ့် ကုန်စည်ဟာ မြန်မာနိုင်ငံအတွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ ကုန်စည်ဖြစ်ရမှာဖြစ်ပါတယ်။ အကယ်၍ အခြားနိုင်ငံများမှ တင်သွင်းလာတဲ့ ကုန်ကြမ်းပစ္စည်းများ ပါဝင်ထုတ်လုပ်ပြီး တင်ပို့မယ်ဆိုပါက အဆိုပါကုန်ပစ္စည်းကို နောက်ဆုံးရောင်းချတဲ့ဈေးနှုန်းရဲ့ အနည်းဆုံး ၃၅ ရာခိုင်နှုန်း (အကယ်၍ ကုန်ကြမ်းပစ္စည်းများဟာ အာဆီယံအဖွဲ့ဝင် GSP အကျိုးခံစားခွင့်ရှိတဲ့ နိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတို့က တင်သွင်းလာခြင်းဖြစ်ပါက ထည့်သွင်း တွက်ချက်နိုင်ပါတယ်။ အကယ်၍ အခြားနိုင်ငံများက တင်သွင်းလာမယ်ဆိုရင်တော့ မြန်မာနိုင်ငံအတွင်းတွင် အနည်းဆုံး ၃၅ ရာခိုင်နှုန်း)ကို မြန်မာနိုင်ငံမှာ ထုတ်လုပ်ရမှာဖြစ်ပြီး အဆိုပါပစ္စည်းဟာ မူလတင်သွင်းခဲ့တဲ့ကုန်ကြမ်း အခြေအနေကနေ နောက်ဆုံးကုန်ချောအဖြစ် မတူကွဲပြားခြားနားတဲ့ ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့ရမှာ ဖြစ်ပါတယ်။ အမေ ရိကန်ပြည်ထောင်စုသို့ တင်သွင်းရာမှာ အမေရိကန်ပြည်ထောင်စုရဲ့ အကောက်ခွန်နဲ့ နယ်စပ်ကာကွယ်ရေးဌာနသို့ အကောက်ခွန်သက်သာခွင့် အထောက်အထားအဖြစ် GSP Form A တင်ပြရမှာ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုက ပေးအပ်လျက်ရှိတဲ့ GSP အစီအစဉ်မှာ အာဆီယံနိုင်ငံများအနက် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတို့ ပါဝင်လျက်ရှိပါတယ်။ ဒါပေမယ့် တချို့တချို့သော အကျိုးခံစားခွင့်ရှိတဲ့ နိုင်ငံများဟာ ကုန်စည်ကို နိုင်ငံတွင်းမှာ ထုတ်လုပ်ခြင်းမပြုဘဲ တစ်ဆင့်ပို့တဲ့ အဆင့်(Transshipment)သာ ဆောင်ရွက်ကြောင်းကို တွေ့ရှိနေရတဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ အကောက်ခွန်နဲ့ နယ်စပ်ကာကွယ်ရေးဌာနအနေနဲ့ ပြန်လည်စစ်ဆေးခြင်းကို ဆောင်ရွက်မှာဖြစ်တယ်လို့ အလေးအနက်ထား ပြောကြားခဲ့တဲ့အကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် ကုန်စည်များကို နိုင်ငံကတစ်ဆင့် တင်ပို့တဲ့ အဆင့် (Transshipment) တစ်ခုတည်း ဆောင်ရွက်ရုံနဲ့ အကောက်ခွန် သက်သာခွင့်ခံစားနိုင်မှာ မဟုတ်တဲ့အတွက် အကောက်ခွန်သက်သာခွင့် ခံစားနိုင်ဖို့ နိုင်ငံအတွင်းမှာ ထုတ်လုပ်တင်ပို့ကြောင်း သေချာစေရန် အရေးကြီးလှပါကြောင်း လေ့လာတင်ပြလိုက်ရပါတယ်။

## ပင်လယ်ရေကြောင်းမှ နန္နွင်းပိုမိုတင်ပို့

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ၄ရက်အထိ သီတင်းပတ်အတွင်း နန္နွင်း ၂၃၄ ဒသမ ၄၁တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ ခဲ့ပါတယ်။ ဒီတစ်ပတ် နန္နွင်း(ရှမ်းစ)၁၇၈ဒသမ၄၁တန်ကိုအိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ နန္နွင်း(ရှမ်းစ) ၅၆တန်ကို စင်ကာပူနိုင်ငံသို့ လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့ခဲ့တဲ့နန္နွင်း တန်ချိန်၉၇တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၀ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နန္နွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၅၄၃၃ဒေါ်လာဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မန်ကျည်းတင်ပို့မှု ဆက်တိုက်အားကောင်း

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၆၇၁တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံသို့ ၁၇၅တန်၊ ပါကစ္စတန်နိုင်ငံသို့ ၁၇၅ တန်၊ မလေးရှားနိုင်ငံသို့ ၁၄၈တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ ၇၃ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတစ်တန်ကိုပျမ်းမျှ အမေရိကန်ဒေါ်လာ၃၇၅-၃၉၀ ရရှိခဲ့တာကြောင့် မန်ကျည်း တင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ၂၆၅၈၅၅ ဒေါ်လာ ဝင်ငွေရရှိခဲ့ပါတယ်။ **သီတာဝင်း(DOT)**

## ချင်းတန်ချိန် ၁၀၀ကျော်တင်ပို့

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၁၂ ဒသမ ၆၈တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၀၄ဒသမ၆၈တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ ၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်ပို့ခဲ့တဲ့ ချင်း၂၆တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၈၀ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၃၇၄၆ ဒေါ်လာ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မြန်မာ-အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်မှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၇၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၄၆၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၄၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၈၅ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့နိုင်ခြင်းမရှိတဲ့အပြင် ရိဒ်ကုန်သွယ်ရေးစခန်းကပါ ကွမ်းသီးတင်ပို့မှု ကျဆင်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီး အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၆ သန်းတန်ဖိုးရှိ စီးကရက် ၁၂ တန် တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု မရှိသော်လည်း အမေရိကန်ဒေါ်လာ သုညဒသမ ၂၄၀ သန်း တန်ဖိုးရှိ နန့်ဖာလုံအမယ်စုံကို တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ဈေးကောင်းရနေလို့ ဈေးကွက်သို့ ပြည်မန်ကျည်းမှည့် ပိုမိုဝင်ရောက်လာ

မတ်လဆန်းတွင် ပြည်ဈေးကွက်သို့ မန်းကျည်းမှည့်ဝင်ရောက်မှု နည်းနေတာ တွေ့ရပါတယ်။ မန်ကျည်းစိုက်တောင်သူများဟာ ဈေးကောင်းစောင့်ပြီး လက်ဝယ်မှာသာ ထားရှိနေတာ တွေ့ရပါတယ်။ ယခု (ဒုတိယပတ်)အတွင်းမှာတော့ ပွဲရုံဈေးသင့်တင့်တာကြောင့် ဈေးကွက်သို့ မန်ကျည်းမှည့်ဝင်ရောက်မှု ပိုမိုလာပါတယ်။ ဈေးနှုန်းကျဆင်းလာလို့ဝင်ရောက်လာတာမဟုတ်ဘဲ ဈေးကောင်းရနေတာကြောင့် ပိုမိုဝင်ရောက်လာတာဖြစ်ပါတယ်။ နယ်စုံမှ ဝင်ရောက်လာတဲ့ မန်ကျည်းမှည့်တွေကတော့ အစေ့ပါများ ဝင်ရောက်လာပြီး ဒေသတွင်း မန်ကျည်းမှည့် ဝင်ရောက်မှုကတော့ အသားချည်း သက်သက်ကိုပါ ထုတ်လုပ်လာပြီး ဈေးကောင်းရလျက်ရှိကြောင်းလည်း တွေ့ရပါတယ်။ ယခုတစ်ပတ် ဈေးနှုန်းများမှာ (ပွဲရုံဈေး) တစ်ပိဿာလျှင် (အစေ့လွတ်) ကျပ် ၃၀၀၀နှင့် နယ်မန်ကျည်းမှည့် (အစေ့ပါ) ကျပ် ၁၈၀၀ ဖြစ်ပါတယ်။ ဒေသတွင်း လက်လီဈေး (အစေ့လွတ်) ကျပ် ၄၀၀၀ နှင့် (အစေ့ပါ) ကျပ် ၂၀၀၀ တို့နဲ့ ရောင်းချလျက်ရှိနေပါတယ်။ ဈေးနှုန်းမငြိမ်သက်တာကြောင့် လှောင်ရန်ဝယ်လက်မရှိသေးဘဲ ဒေသတွင်း အရောင်းအဝယ်သာ ဖြစ်လျက်ရှိနေပြီး အရောင်းအဝယ်အေးနေကြောင်းလည်း သိရပါတယ်။ **နီနီဝင်း**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်ဈေးနှုန်းများ နှစ်နှစ်ကျော်ကာလအတွင်း အမြင့်ဆုံးအနေအထားသို့ရောက်ရှိ

တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်ဈေးနှုန်းများသည် ငါးလဆက်တိုက် မြင့်တက်ခဲ့ပြီးနောက် နှစ်နှစ်ကျော်ကာလအတွင်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။ သွင်းကုန် ဈေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့် ဇန်နဝါရီနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ သွင်းကုန်ဈေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့် နှစ်စက်တင်ဘာလ ကတည်းက စတင်ကာ တဖြည်းဖြည်း မြင့်တက်လာသည့် အနေအထားရှိပြီး ၂၀၁၇ ဇန်နဝါရီလတွင် နှစ်နှစ်ကျော်ကာလအတွင်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယင်းသို့သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ စက်သုံးဆီ ဈေးနှုန်းများ ကြီးမြင့်မှုနှင့်ဒေါ်လာ ငွေကြေးခိုင်မာလာမှုတို့ကြောင့် ဖြစ်သည်ဟု ဗဟိုဘဏ်က ပြောကြားခဲ့သည်။ ထို့ပြင် အရှေ့အလယ်ပိုင်းဒေသမှ စက်သုံးဆီတင်သွင်းမှုကို တိုင်းတာမှုတစ်ခုဖြစ်သည့် ဒူဘိုင်းရေနံဆီဈေးနှုန်းများ မြင့်တက်လာခြင်းသည်လည်း အကြောင်းအရင်းတစ်ခုဖြစ်သည်။ တောင်ကိုရီးယားအနေဖြင့် စုစုပေါင်း ရေနံဆီ တင်သွင်းမှု၏ ၈၀ ရာခိုင်နှုန်းကို အရှေ့အလယ်ပိုင်းဒေသမှ တင်သွင်းနေရခြင်းဖြစ်သည်။ ရေနံစိမ်းအပါအဝင် ကုန်ကြမ်းများ၏တန်ဖိုးသည် ကမ္ဘာ့ကုန်ကြမ်းဈေးကွက် ပြန်လည်နာလန်ထူမှုကာလဖြစ်နေသည့်အတွက် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

သွင်းကုန်ဈေးနှုန်းများသည် ယခုနှစ်အတွင်း ၁၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာတွင် ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ပြီးနောက်ပိုင်း အမြင့်ဆုံးအခြေအနေသို့ ထပ်မံရောက် ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ယင်းသို့ သွင်းကုန်ဈေးနှုန်းများ မြင့်တက်မှုသည် ယခုနှစ်တွင် စားသောက်ကုန်ဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်သည့် အခြေအနေကို ဖန်တီးနိုင်ဖွယ်ရှိသည်။ လတ်တလောကာလတွင် စားသောက်ကုန်ဈေးနှုန်းများသည်လည်း ဆက်လက်မြင့်တက်နေသည့် အနေအထား ဖြစ်သည်။ ဇန်နဝါရီလတွင် စားသောက်ကုန်ဈေးနှုန်းညွှန်းကိန်းအနေဖြင့် ယခင်နှစ်ကထက် နှစ်ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပို့ကုန်ဈေးနှုန်းများသည်လည်း အမေရိကန်ငွေကြေးခိုင်မာလာမှုကြောင့် ယခင်လက ၁ ဒသမ ၁ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ပို့ကုန်ဈေးနှုန်း သည် ၆ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၀၁၇ ဇန်နဝါရီလတွင်မူ ၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ပြည်တွင်းသကြားဈေးနှုန်းထိန်းချုပ်မှုကို ယခုနှစ်အတွင်း ထိုင်းနိုင်ငံ ဖယ်ရှားမည်

ထိုင်းနိုင်ငံသည် ပြည်တွင်းကြံနှင့်သကြားထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ရန်အတွက် နှစ်ပေါင်းသုံးဆယ်ကြာ ကျင့်သုံးလာခဲ့သည့် Quota Subsidies System နှင့် ပြည်တွင်းသကြား ဈေးနှုန်းထိန်းချုပ်မှုများကို ယခုနှစ်အကုန်တွင် ဖယ်ရှားမည်ဖြစ်သည်။ ယင်းကဲ့သို့ပြုလုပ်ရခြင်းမှာ ကမ္ဘာ့ဈေးကွက်အတွင်း သကြားဈေးနှုန်းကျဆင်းမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် ဘရာဇီးနိုင်ငံနှင့်အငြင်းပွားမှုကိုလည်း ရှောင်ရှားရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဘရာဇီးနိုင်ငံသည် ထိုင်းအစိုးရ၏သကြားထုတ်လုပ်သူများကို ထောက်ပံ့ပေးသည့် အစီအစဉ်များကြောင့် ကမ္ဘာ့ဈေးကွက်တွင် သကြားဈေးနှုန်းကျဆင်းမှုကို ဖြစ်စေခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တင်ပြထားရာ မတ်လ ၆ မှ ၈ ရက်တွင် နှစ်နိုင်ငံတွေ့ဆုံဖြေရှင်းကြမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံသည် ဘရာဇီးနိုင်ငံပြီးနောက် ကမ္ဘာ့ဒုတိယသကြားအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သည်။ ဘရာဇီးနိုင်ငံနှင့်အငြင်းပွားမှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး နှစ်ပေါင်းသုံးဆယ်ကျော် အသုံးပြုခဲ့သော သကြားစက်ရုံနှင့်ကြံတောင်သူများ၏ အကျိုးအမြတ်ခွဲဝေမှုစနစ် ၇၀း၃၀ ကို ဖယ်ရှားမည့် အစီအစဉ်လည်းပါဝင်သည်။ အဆိုပါအကျိုးအမြတ်ခွဲဝေမှုစနစ်ကို ကျင့်သုံးရာ၌ကြံထုတ်လုပ်သူများကို အစိုးရကြံနှင့်သကြားရန်ပုံငွေမှ ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်များ ထားရှိပါသည်။ ထိုင်းနိုင်ငံကြံနှင့်သကြားဘုတ်အဖွဲ့အနေဖြင့် ပြည်တွင်းသကြားထုတ်လုပ်မှုကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် သကြားဈေးနှုန်းထိန်းချုပ်မှုကို ဖယ်ရှားပြီး ဈေးနှုန်းအရှင်ထားသည့်စနစ်ကို ယခုနှစ်အောက်တိုဘာတွင် စတင်ကျင့်သုံးရန် မျှော်မှန်းထားကြောင်း၊ Quota Subsidies System ကိုလည်း ယခုနှစ်ကုန်တွင် အဆုံးသတ်မည်ဖြစ်ကြောင်းနှင့် ယင်းသကြားဈေးနှုန်းအရှင်သည် ကြံတောင်သူများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း စက်မှုဝန်ကြီး Mr Uttama Savnayana ကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ Quota Subsidies System တွင် ခွဲတမ်းသုံးမျိုးခွဲခြားထားရာ ပြည်တွင်းသုံးသကြားပမာဏအတွက် ခွဲတမ်း(က)၊ အစိုးရကဏ္ဍမှ ပြည်ပတင်ပို့မှုအတွက် ခွဲတမ်း(ခ)နှင့် ပုဂ္ဂလိကကဏ္ဍမှ ပြည်ပတင်ပို့မှုပမာဏခွဲတမ်း(ဂ) ဟူ၍ ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အော်ဂဲနစ်ထွက်ကုန်ပြည်ပတင်ပို့မှုကို ထိုင်းနိုင်ငံတိုးမြှင့်မည်

ထိုင်းနိုင်ငံ၏ အော်ဂဲနစ် ထွက်ကုန် ပြည်ပတင်ပို့မှုတန်ဖိုးသည် ဘတ်လေးဘီလီယံရှိရာမှ နောင်နှစ်အနည်းငယ်အတွင်း ဘတ် ငါးဘီလီယံသို့ တိုးတက်ရရှိရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းတွင် လူဦးရေ စုစုပေါင်း ၁၆ သန်း သို့မဟုတ် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်းပါ ဝင်လုပ်ကိုင်လျက်ရှိရာ တိုင်းပြည်လုပ်သားအင်အား စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း သို့မဟုတ် နိုင်ငံ့လူဦးရေ၏ လေးပုံတစ်ပုံကို ကိုယ်စားပြုလျက် ရှိပါသည်။ ထိုင်းနိုင်ငံ၏ ဆန်စပါး ထုတ်လုပ်မှုသည် ကမ္ဘာ့ဈေးကွက်ဝယ်လိုအားကို အခြေခံထားပြီး ထုတ်လုပ်မှု၏ထက်ဝက်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ထိုင်းတောင်သူ တစ်သန်းခန့်မှာ ဆင်းရဲနွမ်းပါးသူများဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏ ဆင်းရဲမွဲတေမှုသတ်မှတ်ချက်မှာ ၂၀၁၃ ခုနှစ်တွင် လူတစ်ဦးတစ်လလျှင် ဝင်ငွေ ၂၅၇၅ ဘတ်၊ ၂၀၁၄ ခုနှစ်တွင် ၂၆၄၇ ဘတ်၊ ၂၀၁၅ ခုနှစ်တွင် ၂၆၄၄ ဘတ်ဟု သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

ထိုင်းအစိုးရအနေဖြင့် တောင်သူများ၏ ဝင်ငွေကို မြှင့်တင်၍ ဆင်းရဲမှုလျော့နည်းအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်မည်ဖြစ်ရာ အော်ဂဲနစ်ဆန်စပါးအပါအဝင် အခြားအရည်အသွေးမြင့် ဆန်စပါးကို ထုတ်လုပ်ခြင်းသည် အလွန်အရေးကြီးပါသည်။ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ထောက်ပံ့ပို့ဆောင်ရေး နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ စားသောက်ကုန် အမျိုးမျိုးထုတ်လုပ်ခြင်း(အစားအစာ၊ သဘာဝအားဆေး၊ အလှကုန်၊ ဘီယာ) နှင့်ဇီဝဒီဇယ်ထုတ်လုပ်ခြင်းများနှင့် ချိတ်ဆက်နိုင်ရေးကို စီမံပေးရန် လိုအပ်ပါသည်။

ထိုင်းနိုင်ငံ၏ အော်ဂဲနစ်ဆန် ထုတ်လုပ်မှုသည် လက်ရှိတွင် နှစ်စဉ်တိုးတက်မှု ၁၀ ရာခိုင်နှုန်းမှ ရှေ့လာမည့်သုံးနှစ်အတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးတက်မှုရရှိရန် မျှော်မှန်းထားပြီး အော်ဂဲနစ်ဈေးကွက်တန်ဖိုးမှာ ဘတ် ၂ ဒသမ ၃ ထရီလီယံရှိရာပို့ကုန်တန်ဖိုးသည် ဘတ်လေးဘီလီယံရှိပါသည်။ ယနေ့ ကမ္ဘာတွင် ဓာတုပစ္စည်းကင်းစင်၍ ကျန်းမာရေးနှင့်ညီညွတ် မျှတသည့် အော်ဂဲနစ်အစားအသောက်များကို ပိုမိုဝယ်ယူစားသုံးလာကြသဖြင့် ကမ္ဘာ့အော်ဂဲနစ်ဈေးကွက်သည် တစ်နေ့ တစ်ခြားကြီးထွားလျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အော်ဂဲနစ်ဈေးကွက်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံခန့်ရှိကြောင်း၊ ဥရောပဈေးကွက်နှင့် အမေရိကန် ဈေးကွက်သည် အကြီးဆုံးဈေးကွက်များဖြစ်ကြောင်း၊ အခြား ကမ္ဘာ့နိုင်ငံအများစုတွင်လည်း နှစ်စဉ်အော်ဂဲနစ်ရောင်းအားသည် ဂဏန်းနှစ်လုံး တိုးတက်မှုထိ မြင့်တက်လာကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံ၏ အော်ဂဲနစ်ဈေးကွက်သည် ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တစ်နှစ်လျှင် ၃၂ ရာခိုင်နှုန်းဖြင့် တိုးတက်မှုအကောင်းဆုံး ဈေးကွက်တစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တရုတ်အစိုးရက နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ၏ ပြောင်းလဲရေး လုပ်ငန်းစဉ်များအား ပိုမိုဆောင်ရွက်သွားမည်

တရုတ်အစိုးရအနေဖြင့် နိုင်ငံတော်ပိုင် အခြေပစ္စည်းများ၏ အမြတ်ရရှိနိုင်မှု တိုးမြှင့်ရန်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု စွမ်းဆောင်ရည် တိုးတက်လာစေရေးအတွက် အဓိကအရေးပါသော နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများအနက် သံမဏိ၊ ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းများ၏ ပြောင်းလဲရေးလုပ်ငန်းစဉ်အား ဦးစားပေး အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိပ်တန်း နိုင်ငံတော်ပိုင်အခြေပစ္စည်းများ စည်းမျဉ်းရေးဆွဲရေးဌာနက ပြောကြားခဲ့သည်။

ကုန်စည်ဈေးနှုန်းကျဆင်းမှု၊ ပိုလျှံထုတ်လုပ်မှု၊ ဘဏ္ဍာငွေအရှုံးပေါ်မှုစသည့် အခက်အခဲများ ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော်ပိုင်အခြေပစ္စည်းများ ကြီးကြပ်ရေးနှင့် အုပ်ချုပ်ရေးကော်မရှင်အနေဖြင့် ဦးစားပေးကဏ္ဍသုံးခုမှ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှု၊ ပုဂ္ဂလိကများပါ ပူးပေါင်း ပိုင်ဆိုင်ရေးမြှင့်တင်မှုများမှတစ်ဆင့် ပြောင်းလဲရေးဖြစ်စဉ်များအား နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဎင်းကဏ္ဍသုံးခုအပြင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ မီးရထားလမ်း၊ တယ်လီကွန်မြူနီကေးရှင်း၊ မြို့ပြလေကြောင်း ပို့ဆောင်ရေးနှင့် စစ်တပ်နှင့်သက်ဆိုင်သည့် စက်မှုလုပ်ငန်းများတွင်လည်း အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှု ပြောင်းလဲရေးဖြစ်စဉ်များ လုပ်ဆောင်နိုင်ရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိပ်တန်းနိုင်ငံတော်ပိုင် အခြေပစ္စည်းများ စည်းမျဉ်းရေးဆွဲရေးဌာနဝန်ကြီး Xiao Yaqing က ပြောကြားပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၀–၃–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ဖေဖော်ဝါရီလလယ်မှစပြီး ယခင်တစ်ပတ်အထိ ၅၀ ကီလိုတစ်အိတ်ကို ၆၄ ယွမ်မှ ၆၈ ယွမ်နဲ့ဈေးငြိမ်ခဲ့တဲ့ ပြောင်းဈေးက ယခုတစ်ပတ်မှာတော့ ၅၀ ကီလိုတစ်အိတ်ကို ၆၁ ယွမ်မှ ၆၅ ယွမ် (တစ်တန် ၁၂၂၀ ယွမ်မှ ၁၃၀၀ ယွမ်) အထိဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ဖက်နိုင်ငံသို့ တန်ချိန် ၃၅၂၃၃ တန်တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၃၅၀၀၀ တန်သာ တင်ပို့နိုင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ဈေးနှုန်းကျခဲ့သလို အရောင်းအဝယ်လည်းအေးခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်ရိပ်ပြပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေးအနည်းငယ်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ တစ်ပိဿာ ၂၉၅ ကျပ်နဲ့ ဆက်တိုက်ဈေးငြိမ်ခဲ့တဲ့စီပီပြောင်းဈေးက ယခု တစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်) ဈေးနဲ့ တက်ရိပ်ပြအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စီပီပြောင်းကို တရုတ်၊ မန္တလေး၊ ရန်ကုန်ဝယ်လက်များနဲ့ မွေးမြူရေးလုပ်ငန်း၊ အစာစပ်လုပ်ငန်းများက ဝယ်လိုအား ပုံမှန်ရှိနေပေမယ့် ဈေးကွက်အတွင်း လက်ကျန်နည်းပါးလာကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်အတိုင်း ပိဿာချိန် ၅၄၀၀၀၀ ကျော်သာရှိခဲ့တာကြောင့် အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွန်းနီဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးမြင့်ခဲ့ပြီး ရန်ကုန်တင်ပို့မည့်သူများနဲ့ လှောင်လက်များက ဝယ်လိုအားကောင်းသလို မတ်ပဲဈေးမြင့်လာတာကြောင့် ရောင်းလိုအားလည်း ကောင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲဈေးမှာ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၈၅ ကျပ်သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၅၀ ကျပ်(တစ်တန် ၁၁၃၂၉၂၁ ကျပ်)အထိ ဈေးမြင့်တက်ခဲ့ပြီး တစ်နေ့ကိုအိတ် ၄၀၀၀ မှ ၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူပဲတီစိမ်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၂၅ ကျပ်အထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၂၅ ကျပ်(တစ်တန် ၁၁၁၇၆၁၀ ကျပ်) အထိ ဈေးတက်ခဲ့ပြီး တစ်နေ့အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၇၅ ကျပ်အထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်)အထိ ဈေးပြန်မြင့်ခဲ့ပေမယ့် ရန်ကုန်ဝယ်လက်က ဝယ်လိုအားနည်းတာကြောင့် တစ်နေ့အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲလွန်းဖြူကတော့ ဒီတစ်ပတ်မှာ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၇၅ ကျပ်ဈေးကျခဲ့ပြီး တစ်ပိဿာ ကျပ် ၁၄၀၀(တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲပုပ်ဆီတိုးကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၂၀၀ ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၁၅၀ ကျပ်(တစ်တန် ၇၀၄၂၄၈ ကျပ်)နဲ့ တစ်နေ့အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့နှမ်းနီဈေးတက်ပြီး ပဲတီစိမ်းဈေးငြိမ်

ဒီတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီ(အသစ်) ဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၄၅ ကျပ်အထိ ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၂၀၀ (တစ်တန် ၇၃၄၈၆၈ ကျပ်) အထိ ဆက်လက်ဈေးတက်ခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၃၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ဆက်လက်ဈေးငြိမ်နေခဲ့ပြီး တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်) နဲ့ တစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနက်နှမ်းနီကတော့ ယခုတစ်ပတ်မှာလည်း ဆက်လက်ဈေးတက်လာခဲ့ပြီး တစ်ပိဿာ ၂၀၉၀ ကျပ် (တစ်တန် ၁၂၇၉၈၉၀ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့်၊ နှမ်းဖြူ ထိပ်စကတော့ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်ခဲ့ပြီး တစ်ပိဿာ ၂၃၅၅ ကျပ်(တစ်တန် ၁၄၄၂၁၇၈ ကျပ်) နဲ့ တစ်ပတ်အတွင်း အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနက် စမုံကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၁၀ ကျပ် အောက်ဈေးဆက် လက်ကျဆင်းခဲ့ပြီး တစ်ပိဿာ ၂၆၇၀ ကျပ် (တစ်တန် ၁၆၃၅၀၈၀ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ တစ်ပိဿာကျပ် ၁၇၀၀ (တစ်တန် ၁၀၄၁၀၆၃ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၂၅၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ ပဲတီစိမ်းတို့ဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးက ယခင်တစ်ပတ်ကရှိခဲ့တဲ့ တစ်ပိဿာ ၁၁၃၅ ကျပ်ထက် ဆက်လက် ဈေးတက်ခဲ့ပြီး တစ်ပိဿာ ၁၂၅၀ ကျပ်(တစ်တန် ၇၆၅၄၈၇ ကျပ်)နဲ့ ရန်ကုန်တင်ပို့မည့်သူများက တစ်နေ့အိတ် ၈၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီဈေးမြင့်လာတာကြောင့် ရောင်းသူများကလည်း ရောင်းလိုအားများခဲ့ကြောင်း သိရှိရပါတယ်။ နှစ်ပတ်ဆက်တိုက် တစ်ပိဿာကျပ် ၁၆၅၀ နဲ့ ဈေးငြိမ်နေခဲ့တဲ့ ပဲတီစိမ်းကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၅၀ကျပ်(တစ်တန် ၁၀၇၁၆၈၀ ကျပ်)အထိ ဈေးမြင့်လာခဲ့ပြီး မန္တလေးတင်ပို့မည့်သူများက တစ်နေ့အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရ ပါတယ်။ နှမ်းမျိုးစုံမှာတော့ နှမ်းနီကဈေးငြိမ်နေပြီး နှမ်းနက်နဲ့ သိပ္ပံနှမ်းတို့က ယခင်တစ်ပတ်ကရှိခဲ့တဲ့ ဈေးအောက်ကျဆင်းခဲ့ပါ တယ်။ နှမ်းနီက ယခင်တစ်ပတ်ဈေးတစ်ပိဿာ ၁၇၈၀ ကျပ် (တစ်တန် ၁၀၉၀၀၅၄ ကျပ်)၊ ယခင်တစ်ပတ်က နှမ်းနက် တစ်ပိဿာ ၂၂၂၅ ကျပ် မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၁၀ ကျပ်(တစ်တန် ၁၂၉၂၁၄၂ ကျပ်)နဲ့ ယခင်တစ်ပတ်က သိပ္ပံ နှမ်းနက်တစ်ပိဿာ ၂၈၉၀ ကျပ်အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာ ဆက်လက်ဈေးကျခဲ့ပြီး တစ်ပိဿာ ၂၇၈၀ ကျပ် (တစ်တန် ၁၇၀၂၄၄၄ ကျပ်) နဲ့ အသီးသီးဈေးဖွင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံ တစ်နေ့ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ(အသစ်)နဲ့ ပဲစင်းငုံနီ(အသစ်)တို့ ဆက်လက်ပြီး ဈေးတက်ရိပ်ပြခဲ့ပါတယ်။ ရန်ကုန်တွင် မတ်ပဲနဲ့ ပဲစင်းငုံဈေးတက်လာမှုနှင့် ဝယ်လိုအားကောင်းလာမှုကြောင့် မန္တလေးဈေးကွက်မှာ အရောင်းအဝယ်သွက်ပြီး ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ(အသစ်) တစ်ပိဿာကို ၁၅၃၀ ကျပ်ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၇၁၇ ကျပ်(တစ်တန် ၁၀၅၁၄၇၃ ကျပ်)အထိ ဆက်လက်ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (အသစ်)ကို ရန်ကုန်ဝယ်လက်နဲ့ လှောင်လက်ကုန်သည်များက ဝယ်လိုအားများခဲ့တာကြောင့် ဈေးမြင့်လာခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၅၀ ကျပ်အထိ ဈေးမြင့်ခဲ့ရာမှ ယခုတစ်ပတ်မှာလည်း တစ်ပိဿာကို ၁၁၈၃ ကျပ်(တစ်တန် ၇၂၄၄၅၇ ကျပ်) အထိ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံနဲ့ နှမ်းဖြူ(ထိပ်စ) တို့က ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်ထက်ဈေးကျခဲ့ပါတယ်။ နှမ်းနက်စမုံကတော့ တစ်ပိဿာ ၂၈၈၉ ကျပ်(တစ်တန် ၁၇၆၉၁၉၄ ကျပ်) နဲ့ တစ်နေ့အိတ် ၃၀၀ ခန့်၊ နှမ်းဖြူ(ထိပ်စ) ကလည်း တစ်ပိဿာ ၂၂၆၇ ကျပ်(တစ်တန် ၁၃၈၈၂၈၈ ကျပ်) နဲ့ တစ်နေ့အိတ် ၄၀၀ ခန့်နဲ့ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၁၁၁ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၄၄ ကျပ်(တစ်တန် ၁၂၅၁၇၂၅ ကျပ်)နဲ့ တစ်နေ့အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံဈေး ဆက်တိုက် တက်ရိပ်ပြ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကို ကျပ် ၉၉၄၀၀၀ နဲ့ ဈေးမြင့်တက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၁၁၁၀၀၀၀ ဖြစ်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တစ်တန်ကိုကျပ် ၁၁၆၀၀၀ အထိ ဈေးပိုမိုမြင့်တက်ခဲ့ပါတယ်။ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်ကတစ်တန်ကို ကျပ် ၁၁၆၄၀၀၀ နဲ့ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၁၃၀၀၀၀၀ ဈေးဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက်တစ်တန်ကို ကျပ် ၁၃၆၀၀၀ အထိ ဈေးတက်ခဲ့ပါတယ်။ အလားတူပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၇၅၁၀၀၀ အထိဈေး တက်ရိပ်ပြခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန် ၇၉၆၀၀၀ ကျပ်အထိ ဈေးဆက်တိုက်တက်ခဲ့တာမို့ တစ်တန်ကို ကျပ် ၄၅၀၀၀ ခန့်ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ပြည်ပတင်ပို့ ရောင်းချသော ကုမ္ပဏီများနှင့် ဝယ်ရောင်းကုမ္ပဏီများက ဝယ်လိုအားများလာတာကြောင့် မတ်ပဲနဲ့ ပဲစင်းငုံနီတို့ဈေးမြင့်လာကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနဲ့ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းတို့ဈေးတက်ခဲ့ကြပါတယ်။ မတ်ပဲကိုယခုတစ်ပတ်မှာ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများပေမယ့် ရောင်းသူများက တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့တဲ့အတွက် တစ်ပိဿာ ၁၇၂၅ ကျပ်(တစ်တန် ၁၀၅၆၃၇၀ ကျပ်) နဲ့ တစ်နေ့အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန် ဝယ်လက်နဲ့ လှောင်လက်တွေက ပုံမှန်ဝယ်လိုအားရှိနေတဲ့ ပဲစင်းငုံနီ (အသစ်)ကလည်း ယခုတစ်ပတ်မှာ ဆက်လက်ဈေးမြင့် ခဲ့ပြီး တစ်ပိဿာ ၁၁၇၅ ကျပ်(တစ်တန် ၇၁၉၅၅၈ ကျပ်)နဲ့ တစ် နေ့အိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ ပဲတီစိမ်းထိပ်စ(အသစ်)ကတော့ ဒီတစ်ပတ်မှာ တစ် ပိဿာကျပ် ၁၆၀၀ (တစ်တန် ၉၇၉၈၂၄ ကျပ်)နဲ့ မန္တလေးဝယ် လက်များက အရည်အသွေးရွေးချယ်ဝယ်ယူတာကြောင့် ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။


×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ငြိမ်ပေမယ့် အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ယခင်တစ်ပတ်အတိုင်း ပြောင်းဈေးဆက်လက်ငြိမ်နေခဲ့ပေမယ့် အရောင်းအဝယ်ဖြစ်မှုမှာတော့ ယခင်တစ်ပတ်ထက်ပိုမိုခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ တစ်ပိဿာကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်)နဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်ကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ၁၆၂၅၁၈၀ ပိဿာထက် ပိဿာချိန် ၁၀၂၈၈၀၀ ကျော်ပိုခဲ့ပြီး ပိဿာချိန် ၂၆၅၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

# တိုင်းပြည်တစ်ပြည်ရဲ့




| မြင့်ဦး (ပခုက္ကူ) |

# အခွံ နှင့် အခွန်

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်တိုင်းပြည်၊ ဘယ်နိုင်ငံမှာမဆို တိုင်းပြည်ကို အုပ်ချုပ်တဲ့အစိုးနဲ့ ပြည်သူတွေ ထိတွေ့ရတာက အခွံနဲ့ အခွန်ပါ။ ပထမအခွံကတော့ သိတော်မူကြသည့်အတိုင်း တိုင်းပြည်နဲ့အစိုးရ၊ ပြည်သူကြားက အမှိုက်တစ်ခုလို့ ပြောရမှာပါ။ အခွံဆိုမှတော့ ရှုပ်စေတဲ့၊ အမြင်မတော်စေတဲ့၊ ရောဂါဘယကို ဖြစ်ပေါ်ပွားများစေတဲ့ ကောင်းကျိုးမပေးတဲ့ အမှိုက်တွေပါ။ ဒါလည်း နိုင်ငံတော်အစိုးရနဲ့(ဥပမာ-စည်ပင်)ပြည်သူများ ရှင်းကြ၊ လင်းကြရတဲ့ အလုပ်ကိုလုပ်ကြရတဲ့အလုပ်ရှုပ်စေတဲ့ အလုပ်များစေတဲ့ အခွံပါ။ ဒီအခွံကောင်းမလား၊ ကြိုက်မလား စာရှုသူများကိုယ်တိုင် ခံစားနေကြရတဲ့အတွက် သိကြမှာပါ။ ဒါကအခွံတစ်ခွံ။

နောက်တစ်ခွန်က တိုင်းပြည်ရဲ့ပညာရေး၊ ကျန်းမာရေးကအစ အခြေခံအဆောက်အအုံအလယ်၊ ကာကွယ် ရေးအဆုံး အစိုးရက အသုံးပြုဖို့ လိုအပ်နေတဲ့ အစိုးရစရိတ် တစ်နည်းအားဖြင့် နိုင်ငံတော်အသုံး စရိတ်အတွက် ကောက်ခံရတဲ့ အခွန်ဖြစ်ပါတယ်။ ဒီအခွန်မှာ တိုင်းပြည်အတွက် လိုအပ်တဲ့နေရာမှာ ခွဲဝေအသုံးပြုဖို့ အစိုးရရဲ့ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ အရ၊ အသုံးငွေကြေးစနစ်၊ ငွေကြေးလည်ပတ်မှု ပုံမှန်လည်ပတ်စေရန် သာမက ငွေကြေး ဖောင်းပွမှုကို ထိန်းသိမ်းဖို့နဲ့ ကုန်ဈေးနှုန်းတည်ငြိမ်အောင် တည့်မတ်ဖို့အထောက်အကူပြုစေဖို့ ဆိုတာတွေလည်း ပါပါတယ်။ နိုင်ငံတော်က သက်ဆိုင်ရာ ဌာနအလိုက် အစိုးရယန္တရား လည်ပတ်နိုင်ဖို့ ဝန်ထမ်းတွေကိုခန့်တယ်။ပြည်တွင်း လုံခြုံရေးအတွက် ရဲဝန်ထမ်းတွေခန့်တယ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သားတွေခန့်တယ်။ လမ်းဖောက်မယ်၊ တံတားဆောက်မယ်၊ မီးလင်းစေမယ်၊ အမှိုက်တွေ သိမ်းမယ်ဆိုတာတွေကို အခွန်အတုပ်ကရတဲ့ ငွေနဲ့ လုပ်ရတဲ့ အခွန်ယဉ်ကျေးမှု တိုင်းပြည်တစ်ပြည်ခိုင်မြဲဖို့၊ ထည်ဝါဖို့ အစိုးရယန္တရား လည်ပတ်ဖို့ဆိုတာတွေဟာ အခွန်အပေါ်မှာ မှီ-တည်-ရပ်တည်ရတာပါ။ အစိုးရတစ်ခုရဲ့ ဝင်ငွေ၊ ထွက်ငွေစာရင်း ယှဉ်ပြရင် ဘယ်အစိုးရမဆို ဝင်ငွေထက် ထွက်ငွေကပိုမိုနေတယ်ဆိုတာ သတိထားမိသူတိုင်းလိုလို သိကြပါတယ်။

အခွန်ဆောင်ရမယ်ဆိုကတည်းက၊ အခွန်ကောက်တော့မယ်ဆိုကတည်းက၊ ကြားရသူတွေ မျက်နှာပေါ်မှာ မလိုလား မနှစ်သက် မနှစ်မြို့တဲ့ အသွင်သဏ္ဍာန်တွေဟာ တစ်ခါတည်းပေါ်လာတတ်ကြတာမျိုးပါ။ အစိုးရက ကောက်ခံတဲ့ အခွန်ဆိုတာကို လူတိုင်းနီးပါး အခွန်မဆောင်လိုကြတာကို လေ့လာတွေ့ရှိရပါတယ်။ ဘာပဲဖြစ်ဖြစ် ဘယ်လိုပဲအခွန်မဆောင်ချင်ပေမယ့် မဖြစ်မနေ ပေးဆောင်နေရတာကလည်း ဒီအခွန်ပဲ ဖြစ်ပါတယ်။ ဒီစာစု အစမှာ တင်ပြခဲ့သလို အခွန်ဆိုတာ အစိုးရရဲ့ ယန္တရားစီမံခန့်ခွဲရေးလည်ပတ်နိုင်ဖို့ နိုင်ငံသားများက မျှဝေပေးရတဲ့ အဖိုးအခဟာ အခွန်ပဲဖြစ်ပါတယ်။ ဘာကြောင့် ဒီအခွန် မဆောင်ချင်တာလဲ၊ ရှောင်ချင်တာလဲဆိုတာကို လေ့လာကြည့်တော့ အခွန်နဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှုနဲ့ မနီးစပ်ခဲ့တာ အခွန်ဆောင်တာကို ဂုဏ်ယူဝံ့ကြွားစရာလို့ သတ်မှတ်တဲ့ယဉ်ကျေးမှုကို နားမလည်တာလို့ ပြောရမှာဖြစ်ပါတယ်။

နိုင်ငံတကာမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများဟာ နိုင်ငံတော်ကို တစ်နှစ်အခွန်ဘယ်လောက်ဆောင်နိုင်တယ်။ ဒီလိုအခွန်ဆောင်နိုင်ခြင်းဟာ မိမိရဲ့ လုပ်ငန်းကြီးကျယ်မှု၊ အောင်မြင်မှု၊ ဝင်ငွေရရှိမှုကို တိုင်းပြည်နဲ့ လူထုသိစေသလို ဒီလုပ်ငန်းဟာ စိတ်ချရတဲ့ ယုံကြည်ရတဲ့ အားထားရသောလုပ်ငန်းတစ်ခုလို့ အထင်ကြီးခံရ၊ ယုံကြည်အားထားခံရတယ်ဆိုတဲ့ ခံယူချက်နဲ့ ဝင့်ကြွားဂုဏ်ယူကြတာကို လေ့လာစေလို အတုယူစေလိုပါတယ်လို့ ဒီနေရာကနေ တင်ပြလိုပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ခန့်မှန်းရေးဆွဲရာမှာ လက်ရှိဘဏ္ဍာနှစ်ပြုပြင်ခန့်မှန်းခြေစာရင်းအရ ကျပ်ဘီလီယံ ၄၀၀၀ ခန့် ဘတ်ဂျက်လိုငွေရှိနေပြီး လာမည့်ဘဏ္ဍာနှစ်အတွက် ခန့်မှန်းခြေ ကျပ်ဘီလီယံ ၄၁၀၀ ခန့်အထိ လိုငွေရှိနိုင်ကြောင်း ခန့်မှန်းရေးဆွဲထားတယ်လို့ လေ့လာသိရှိရပါတယ်။ စီးပွားရေး နိုဗယ်ဆုရှင်တစ်ဦးဖြစ်တဲ့ မယ်လ်တန်ဖရိုင်းမန်က "ငွေကြေးဖောင်းပွမှုဟာ ဥပဒေမဲ့အခွန်ကောက်ခံမှုဖြစ်တယ်"လို့တောင်ဆိုထားတာ လေ့လာဖူးပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ကောက်ခံနေတဲ့ အခွန်အမျိုးအစား (၂၀)အထိ ရှိနေပါတယ်။ ဒီအမျိုးအစား (၂၀)ထဲက ပြည်သူတွေအများဆုံး ထိတွေ့နေရတဲ့ အခွန် (၅)မျိုးကတော့ ပြည်တွင်းအခွန်ဦးစီးဌာနက တာဝန်ယူနေတာပါ။

ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ အောင်ဘာလေထီခွန်၊ တံဆိပ်ခေါင်းခွန်တို့ပါပဲ။ ကောက်ခံရရှိတဲ့အခွန်ငွေတွေရဲ့ လေးပုံ သုံးပုံခန့်ရှိတယ်လို့လည်းသိရပါတယ်။ သိသာလွယ်ကူထင်ရှားတာပြောရရင် ထီထိုးရင်၊ ကံစမ်းရင်၊ အခွန် ၄၀ ရာခိုင်နှုန်း၊ ဈေးဝယ်မလား၊ စားသောက်ဆိုင်မှာစားမလား၊ နေ့စဉ်ပွတ်နေ၊ ဆွဲနေ၊ ဆက်နေတဲ့ ဖုန်းဘေလ်၊ ငွေဖြည့်ရင် ဒါတွေအားလုံးမှာ အခွန် ၅ ရာခိုင်နှုန်းယူနေတာ တွေ့ရပါတယ်။ ဆေးလိပ်တစ်ဘူး ဥပမာ- Red Ruby တစ်ဘူး လက်လီ ၇၅၀ ကျပ်မှာ အခွန်က ၂၄၀ ကျပ်ယူနေတယ်။ တစ်လိပ် ၅၀ ကျပ်နှင့် ဝယ်သောက်ရင် အခွန် ၁၂ ကျပ်ကျတယ်။ ဘီယာသောက်မလား၊ ဝယ်ယူသောကုန်ကျစရိတ်ရဲ့ ၆၀ ရာခိုင်နှုန်းအထိ အထူးကုန်စည်ခွန် ပေးဆောင်နေရတာ သတိပြုမိသလား။ ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့အစည်းက ထုတ်ပြန်ရာမှာ ဝယ်ယူတဲ့ပစ္စည်းပေါ်မှာ အမြင့်ဆုံးအခွန်နှုန်းအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်မှာ တတိယမြောက် ရောင်းခွန်အပေးရဆုံး နိုင်ငံဖြစ်တယ်လို့ ဆိုပါတယ်။ ဒါတောင် အိမ်နီးချင်း အခြားနိုင်ငံများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံက အနည်းဆုံးလို့ လေ့လာရပါတယ်။ ကမ္ဘာ့ရောင်းခွန်အများဆုံးပေးဆောင်ရတဲ့ နိုင်ငံ ၁၀ နိုင်ငံမှာ ဘူတန်နိုင်ငံက ၅၀ ရာခိုင်နှုန်း၊ ဂျီဘူတီ (Djibouti) နိုင်ငံက ၃၃ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက ၃၀ ရာခိုင်နှုန်း၊ ဟန်ဂရီက ၂၇ ရာခိုင်နှုန်း၊ ခရိုအေးရှား၊ ဒိန်းမတ်၊ နော်ဝေး၊ ဆွီဒင်နိုင်ငံတို့က ၂၅ ရာခိုင်နှုန်း၊ ဖင်လန်၊ အိုက်စလန်က ၂၄ ရာခိုင်နှုန်း အထိရှိနေတာကို တွေ့ရပါတယ်။

အခွန်ကောက်ခံမှုရာခိုင်နှုန်းမြင့်မားတဲ့အထဲမှာ ပါဝင်ပေမယ့် မြန်မာနိုင်ငံရဲ့ အခွန်ရငွေနှင့် စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး (GDP)အချိုးမှာ အာဆီယံဒေသတွင်းနိုင်ငံတွေမှာ အနည်းဆုံးပါ။ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ယခုအချိန်အထိ အခွန်ရငွေနဲ့ GDP အချိုးဟာ ၈ ဒသမ ၁၄ ရာခိုင်နှုန်းသာရှိနေပြီး၊ အာဆီယံဒေသပျမ်းမျှ အခွန်ရငွေနဲ့ GDP အချိုး ၁၅ ရာခိုင်နှုန်းတို့ကို နှိုင်းယှဉ်လျှင် ထက်ဝက်ခန့် သိသာစွာကွာနေတာကိုလည်းလေ့လာရပါတယ်။ ဒီအနေအထားမှာ မြန်မာနိုင်ငံ၏အခွန်ရငွေဟာ အာဆီယံနိုင်ငံတွေထဲမှာ နည်းနေတယ်ဆိုတာ သိသာနေပါတယ်။

အာဆီယံနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံရဲ့ အခွန်ဆောင်မှု ဝင်ငွေနည်းခြင်းအကြောင်းတရားဟာ လုပ်ငန်းရှင်အများစုရဲ့ အခွန်ရှောင်မှုကြောင့်ဆိုတာ ရှင်းရှင်းကြီး ပေါ်လွင်စေပါတယ်။ ဘာကြောင့် အခွန်မဆောင်ဘဲ ရှောင်နေကြရသလဲ။ ဒါဟာနိုင်ငံတော်ရဲ့ အခွန် ဆောင်မှုအလေ့အထယဉ်ကျေးမှုကို မနီးစပ်ခဲ့လို့၊ မရင်းနှီးခဲ့လို့ဆိုတာ သွားတွေ့ရပါတယ်။ ယခုနောက်ပိုင်းမှာတော့ နိုင်ငံတော်အနေနဲ့ သတင်းစာ၊ ဂျာနယ်၊ တီဗီရုပ်သံလိုင်းတွေမှာ အခွန်ယဉ်ကျေးမှုနဲ့ နီးစပ်အောင် ထုတ်လွှင့်နေတာ လေ့လာတွေ့ရှိရပါတယ်။

ပြည်သူနဲ့လုပ်ငန်းရှင်တွေကရော ဘာကြောင့် အခွန် မဆောင်လိုသလဲ။ လွယ်ကူထင်ရှားတာ ဥပမာ ပြောရရင် နယ်စပ်က အခွန်မဆောင်ဘဲ ပြည်တွင်းကို ဝင်လာတယ်။ တရားနည်းလမ်းမကျသော ရောင်းဝယ်မှုဖြစ်ပါတယ်။ နောက်တစ်ဦးက သတ်မှတ်ထားတဲ့ အခွန်ပေးဆောင်ပြီး ဝင်လာတယ်။ တရားနည်းလမ်းကျသော ရောင်းဝယ်မှုဖြစ်ပါတယ်။ ဒီပစ္စည်းနှစ်ခု ဈေးကွက်အတွင်းမှာ ယှဉ်ရောင်းရင် အခွန်ဆောင်လာတဲ့ ပစ္စည်းနဲ့ အခွန်ရှောင်လာသောပစ္စည်း ဘယ်သူက ဈေးပိုကြီးမလဲ။ ဘယ်သူကအရောင်းသွက်မလဲ။ ဘယ်သူက ရောင်းလို့အရင်ကုန်မလဲ၊ လေးစား အပ်ပါသော စာရှုသူ၊ အခွန်ဆောင်လာသူက အခွန်ဆောင်လာတဲ့အတွက် ဈေးကြီးမယ်။ အခွန်ရှောင်လာသူက ဈေးလျှော့ရောင်းနိုင်မယ်ဆိုတာ သိသာထင်ရှားလွန်းပါတယ်။

ဒါက တဒင်္ဂ အကျိုးအမြတ် တိုင်းပြည်က ရသင့် ရထိုက်တဲ့ အခွန်မရဘဲသုံးရမယ့် လမ်းပန်းဆက်သွယ်ရေး၊ ပြည်တွင်း တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်ကာကွယ်ရေး၊ အပြည့်အဝ အသုံးမချနိုင်ရင် ဘယ်လိုနေမလဲ။ တရားဥပဒေမစိုးမိုးတော့ ပြည်တွင်းရောင်းရ၊ ဝယ်ရအဆင်ပြေမလား။ နိုင်ငံရဲ့လုံခြုံရေး၊ မတည်ငြိမ်တော့ နယ်စပ်မှာ ဘယ်လိုပစ္စည်းဝယ်မလဲ ရေရှည်စဉ်းစားကြည့်ရင် သိသာပါတယ်။ တစ်လောက မူဆယ်(၁၀၅)မိုင်မှာ လုံခြုံရေးမတည်ငြိမ်လို့ နှစ်နိုင်ငံအရောင်းအဝယ်တွေ အ, သွားတာ၊ သွားရလာရတဲ့လူတွေ ရင်တထိတ်ထိတ်နဲ့ ဘုရားတပြီးသွားရတာ၊ အသတ်ခံရတာ၊ မိုင်းခွဲခံရတဲ့အဖြစ်တွေဟာဆိုရင် မကြာသေးပါဘူး။ လောလောလတ်လတ်ပါ။ ဒီတော့ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံမှာ အစိုးရနဲ့ ပြည်သူကြား အခွန်ဆောင်မှု ဘယ်လောက်အရေးပါသလဲ။ ဘယ်လောက်အရေးကြီးသလဲ။ ကိုယ်အခွန်ဆောင်လိုက်လို့ ကုန်သွားတဲ့ငွေက ရရှိလာတဲ့ အကျိုးအမြတ်က မယှဉ်သာအောင် ကွာတာကိုသိစေလိုပါတယ်။

နိုင်ငံတော်အပိုင်းကလည်း အခွန်ကိစ္စနှင့်ပတ်သက်လို့ ပြည်သူတွေ ထင်ရှားသိလွယ်အောင် ချပြဖို့ ရှင်းပြဖို့ ပြည်သူတွေ လုပ်ငန်းရှင်တွေကလည်း ဒီလိုအခွန်ဆောင်ခြင်းဟာ ငါတို့အတွက် လမ်း၊ တံတား၊ မီး၊ ရေကအစ တိုင်းပြည်ကာကွယ်ရေးအထိ အသုံးချနေတယ်ဆိုတာကို နားလည်သဘောပေါက်လို့ ငါတို့အခွန်ဆောင်လို့ ဒီလို အေးအေးချမ်းချမ်းနေရ၊ ကောင်းကောင်းမွန်မွန်သွားရ၊ အဆင်ပြေစွာ ရောင်းရဝယ်ရတယ်လို့ သဘောပေါက်ဖို့ လိုနေပါပြီ။

တစ်လောကသတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ နိုင်ငံတော်ပြည်သူအများချစ်တဲ့ ရုပ်ရှင်သရုပ်ဆောင်တွေ အခွန်ဆောင်နေကြတာကို တခမ်းတနား ဖော်ပြထားတာကိုပါ။ အခွန်ဆောင်တာကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီလို ဖော်ပြတာကိုလည်း ကြိုဆိုရမှာပါ ။ ဘာပဲပြောပြော အစမှာတင်ပြခဲ့သလို ဘယ်နိုင်ငံမှာမဆို အစိုးရနဲ့ ပြည်သူအကြား အခွံနှင့်အခွန် နှစ်ခုစလုံး တွေ့ကြုံနေကြရတာပါ။

ပထမအခွံဖြစ်တဲ့ အမှိုက်ကို အစိုးရနဲ့ပြည်သူ လက်တွဲညီစွာရှင်းနိုင်သလို ဒုတိယအခွန်ကိုလည်း အစိုးရဘက်က ပွင့်လင်း မြင်သာစွာချပြ၊ ပြည်သူကလည်း မှန်မှန် အခွန်ဆောင်ကြရင် တိုင်းပြည်ကြီးပွားဖို့၊ တိုးတက်ဖို့၊ အေးချမ်းဖို့၊ သာယာဖို့ဆိုတာ နားလည်သဘောပေါက်ကြမယ်ဆိုရင် ပြည်သူနဲ့ အစိုးရစိတ်တူကြပြီး ကောင်းစားစေဖို့အရေး "နိုင်ငံချစ်သူတိုင်း အခွန်ဆောင်ကြသည်" လို့ ကြွေးကြော်ခွင့်ပြုကြပါစေလိုကြောင်းပါ။

Vol: 17, No.11 Monday March 13 2017

# ရိုဒ်ကုန်သွယ်ရေးစခန်းရဲ့ အဓိက ပို့ကုန်ကွမ်းသီးများအား ပုံမှန်အတိုင်း ပြန်လည်တင်ပို့ နိုင်တော့မည်

ရိုဒ်ကုန်သွယ်ရေးစခန်းရဲ့ အဓိက ပို့ကုန်ဖြစ်တဲ့ ကွမ်းသီးကို တစ်ဖက်အိန္ဒိယနိုင်ငံသို့ ပုံမှန်အတိုင်း ပြန်လည်တင်ပို့နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းလျက်ရှိတာကြောင့် မကြာခင်ကာလမှာ တစ်ဖက်အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်တော့မှာ ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ရိုဒ်ကုန်သွယ်ရေးစခန်းမှာ ကျင်းပတဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ရိုဒ်စခန်းတာဝန်ခံက ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ကာ မြန်မာကွမ်းသီး လက်ကားကိုယ်စားလှယ်များနဲ့ အိန္ဒိယနိုင်ငံ အိုက်ဇောကုန်သည်အသင်းတို့အကြား အသင်းရန်ပုံငွေ တောင်းခံမှုနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလျက်ရှိရာမှာ ပြေလည်မှုမရရှိတဲ့အတွက် တစ်ဖက်နိုင်ငံသို့ ကွမ်းသီးတင်ပို့မှုများ ရပ်ဆိုင်းခဲ့ရပါတယ်။ ဒါပေမဲ့ ကွမ်းသီးတင်ပို့သူ လုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဒေသရှိ ဂိုထောင်များမှာ ခေတ္တသိုလှောင်ထားကြောင်း သိရပါတယ်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ မြန်မာကွမ်းသီး လက်ကား ကိုယ်စားလှယ်များနဲ့ အိုက်ဇောကုန်သည်တို့အကြား ဆွေးနွေးလျက်ရှိရာ ယခုအခါမှာ ပြေလည်မှုများ ရရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ဇိုရ်ခေါဒါမှာ ဖြစ်ပေါ်နေတဲ့ အလုပ်သမားရေးရာ ကိစ္စရပ်များကိုလည်း ဆက်လက်ဆွေးနွေးလျက်ရှိတယ်လို့ ဆိုပါတယ်။

ယင်းကိစ္စများ ပြေလည်မှု ရရှိပါက မြန်မာ့ပို့ကုန် ကွမ်းသီးများကို တစ်ဖက်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်။

ရိုဒ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဖေဖော်ဝါရီလတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၈ သန်းရှိခဲ့တဲ့အတွက် ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၁၉ သန်းအထိ ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှု ပမာဏမှာ လျာထားချက်ရဲ့ ၁၃၃ ဒသမ ၉၆၇ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့တယ်လို့သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ထိုင်းကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၅၉၄၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၃၄၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၉၅ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုကဲ့သို့ တင်ပို့မှုလျော့နည်းခဲ့ရခြင်းမှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သော်လည်း မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ တင်ပို့မှု လျော့နည်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန် တန် ၉၀ ခန့်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ငါးအသားလွှာ၊ ရေခူခြောက်၊ ငါးခြောက်၊ အေးခဲငါးအသားလွှာ ၂၃၇၅ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၇၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ အခြား ရေထွက်ကုန် ၃၄၈၂ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ပိုမိုပြီး တန်ဖိုးလျော့နည်းတင်ပို့

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၇၇၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၈ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၆၈၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၂၃၆ သန်း လျော့နည်းခဲ့ပြီး ပမာဏအားဖြင့် တန်ချိန် ၉၃ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ငါးလေးခြောက်၊ ငါးဆားနယ် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်က တင်ပို့ခြင်းမရှိတဲ့ ငါးမှုန့် တင်ပို့ခဲ့ပါတယ်။ ကဏန်း၊ ငါးမျိုးစုံ၊ ပုစွန်ဖွဲ့နဲ့ ငါးလိပ်ကျောက် အရေခွံခြောက် တင်ပို့မှုမှာ ယခင်တစ်ပတ်ထက် လျော့နည်းခဲ့တာကြောင့် တန်ချိန်ပိုမိုပြီး တန်ဖိုးလျော့နည်းခဲ့ရတာ ဖြစ်ပါတယ်။

တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့်ဈေးမှာမပြောင်းလဲဘဲ ကဏန်းဈေးက ယခင်သီတင်းပတ်က တစ်တန်ကို ၅၃၃၈၁ ယွမ်ရှိရာမှာ ယခုတစ်ပတ်မှာ ၅၃၆၅၆ ယွမ်သို့ အနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖေဖော်ဝါရီလအတွင်း ရေထွက်ကုန်တန်ချိန် ခြောက်ထောင်ခန့် တင်ပို့နိုင်ခဲ့ကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# ဖမ်းဆီးရမိသော ယာဉ်နှင့်ကျောက်စိမ်းတုံးများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း



မတ် ၆ ရက်နေ့တွင် မြစ်ကြီးနားမှ ထွက်ခွာလာသည့် IPSUM ယာဉ်အမှတ် 7L/xxxx သည် ကန်ပိုက်တီ (OSS) ဂိတ်တွင် ရပ်တန့်စစ်ဆေးခြင်းမခံဘဲ ဆက်လက်မောင်းနှင်သွားခဲ့ကြောင်း၊ အဆိုပါယာဉ်ပေါ်တွင် ခရီးသည်မပါရှိဘဲ အလေးချိန်များနေသည်ကို တွေ့ရှိရသဖြင့် ကန်ပိုက်တီစခန်းတာဝန်ခံနှင့် အကခ၊ မနရတို့က နောက်မှ လိုက်လံဖမ်းဆီးခဲ့ရာ နယ်စပ်လိုဏ်ဂူအနီး ဆန်ဂိုထောင်ဝင်းတွင် ယာဉ်ကိုရပ်တန့်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါသည်။

ထို့နောက် စစ်ဆေးရေးအဖွဲ့က ယာဉ်ကို စစ်ဆေးခဲ့ရာ ကျောက်စိမ်းဟု ယူဆရသော ကျောက်အိတ်များ တင်ဆောင်လာသည်ကို တွေ့ရှိရသဖြင့် ပစ္စည်းနှင့်ယာဉ် စုစုပေါင်းတန်ဖိုး ကျပ် ၃၂၆၁၆၀၀ ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါသည်။ ယာဉ်ပေါ်ပါ ကျောက်အိတ် ၁၅ အိတ်ကို မြစ်ကြီးနား အကောက်ခွန်ရုံးတွင် အသေးစိတ် ဖွင့်ဖောက်စစ်ဆေးချိန်တွယ်ရာ ကျပ် ၇၆၁၆၀၀ တန်ဖိုးရှိ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၄၄၃ တုံး (၅၄၄ kg) ကို တွေ့ရှိ ခဲ့ရပါသည်။

အဆိုပါကျောက်စိမ်းတုံးများအား မတ် ၆ ရက်နေ့တွင် အသေးစိတ် ဖွင့်ဖောက်စစ်ဆေးမှု အခြေအနေကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနမှ ဝန်ကြီးကိုယ်တိုင် လာရောက်ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း ကန်ပိုက်တီစခန်းမှ သတင်းရရှိပါသည်။ **ကန်ပိုက်တီကုန်သွယ်ရေးစခန်း**

# ၂၀၁၆ခုနှစ်၊ အောက်တိုဘာမှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဝက်အရှင် ခြောက်သောင်း နီးပါးကို တရားဝင်ပို့ကုန်/သွင်းကုန်ဆောင်ရွက်နိုင်ခဲ့



ရှမ်းပြည်နယ်အစိုးရက ၂၀၁၆ ခုနှစ်၊ ဩဂုတ်မှစ၍ တရားမဝင် ကုန်သွယ်မှု လျော့နည်းကျဆင်းရေးနှင့် ရသင့် ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိနယ်စပ်ဝင်ပေါက်များ ကြီးကြပ်ရေး ပြည်နယ်ကိုယ်စားလှယ်ကို ခန့်အပ်တာဝန်ပေးဆောင်ရွက်ခဲ့ပြီးနောက် တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ဝက်အရှင် အကောင်ရေ ၅၈၈၀၀ ကို ပို့ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးနိုင်ခဲ့ပြီး ကုန်သွယ်မှုတန်ဖိုး ကျပ်၁၁၅၂ ဒသမ ၁၁ သန်းကျော် တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၆ခုနှစ်၊ အောက်တိုဘာမှ ဖေဖော်ဝါရီအထိ ဝက်အရှင်ကောင်ရေ ၇၈၀၀ ကို တရားဝင်လိုင်စင်ဖြင့် တင်သွင်းခဲ့ပြီး ဝက်အရှင်အကောင်ရေ ၅၈၈၀၀ ကို ပို့ကုန်လိုင်စင်ဖြင့် တင်ပို့ခဲ့ကြောင်း၊ ယခင်ကဝက်အရှင်များကို မဲခေါင်မြစ်ကြောင်းမှ တရားမဝင် တင်သွင်းမှုသာရှိခဲ့ပြီး ယခင်နှစ်များကလည်း ယခုကဲ့သို့ ဝက်အရှင်များတရားဝင်တင်သွင်းခြင်း၊ တင်ပို့ခြင်းကို မတွေ့ရှိခဲ့ကြောင်းနဲ့ ရှမ်းပြည်နယ်အစိုးရ၏ နယ်စပ်ဝင်ပေါက်များ ကြီးကြပ်ရေး ကိုယ်စားလှယ်ထားရှိစီမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အကောက်ခွန်ဆိုင်ရာ ရငွေမှာ ၁၁၈ ရာခိုင်နှုန်းအထိ လျာထားချက်ကို ကျော်လွန်ရရှိနေပြီဖြစ်ကြောင်း၊ တာချီလိတ်မြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောပြချက်အရသိရသည်။

**မင်းအောင်(တောင်ကြီး)**

## ပြည်တွင်းသို့ဆိုင်ကယ်များပိုမိုတင်သွင်း

ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၃ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၂၁၆၁ စီးကိုတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၉၀၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၉စီး ပိုမို တင်သွင်းနိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းမှုမရှိသော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ ပိုမို တင်သွင်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၈၃၁ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၂၁ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ကမ္ဘာကြီးနှစ်ခြမ်းကွဲသွားရင် စားသုံးသူ အကာအကွယ်ပေးရေးဌာနရှိတဲ့ဘက်မှာ နေမယ့်........ကျွန်တော်

မြင့်ဦး(ပခုက္ကူ)



ဖေဖော်ဝါရီလအတွက် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲတွေ ကျင်းပဖို့ နယ်တွေကို ဆင်းရပါတယ်. . . ပခုက္ကူခရိုင်ရုံးဆိုပေမယ့် ဂန့်ဂေါခရိုင်ပါ တွဲကိုင်ရတာဆိုတော့. . . ပခုက္ကူခရိုင် (၅)မြို့နယ်ပြီးတော့ ဂန့်ဂေါခရိုင်ဘက်ကို ခရီးဆက်ပြီး ထွက်ရပါတယ်။ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု လေးမြို့နယ်မှာ ကိုယ်က ဆော၊ ကျောက်ထုဘက်ကို တာဝန်ပေးခံရတာဆိုတော့ လုပ်ဖော်ကိုင်ဘက် "ညီအစ်ကိုများ ခရီးထွက်ရပါတယ်. . ဒါများ လစဉ်သွားနေတာ ဘာဆန်းလို့လဲ"ဆိုတော့ ဟုတ်ကဲ့ ရာသီကစ ဒီတစ်ခေါက် ဆန်းပါတယ်။ တပို့တွဲလကွယ်. . . တပေါင်းလဆန်းထဲမှာဆိုတော့ မြန်မာစကားလုံးမှာရှိတဲ့ "နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း" ဆိုတဲ့ စာဆိုနဲ့အညီ တပေါင်းလဟာ နေ့ခင်းများမှာ ပူပုံတော့ ကိုယ့်ပခုက္ကူမှာ ပူသလိုပူပါတယ်၊ ညကျတော့ ညဉ့်နက်ပိုင်း(၂း၀၀)နာရီနောက်ပိုင်းဆိုရင် အိပ်လို့မရအောင်ကို အေးတယ်လို့ပြောရင် စာရှုသူတို့လွန်တယ် ထင်မှာပေါ့။ ကိုယ်တိုင် ခံစားရတာဆိုတော့ တကယ်ကို အေးလှပါတယ်. . . ဒါက ရာသီဥတုအပိုင်း၊ တစ်ခါ ကျောင်းတွေက စာမေးပွဲတွေဖြေ ကျောင်းပိတ်မယ့်အချိန်ဆိုတော့ ကျောင်းတွေမှာ ဟောပြောမှုဆိုတာ မရနိုင်တော့ပါဘူး။ မဖြစ်မနေ ဟောပြောရင်လည်း ကိုယ့်ဟောပြောမှုကို စိတ်ဝင်စားကြမှာ မဟုတ်ပါဘူး။ သူတို့အတွက် စာမေးပွဲက အရေးကြီးနေချိန် ဖြစ်နေတာကိုး. . . ဒီတော့ မိဘပြည်သူတွေကို အဓိကထား ဟောကြပြောကြရတော့တာပေါ့။ သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို တယ်လီဖုန်းနဲ့ဆက်ပြီးတော့ ကျွန်တော်တို့ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနကပါ အုပ်ချုပ်ရေးမှူးတို့ရွာကို "စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ" ဆောင်ရွက်လိုပါတယ်။ ရွာမှာ လူစုပေးပါ ဘယ်အချိန်ပေးနိုင်မလဲ အမိန့်ရှိပါဆိုတော့ အုပ်ချုပ်ရေးမှူးများက ပြန်ပြောကြပါတယ် "ဦးစီးရေ. . . ဆရာရေ. . . ရွာမှာက တောင်သူလုပ်တဲ့သူ များတယ်ဗျ။ နံနက်ခင်းဆိုရင် တော(အခင်း)သွားတယ် နေ့ခင်း ထမင်းစား တရေးနားပြီး ညနေဆိုရင်လည်း တော(အခင်း) ဆက်သွားရတယ်၊ ဒီအချိန်က ကြက်သွန်ဖြူစိုက်ချိန် ပဲစင်းငုံ ရိတ်သိမ်းချိန်ဆိုတော့ နေ့ခင်း(၁း၀၀) နာရီလောက်ဆိုရင် ဖြစ်မလား. . ရမလား. . . မေးလာတော့ ဘာပြောရမလဲဗျာ ကိုယ်က ဟောပြောရမယ့်တာဝန်ကလည်းရှိ စိတ်စေတနာကလည်း ထက်သန်၊ ဖြစ်ပါတယ်၊ ရပါတယ်ပေါ့ဗျာ။ ဒါက ရွာတိုင်းလိုလို သူတို့ အခက်အခဲနဲ့ တင်ပြကြတာဆိုတော့ တစ်နေ့ကို (၂)ပွဲ၊(၃)ပွဲ ရဖို့ အတော်ကြိုကြရပါတယ်။ လက်တွေ့အနေနဲ့ နံနက်(၇း၃၀) နာရီမှာ "ပင်ထောင်ရွာ"မှာ ဟောပြောပွဲလုပ်၊ နေ့ခင်း (၁း၀၀) နာရီမှာ "ကြူတောရွာ"ကို ဆက်ခရီးထွက်ရမှာပါ "ပင်ထောင်ရွာ"နှင့် "ကြူတောရွာ" အကွာအဝေးက (၅)မိုင်နီးပါးပဲရှိတာပါ။ ဆိုင်ကယ်နှင့် တကယ်သွားတော့ (၁)နာရီလောက်ကို ကြာပါတယ်။ မြေပြန့်မှာ (၁)နာရီဆိုရင် မိုင်(၂၀)လောက် ရောက်တဲ့အနေအထားမှာ (၅)မိုင်လောက်ကို (၁)နာရီလောက်ကြာအောင် စီးရတယ်ဆိုရင် ဒီလမ်းခရီး ဘယ်လောက်ကြမ်းမလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့ စာရှုသူ. . . . ဖောက်ထိုးဆင်း လိုက်မော့တက်လိုက် ချောင်းကိုကူးလိုက် တံတားဖြတ်လိုက် ကွေ့တက်ကွေ့ဆင်း အောက်ကလမ်းကလည်း ကျောက်ခဲအတိနဲ့ပါ. . . တဒိုးဒိုး. . . တအုံးအုံးနဲ့ပါ။ ဂန့်ဂေါက သူငယ်ချင်း ဒိုင်မှူးတစ်ယောက်ပြောတဲ့စကားကို ပြန်သတိရပါတယ်. . . . ကျွန်တော်တို့ဒိုင်ကို လာမယ်ဆိုရင် လမ်းမှာ နှစ်ကုန်းတစ်ကော့ ကျော်ဖြတ်ရမယ်ဆိုတာကိုပါ။ အခုရဲ့ အစရာသီက "နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း"တယ်ဆိုတာကို နေကပူပူ တက်လိုက်. . ဆင်းလိုက်နဲ့ ဆိုင်ကယ်တွေဆိုရင် ညှော်စော်တွေနံ့သလို လူကလည်း ချိန်းဆိုထားတဲ့ ရွာရောက်လို့ ဆိုင်ကယ်ပေါ်ကလည်း ဆင်းရော. . တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာကျင်ခံစားရပါတယ်. . . ဒါပေမဲ့ ဟောပြောပွဲလည်း စရော လာရောက်နားထောင်သူတွေရဲ့ မျက်နှာတွေမြင်ရတော့ ကိုယ်ဟောပြောတဲ့နေရာမှာ အတည်ဟောလိုက် အသောထည့်လိုက်နဲ့ တချို့ဆိုရင် ထိန်းသိမ်းလို့မရအောင်ကို ရယ်ကြပါတယ်။ သဘောကျတယ်. . နှစ်ခြိုက်တယ်. . နောက် တစ်ခါ လာဟောပါဦး ပြောပါဦး ဒါတွေ မသိဘူး ဆရာ. . . တအားအန္တရာယ်များတာတွေကို. . . ကလေးတွေရော လူကြီးတွေရော ဗဟုသုတရတာလား ကိုယ်တစ်လှည့် ပါသူတွေတစ်လှည့် ဟောတာ(၂)နာရီနီးပါးကြာပါတယ်. . ဒါတောင်. . ဘာပြောကြလဲဆိုတော့ နားထောင်လို့ကောင်းတုန်း. . ပြီးတော့မှာလား ဆရာ. . ညောင်းရင်. . ထိုင်ပြောလည်းရပါတယ်. . လုပ်ကြပါဦးဆိုတဲ့ အသံတွေကြားလာရတော့ ကျွန်တော်တို့အဖွဲ့တွေ ဘယ်လိုနေမလဲ ဘယ်လောက်ပဲ ပူပူ. . ဘယ်လောက်ပဲ အေးအေး. . ခရီးလမ်းပန်း ဘယ်လိုကြမ်းကြမ်း ခန္ဓာကိုယ်ကာယိက ဒုက္ခဘယ်လိုပဲ ဖြစ်ဖြစ် စားသုံးသူတွေရဲ့ အသံလှိုင်းတွေကြောင့် မောသမျှ ပမ်းသမျှ ပိန်းကြာရွက်ပေါ် ရေမတင် သလိုပီတိသုခကိုခံစားရပါတယ်ဗျာ. . . အမောတွေပြေ ပီတိတွေဖြစ်လို့ကိုယ်စေတနာကိုယ်အကျိုး ပေးတယ်လို့ ခံယူပါတယ်. . . ကိုယ်ပြုသည့်ကံ. . ပဲ့တင်သံကိုယ်ထံပြန်လာတယ်ဆိုတာမျိုးပေါ့. . . ဒီလိုနဲ့ပဲ ပြန်လာအနားယူ နောက်ရက်အတွက် ချိတ်ဆက်လို့ ဆောင်ရွက်ခဲ့ကြရပါတယ်။ ပြောချင်တာက ကိုယ်အလုပ်ကို တာဝန်ယူမှု တာဝန်သိမှု တာဝန်ခံမှု တာဝန်ကျေပွန်ရင်. . ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း ပန်းသမျှကို လွမ်းစရာအဖြစ် အမှတ်တရရှိနေတတ်တာကို ပြောတာပါ။

အခုတလော ဆိုရှယ်မီဒီယာဆိုတဲ့. . ဖေ့စ်ဘုတ်မှာ အင်မတန်ရေပန်းစား ခေတ်စား ပေါ်ပြူလာဖြစ်နေတဲ့ သတင်းတစ်ခုဖတ်ရပါတယ်။ အဲဒါကတော့ "ကမ္ဘာကြီး နှစ်ခြမ်းကွဲသွားရင် အချစ်ရှိတဲ့ဘက်မှာနေမယ်"ဆိုတဲ့ ကဗျာ ခေါင်းစဉ်ပါ. . . . ကိုယ်သန်ရာကိုယ်လုပ်တယ် ရှယ်ပေးကြတာတွေ့ရပါတယ်။ မိုးဇလည္ထွန်းချုပ် (အငြိမ်းစား) ဒေါက်တာ (ဦး)ထွန်းလွင်ကတောင် ကမ္ဘာကြီး နှစ်ခြမ်းကွဲသွားရင် မိုးတိမ်တွေရှိတဲ့ဘက်မှာနေမယ်လို့ ရှယ်ပေးထားတာ ဖတ်ရပါတယ်။ ယုတ္တိရှိမှု မရှိမှု၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာအပထား တင်စားပြောတာဆိုတော့ လက်ခံကြရမှာပါ။ ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒါဆိုရင် စာရှုသူ ကျွန်တော် ကိုရော ဘယ်ဘက်မှာနေမလဲလို့ မေးလာရင် ဟုတ်ကဲ့. . . ကျွန်တော်ကတော့ "ကမ္ဘာကြီး နှစ်ခြမ်းကွဲသွားရင်. . စားသုံးသူအကာအကွယ်ပေး ရေးဌာနရှိတဲ့ဘက်မှာ နေမယ်လို့" ပြောမယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့ ရနိုင်ပါတယ်. . . . ဟုတ်ကဲ့. . . ကမ္ဘာကြီးနှစ်ခြမ်းကွဲသွားရင်. . . စားသုံး သူအကာအကွယ်ပေးရေးဌာနဘက်မှာနေမယ့် ကျွန်တော်ပါ. . . . . . . . ။

❑

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇) ကျင်းပ

စားသုံးသူ အကာအကွယ်ပေး ရေး လုပ်ငန်းစဉ်များ ထိရောက်အောင် မြင်စွာ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၃/ ၂၀၁၇) ကို မတ်လ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီ နှစ်ရပ်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သောင်းက မိမိတို့အဖွဲ့အစည်းသည် စားသုံးသူ အကျိုးကို ကာကွယ်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ဆောင်ရွက်ချက်များသည် သိသာထင်ရှားသည့် ကိစ္စရပ်များရှိခဲ့ပါကြောင်း၊ ပြည်သူများကို လိမ်လည်ရောင်းချရန် စီစဉ်ထားသည့် ဆီများကို စျေးကွက် အတွင်း မရောက်အောင် တားဆီးနိုင်ခဲ့ ပါကြောင်း၊ စားသုံးသူအကာအကွယ် ပေးရေးဥပဒေလည်းရှိပြီး ဥပဒေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများလည်းရှိနေသဖြင့် စားသုံးသူပြည်သူများ ယုံကြည်အားကိုး လာကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး ဦးမြင့်ချိုက ယခင်လ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်း၊ စျေး၊ ကောလိပ်၊ ရပ်ကွက်/ကျေးရွာ ပြည်သူလူထုများနှင့် စက်မှုဇုန်များမှ စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာ ပေးဟောပြောပွဲနှင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ဖေဖော်ဝါရီလအတွင်း ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသို့ တိုင်ကြားလာမှုများအပေါ် တိုင်ကြားခံရသူနှင့် စား သုံးသူနှစ်ဦးနှစ်ဖက်အကြား ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများကို တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာကြသည့် အဖွဲ့ဝင်များက စီးပွားရေးလုပ်ငန်းရှင်များသည် ပြဋ္ဌာန်းထားသည့် ဥပဒေများကို အလေးထား လိုက်နာဆောင်ရွက်ရန်၊ ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းကို အမှတ်တံဆိပ်ပြည့်စုံပြီး စံချိန်၊ စံညွှန်းနှင့် ကိုက်ညီအောင် ထုတ်လုပ်စေရန်နှင့် SMEs လုပ်ငန်းရှင်များအား GHP၊ GMP တို့ကို သိရှိစေရေး အသိပညာပေးရန်နှင့် ကြပ်မတ်စေရန်တို့အပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်မမ (စားသုံးသူ) ရန်ကုန်**


Premium Quality
PEP
Omega 3+
ဉာဏ်ရည်အတွက်အဖြေရှာ
ပက်(ပ်)...အိုမီဂါ
နယူးဇီလန်နိုင်ငံမှ နို့မှုန့်နှင့် နော်ဝေးနိုင်ငံမှအိုမီဂါသရီး တို့ကို အသုံးပြုထုတ်လုပ်ထားပါသည်။
ဦးနှောက်၊ အာရုံကြောစနစ်နှင့် နှလုံးကျန်းမာရေးအတွက်ကောင်းမွန်ပါသည်။
Red Horse Dairy Industries Limited. Ph : 01- 541124, 551647, 551290 (Hot Line: 09 7777 5 7777)


Khit Like Co., Ltd.
No. 43, 18th Street, Latha Township, Yangon, Myanmar.
Tel : (951) 226431 / 226506, Fax : (951) 210959, E-mail : khitlike@gmail.com
361°
ONE DEGREE BEYOND
MYA


Yin Yin Kyaw Animal Health
zoetis
VETALL
Cipla
NUTRIX
တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ
တိရစ္ဆာန်သုံးဆေးဝါးများ
ခွေးစာ၊ ကြောင်စာများ
Ph: 09-96 505 9040, 09-730 941 26
E-mail: yinyinkyawvet@gmail.com
Website: www.yinyinkyaw.com


ထာဝရ နှစ်သက် စွဲလမ်းစေမည် . . . သဘာဝ
POP POP
COFFEE
2 PLUS 1
POP POP
ရန်ကုန် 09 79 50 60 111
မန္တလေး 09 79 50 60 222
ပြင်ဦးလွင် 09 79 50 60 333


မြန်မာနိုင်ငံ၏ ချည်မျှင် နှင့် အထည်လုပ်ငန်းများအတွက်
ထူးခြားကောင်းမွန်သော အနာဂတ်ကို မြင်သာလာ စေမည့် ကုန်စည်ပြပွဲကြီး
Myanmar Expo 2017
GAR-TEX
29-31 March 2017
Rose Garden Hotel
Yangon - Myanmar
ဖွင့်ချိန် : နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ (ဝင်ကြေးအခမဲ့)
ဆက်သွယ်ရန်
Email: info@veas.com.vn | Tel: 09420025684 ,09975895608 | www.gartex-myanmar.com
ပြပွဲစီစဉ်သူ
FOREMOST
ထောက်ပံ့ပေးသော အဖွဲ့အစည်း
မီဒီယာပံ့ပိုးပေးသူများ
TextileToday
TEXTILE VALUE CHAIN
Knitting Industry
textile Excellence
Biz
TextileAsia
THAI BIZ
TIMES INTERNATIONAL
textile
FASHION NETWORK
FASHION JOBS
NONWOVEN Technical Textiles


SAMPAR OO
Premium Drinking Water
"Taste and feel the difference "
Yangon Head Office
No(113), Corner of Bayint Naung Rd & Kanaung Minthar Gyi St,
Shwe Pyi Thar Industrial Zone (4), Yangon.
Ph: 09-5080512, 09-5504808, 01-618291
Mandalay Branch
Hotline : 09-4210 960 37~8
Magway Branch
Hotline : 09-456 880 986~7

## တရုတ်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းစုံမှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၈၆ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၀၈၁၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၅၅၅၀ တန်၊ လွယ်ဂျယ်မှ ၁၄၃၉ တန်ကျော်၊ ချင်းရွှေဟော်မှ ၃၇၉၂ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၃၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ပြောင်းတန်ချိန် စုစုပေါင်း ၃၇၀၂၆ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နယ်စပ်မှ ပြောင်းဖူးစေ့ ၃၇၈၆ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်မှာ ပြောင်းတစ်တန်ဈေး ၂၂၅၆၈၁ ကျပ်ရှိရာမှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက် သီတင်းပတ်မှာ ၂၂၄၃၇၁ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာကို သယ်ယူစရိတ် (၇၂-၇၅) ကျပ်ရှိပြီး ပြောင်းကားစီးရေ ၁၂၄၃ စီးဝင်ရောက်ခဲ့ကြောင်းနဲ့ ဖေဖော်ဝါရီ တစ်လလုံး တရုတ်နယ်စပ်မှ ပြောင်းတန်ချိန် တစ်သိန်းရှစ်သောင်းခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၁၃၆၆၉ တန်ဖိုးရှိ ပြောင်းတန် ၅၀၀ ကို ယခုသီတင်းပတ်မှာ ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလမှာ တာချီလိတ်မှ ပြောင်းတန်ချိန် ၁၁၅၀ တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ဝါဂွမ်းတင်ပို့ပြီးမောင်တောမှ လဲမှိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၅၆၈၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၄၃၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ဝါ ၂၆၆ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် တရုတ်နိုင်ငံသို့ ဝါဂွမ်း ၁၆၈ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဖေဖော်ဝါရီတစ်လလုံး မူဆယ်မှ ဝါဂွမ်းတန်ချိန်တစ်ထောင်ကျော် တင်ပို့ခဲ့ပြီး လိုင်စင်ဈေးမှာတစ်တန်ကို အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိတယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း ယခု ရက်သတ္တပတ်တွင် အမေရိကန်ဒေါ်လာ ၂၃၅၇ တန်ဖိုးရှိလဲမှို(အစေ့ပါ) သုံးတန် နီးပါးကို တင်ပို့ခဲ့ပါတယ်။ မောင်တောမှ ဇန်နဝါရီလမှာ လဲမှိုတန် ၂၀ တင်ပို့ခဲ့ပြီး လိုင်စင်ဈေးတစ်တန်ကို အမေရိကန်ဒေါ်လာ ၈၅၀ ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ် ကုန်သွယ်ရေးဇုန်မှ ပရဆေးကုန်ကြမ်း ပုံမှန်တင်ပို့

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ - တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၅ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၆ မျိုး၊ တန်ချိန်အားဖြင့် ၁၁၉၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၁၁၁၈ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပရဆေး ၇၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစား ဂမုန်း၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ နန္နွင်းတက်၊ နန္နွင်းခေါင်း၊ စမုံနက်၊ ချင်းခြောက်၊ မာလာဥ၊ မာလာဥခေါင်း၊ ဆီးဆန်၊ ချဉ်ပေါင်ဖာလာ၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့နဲ့ မိကျောင်းကွမ်းဖတ်စေ့တို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ပရဆေးကုန်ကြမ်းများကို မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့လျက်ရှိရာ ဖေဖော်ဝါရီတစ်လလုံးမှာ ပရဆေး တန်ချိန်ပေါင်း လေးထောင်ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ပျားရည်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၄၀၀ တန်ဖိုးရှိ ပျားရည် ၃၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က တန် ၃၀ သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပျားရည်နှစ်တန် ပိုမို တင်ပို့ခဲ့တာတွေ့ရပါတယ်။ ဖေဖော်ဝါရီတစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပျားရည်တန် ၉၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း၊ ပျားရည်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၀၀ ရှိကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။ **မော်မော်အောင်**



## နိုင်ငံတကာ ရော်ဘာဈေးနှုန်း ကျဆင်းသော်လည်း ပြည်တွင်းရော်ဘာဈေးနှုန်းငြိမ်သက်

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၄ သန်းဖိုးရှိ ရော်ဘာတန် ၂၀၁၃ တန်ခန့် တင်ပို့ခဲ့တဲ့အနက် RSS1 ၁၁၆ တန်ကျော်၊ RSS3 ၁၅၄၈ တန်ကျော်၊ MSR 20 ၃၃၂ တန်နဲ့ MSR 50 ၁၆ တန်ဖြစ်ပါတယ်။ အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၉၆ သန်းဖိုးရှိ RSS1 ၄၃၄ တန်ခန့်နဲ့ RSS 3 ၁၇ တန်ကျော်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၀၆ သန်းဖိုးရှိ MSR 20 ၁၂၅ တန်ကျော် တင်ပို့ခဲ့ရာ စခန်းအားလုံးမှ စုစုပေါင်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂၆ သန်းဖိုးနဲ့ တန်ချိန် ၂၅၈၉ ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၄၃၈၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၉၃ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။

ဖေဖော်ဝါရီလအတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၀၈၇ သန်းဖိုးရှိ ရော်ဘာအမျိုးအစားစုံ ၁၁၇၅၂ တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ကာလဖြစ်တဲ့ ဇန်နဝါရီလက ရော်ဘာ ၁၃၅၀၀ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၁၇၄၉ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုလမှာ ရော်ဘာတင်ပို့မှု လျော့နည်းသလို ဖေဖော်ဝါရီလဆန်းပိုင်းက တက်ခဲ့တဲ့ ရော်ဘာဈေးဟာလည်း ယခုတစ်ပတ်မှာ ပြန်ကျသွားပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ RSS3 ဈေးမှာ တစ်တန်ကို ကျပ် ၂၇ ဒသမ ၁၆ သိန်းနဲ့ RSS 5 မှာ တစ်တန်ကို ကျပ် ၂၆ ဒသမ ၁၉၇ သိန်းဖြစ်ပါတယ်။ ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ကျပ် ၁၄၀၀၀ ဈေးကျပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၂ သန်းဖိုးရှိ ရော်ဘာ ၇၇၄ တန် တင်ပို့ခဲ့တဲ့အနက် မလေးရှားနိုင်ငံသို့ RSS 3 ၅၀၅ တန်၊ ဂျပန်နိုင်ငံသို့ MSR 20 TSR ၉၈ တန်၊ စင်ကာပူနိုင်ငံသို့MSR 20 TSR ၁၃၁ တန်ကျော်၊ ဩစတြေးလျနိုင်ငံသို့ RSS 3 တန် ၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၈၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တင်ပို့မှုတွင် ၁၁၃ တန်လျော့ကျခဲ့ပါတယ်။ ဖေဖော်ဝါရီ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၄၃ သန်းဖိုးရှိ ရော်ဘာ ၃၇၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဇန်နဝါရီလက ရော်ဘာ ၄၁၄၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၄၄၆ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ထိုင်းနိုင်ငံမှာ ရော်ဘာတန်ချိန် တစ်သိန်းကျော်ကို လေလံပစ်ခဲ့တဲ့အတွက် နိုင်ငံတကာ ရော်ဘာဈေး ကျဆင်းခဲ့ပေမယ့် မြန်မာ့ရော်ဘာဈေးကိုတော့ ယခင်တစ်ပတ်က ဈေးအတိုင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းက ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## တရုတ်နိုင်ငံသို့ သကြားလျော့နည်းတင်ပို့သလို ထိုင်းနိုင်ငံမှလည်း သကြားလျော့နည်းတင်သွင်း


မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၀၃၁ သန်း တန်ဖိုးရှိသကြား ၄၈၈၈၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား ၄၈၈၇၀ တန်ကျော်နဲ့ ချင်းရွှေဟော်မှ သကြားဖြူ ၁၇ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၄၉၈၅၃ တန် ကျော်နဲ့ ချင်းရွှေဟော်မှ ၉၃ တန်ကျော် စုစုပေါင်း သကြား ၄၉၉၄၆ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြား ၁၀၅၈ တန်ခန့်လျော့နည်း တင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီတစ်လလုံးမှာ မူဆယ်မှ သကြားတန်နှစ်သိန်း နီးပါးနဲ့ ချင်းရွှေဟော်မှ တန် ၃၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါ တယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၂၅ သန်း တန်ဖိုးရှိ Re-export သကြား ၁၁၁၃၇ တန် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၁၄၄၈၉ တန်နဲ့ နှိုင်းယှဉ်ပါက ၃၃၅၂ တန်လျော့နည်း တင်သွင်းခဲ့ကြောင်း၊ ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံမှ သကြားတန်ချိန်လေးသောင်း တင်သွင်းခဲ့ကြောင်း မြဝတီကုန်သွယ်ရေးဇုန်ရဲ့ စာရင်းဇယားများအရ သိရပါတယ်။ **မော်မော်အောင်**

## ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မိုင်းယုမှတစ်သျှူးငှက်ပျောနှင့် အစေ့ထုတ်ပြောင်းတန်ချိန် ၁၆၀၀ကျော် တရုတ်နိုင်ငံသို့တင်ပို့နိုင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်၊ မိုင်းယုမှ တရုတ်နိုင်ငံသို့၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် မှ ၂၈ ရက်အထိ ဒေသထွက်တစ်သျှူးငှက်ပျောနှင့် အစေ့ထုတ်ပြောင်း ၁၆၆၇ တန်ကို တင်ပို့နိုင်ခဲ့ကြောင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ နယ်စပ်ဝင်ပေါက်များကြီးကြပ်ရေး ကိုယ်စားလှယ်၏ ပြောကြားချက်အရ သိရသည်။

မိုင်းယုဒေသကစိုက်ပျိုးထွက်ရှိတဲ့ တစ်သျှူးငှက်ပျော ၇၅၆ တန်နဲ့အစေ့ထုတ်ပြောင်း ၉၁၁ တန်ကို တင်ပို့နိုင်ခဲ့ကြောင်း၊ မိုင်းယုလမ်းကြောင်းဟာ ယခင်က တရားမဝင်ကုန်သွယ်မှုပြုတဲ့ အဓိကလမ်းကြောင်းတစ်ခုဖြစ်ပြီး၊ ၂၀၁၆ခုနှစ် အစိုးရသစ်တာဝန်ယူခဲ့ချိန်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နဲ့ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံတို့ ကိုယ်တိုင်သွားရောက်ကွင်းဆင်းလေ့လာခဲ့ရာ၂၀၁၆ခုနှစ်၊ ဩဂုတ်လမှစပြီးကုန်သွယ်မှု တိုးတက်ရေးနဲ့ တရားဝင်အခွန်ရရှိရေးအဖွဲ့စုံကို ဖွဲ့စည်းတာဝန်ချထားဆောင်ရွက်တာကြောင့် ယခုကဲ့သို့ ပို့ကုန်လိုင်စင်များနှင့် တရားဝင်လမ်းကြောင်းပေါ်ရောက်ရှိခဲ့တာဖြစ်ကြောင်း အဆိုပါကိုယ်စားလှယ်က ပြောကြားခဲ့သည်။



ယခင်လများကလည်း တစ်သျှူးငှက်ပျောနှင့် အစေ့ထုတ်ပြောင်းအပြင် ရော်ဘာစိမ်းနဲ့ ဆန်းကစ်သီးတို့ကိုလည်း တရားဝင်တင်ပို့ခဲ့ကြောင်း သိရသည်။ **စည်သူ**




# မြန်မာနိုင်ငံတွင် ပထမဦးဆုံး Bloomberg Invest Myanmar ဆွေးနွေးပွဲကျင်းပ

နိုင်ငံတကာ စီးပွားရေးမီဒီယာကြီးတစ်ခုဖြစ်သည့် Bloomberg က ဦးဆောင်၍ Bloomberg Invest Myanmar ဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် မတ် ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများဖြစ်သည့် Max Group of Companies မှ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ AGD Bank ဥက္ကဋ္ဌ ဦးထူးထက်တေဇ၊ City Mart Holding Companies မှ ဒေါ်ဝင်းဝင်းတင့်၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းတို့က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေမှုများ၊ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ၏အလားအလာရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ စတော့ဈေးကွက် အခြေအနေများ၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံလိုအပ်ချက်များ၊ မြန်မာနိုင်ငံ၏လက်ရှိ စီးပွားရေးအခြေအနေများကို ပြောကြားခဲ့သည်။ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား Bloomberg မှ တာဝန်ရှိသူများက မေးမြန်းခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကို Bloomberg က ၎င်း၏ရုပ်သံလိုင်းမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

"အခုလိုမျိုး Bloomberg က လာရောက်ဆွေးနွေး မေးမြန်းတဲ့အတွက် မြန်မာနိုင်ငံဆိုတာကို ကမ္ဘာက သိသွားနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိပါတယ်။ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံဆိုတာကို မသိတဲ့သူတွေ ရှိနေသေးတဲ့အတွက် အခုလိုမျိုး နိုင်ငံတကာမီဒီယာကြီးတစ်ခုက လာရောက်ဆွေးနွေးတာမျိုးဟာ ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအကျိုးရှိပါတယ်"ဟု Max Group of Companies မှ ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

Bloomberg သည် အမေရိကန်နိုင်ငံတွင် တည်ထောင်ထားသည့် စီးပွားရေးသတင်းများ၊ ဆောင်းပါးများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များကို စုစည်းထုတ်ပြန်လျက်ရှိသည့် အွန်လိုင်းမီဒီယာတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာများ ဝင်ရောက်ကြည့်ရှုလျက်ရှိသည့် အွန်လိုင်းမီဒီယာတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အခကြေးငွေပေး၍ နိုင်ငံတကာနှင့် မြန်မာ့ရုပ်ရှင်များ၊ ဗီဒီယိုများကို အင်တာနက်မှ ကြည့်ရှုနိုင်သည့် iflix ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် စတင်




အခကြေးငွေပေး၍ နိုင်ငံတကာနှင့် မြန်မာ့ရုပ်ရှင်များ၊ ဗီဒီယိုများအား အင်တာနက်မှတစ်ဆင့် ကြည့်ရှုနိုင်သည့် iflix ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် စတင်လိုက်ပြီဖြစ်ကြောင်း မတ် ၉ ရက်က ပြုလုပ်ခဲ့သည့် မိတ်ဆက်ပွဲအခမ်းအနားတွင် ကြေညာခဲ့သည်။

အဆိုပါ iflix app ကို ဖုန်းများ၊ တက်ဘလက်များ၊ လက်ပ်တော့များ၊ ကွန်ပျူတာများတွင် ဒေါင်းလုပ်ပြုလုပ်၍ရယူကာ အကောင့်ဖွင့်၍ ရုပ်ရှင်များ၊ ဗီဒီယိုများကို ကြည့်ရှုနိုင်ကြပြီဖြစ်သည်။

iflix.com သို့ ဝင်ရောက်၍ မတ် ၉ ရက်မှစတင်ကာ မှတ်ပုံတင်သူတစ်ဦးအနေဖြင့် တစ်လတိတိ အခမဲ့သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။

iflix.com တွင် လစဉ်ကြေးပေးသွင်း၍ အသုံးပြုသူများအနေဖြင့် iflix တွင်သာ ကြည့်ရှုနိုင်သည့် သီးသန့်စတိတ်ရှိုးများ၊ ဆုရရုပ်သံဇာတ်လမ်းတွဲများ၊ လူကြိုက်များသည့် ရုပ်ရှင်များ၊ ပြည်တွင်းနှင့် ဒေသတွင်းမှ ရုပ်ရှင်များ၊ ကလေးများအတွက် အထူးအစီအစဉ်များနှင့် ပရိသတ်များ ကြိုက်နှစ်သက်စေမည့် စာကြည့်တိုက်သဖွယ် အစီအစဉ်ပေါင်းများစွာကို ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ iflix ကို အခပေး ကြည့်ရှုသူများအနေဖြင့် မိမိတစ်ဦးတည်း ဝယ်ယူထားရုံဖြင့် Device ငါးခုအထိ တစ်ပြိုင်တည်းအသုံးပြုနိုင်မည်ဖြစ်သည်။

iflix တွင်ဖော်ပြထားသည့် ရုပ်ရှင်များ၊ ဇာတ်လမ်းတွဲများကို အချိန်မရွေး ဒေါင်းလုပ်ရယူအသုံးပြုနိုင်သဖြင့် အင်တာနက်မရရှိသည့်နေရာများ၊ အင်တာနက်လိုင်း နှေးကွေးသည့် နေရာများတွင် ရုပ်ရှင်များ၊ ဇာတ်လမ်းတွဲများကို အချိန်မရွေးနေရာမရွေး ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

iflix တွင်ကြည့်ရှုနိုင်သည့် ရုပ်ရှင်ဇာတ်ကားများအားလုံးကို မြန်မာယူနီကုဒ်နှင့်ဇော်ဂျီဖောင့်တို့ဖြင့် ကြည့်ရှုနိုင်ရန် စီစဉ်ထားမည်ဖြစ်သည်။

iflix သို့ဝင်ရောက်၍ စာရင်းသွင်းဝယ်ယူလိုသူများအနေဖြင့်တစ်လလျှင် လစဉ်ကြေး ကျပ်သုံးထောင်ပေးသွင်းရမည်ဖြစ်ပြီး တစ်နှစ်စာပေးသွင်းပါက ကျပ်သုံးသောင်းသာကျသင့်မည်ဖြစ်ကြောင်း သိရသည်။

"iflix ကို ကြိုဆိုရတာ ဂုဏ်ယူမိပါတယ်။ iflix လို တိုက်ရိုက်ကြည့်ရှုလို့ရတဲ့ အင်တာနက်တီဗီဝန်ဆောင်မှုမျိုး ရောက်လာတာဟာ သရုပ်ဆောင်နဲ့ ဒါရိုက်တာကအစ စာရေးဆရာနဲ့ ထုတ်လုပ်သူအဆုံး အားလုံးအတွက်၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကောင်းမွန်တဲ့အထောက်အပံ့တစ်ခုပဲ ဖြစ်ပါတယ်။ iflix က မြန်မာနိုင်ငံသားတွေအတွက် ပြည်တွင်းရုပ်ရှင်တွေကို ကြည့်ရှုနိုင်ဖို့ အကောင်းဆုံးဝန်ဆောင်မှုကို ပေးရုံသာမက ပြည်တွင်း၊ ပြည်ပ ပရိသတ်တွေနဲ့ ထိတွေ့စေခြင်းဖြင့် မြန်မာ့ရုပ်ရှင်နဲ့ ရုပ်မြင်သံကြား iflix လောက တိုးတက်ရေးကို အားပေးမြှင့်တင်ရာမှာ ကူညီပေးပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောကြားခဲ့သည်။

iflix Myanmar ကို အသုံးပြုသူများသည် ထိုင်းနိုင်ငံမှ ကြောက်မက်ဖွယ်စီးရီးဖြစ်သည့် Graveyard Story၊ ကိုရီးယားဒရာမာရုပ်ရှင်များဖြစ်သည့် Goblin, Legend of the Blue Sea နှင့် Saimdang၊ ဘောလိဝုဒ်ရုပ်ရှင်များဖြစ်သည့် PK , Chennai Express နှင့် ABCD တို့ကိုလည်းကြည့်ရှုနိုင်ပါသည်။ ထို့ပြင် လူကြိုက်များသည့် နာမည်ကျော် မြန်မာရုပ်ရှင်နှင့် စီးရီးများဖြစ်သည့် ဘန်ကောက်မှ မန္တလေးသို့၊ Charm၊ ရွှေမိုးငွေမိုး သွန်းဖြိုးလို့ရွာ၊ Wut Yee Food House တို့အပါ အဝင် အခြားဗီဒီယိုဇာတ်ကားပေါင်း များစွာကိုလည်း iflix တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# အူရီဒူးမြန်မာက စီးပွားရေးလုပ်ငန်းသုံး ဖုန်းများအတွက် လစဉ်ငွေကျပ် သုံးထောင်ဖြင့် သုံးစွဲနိုင်မည့်အစီအစဉ်ကို စတင်

အူရီဒူးမြန်မာက စီးပွားရေးလုပ်ငန်းသုံး ဖုန်းများအတွက် လစဉ်ငွေကျပ် သုံးထောင်ဖြင့်သုံးစွဲနိုင်မည့် Business Talk and Text အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်ကို စာရင်းသွင်းရယူသူများအနေဖြင့် အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုခွင့်နှင့် စာတိုပေးပို့ခွင့်တို့ကို လစဉ် ငွေကျပ်သုံးထောင်ဖြင့် မိမိလိုအပ်သလောက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သစ်ကြောင့် မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိ၏ လုပ်ငန်းများအတွက် မိုဘိုင်းဖုန်းနှင့်ပတ်သက်၍ ကုန်ကျစရိတ်များကို ကြိုတင်သတ်မှတ်ထားနိုင်မည့်အပြင် စနစ်တကျ စီမံခန့်ခွဲနိုင်ကြမည်ဖြစ်သည်ဟု ဆိုသည်။

အူရီဒူးမြန်မာ၏ Chief Business Officer ဖြစ်သူ Mr. Anadi Agnihotri က "Ooredoo Business အနေနဲ့ စီးပွားရေးလုပ်ငန်းများအတွက် သင့်တော်ပြီး နှစ်သက်ဖွယ်ကောင်းတဲ့ အစီအစဉ်တွေနဲ့ဝန်ဆောင်မှုတွေကို ပေးအပ်လျက်ရှိပါတယ်။ အူရီဒူးက သုံးစွဲသူတိုင်း အဆင်ပြေ အကြိုက်တွေ့စေမယ့်အထူးအစီအစဉ်တွေကို ကမ်းလှမ်းပေးလေ့ရှိတဲ့အတိုင်း အခုတစ်ခါမှာလည်း Business Talk and Text ဆိုတဲ့ အစီအစဉ်သစ်ကို စတင်လိုက်ပြီဖြစ်ပါတယ်။ အဲဒီအစီအစဉ်ကို ရယူထားတဲ့ စီးပွားရေးလုပ်ငန်းများအနေဖြင့် လစဉ်ကြေး သုံးထောင်ကျပ်နဲ့ အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနဲ့ SMS ပေးပို့တာတွေကို မိမိလိုအပ်သလို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဆက်သွယ်ရေးအတွက် ငွေကုန်ကြေးကျ ပိုမိုသက်သာနိုင်မှာဖြစ်ပြီး လတစ်လစီအတွက် ဖုန်းငွေလက်ကျန်ကုန်လို့ ဆက်သွယ်ရေးပြတ်တောက်တာမျိုးတွေ၊ အဆင်မပြေမှုတွေအတွက် စိုးရိမ်စရာလိုတော့မှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

Ooredoo Business အနေဖြင့် မိုဘိုင်းလ်ဖုန်းဝန်ဆောင်မှုများအပြင် သီးသန့်အင်တာနက်ဝန်ဆောင်မှုများနှင့် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်အပေါ် မူတည်၍ ပေးအပ်သောဝန်ဆောင်မှု Business Solutions စသည့် ဝန်ဆောင်မှုများကိုပါ ပေးအပ်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**

# အမှားပြင်ဆင်ခြင်း

ကောမတ်စ်ဂျာနယ် အတွဲ(၁၇)၊ အမှတ်(၁၀)မှ မျက်နှာဖုံးဆောင်းပါးဖြစ်သည့် **"သဘာဝဓာတ်ငွေ့တင်ပို့မှု ၁ ဒသမ ၂ ဘီလီယံ လျော့နည်းသော်လည်း ယခင်နှစ်ထက် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ပို၊ ကုန်သွယ်မှုပမာဏ ယခင်နှစ်ထက်မြင့်တက်"**ဟူသည့် ဆောင်းပါး စာမျက်နှာ ၁၂ ၌ အောက်ပါအချက်အလက်များအား ပြင်ဆင်ဖတ်ရှုပါရန်

(၁) ဒုတိယကော်လံ ပထမအပိုဒ်မှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၂၄၈ ဘီလီယံအစား **၁ ဒသမ ၂၄၈ သန်း** ဟု လည်းကောင်း၊ ဒုတိယအပိုဒ်တွင် ပြီးခဲ့တဲ့ကာလတူက တန်ချိန် ၁ ဒသမ ၄ ဘီလီယံအစား **၁ ဒသမ ၄ သန်း** ဟုလည်းကောင်း၊

(၂) ဒုတိယကော်လံ ပဥ္စမအပိုဒ် နှမ်းတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁၃၄ သန်းကျော် (တန်ချိန် ၁၀ သိန်း)အစား **တန်ချိန် တစ်သိန်း**ဟုလည်းကောင်း၊

(၃) တတိယကော်လံ ဆဋ္ဌမအပိုဒ် ပဲတီစိမ်းတင်ပို့မှုတွင် ယခုဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၁၇၉ သန်းကျော်တင်ပို့နိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ကတင်ပို့ခဲ့တဲ့ အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော်နဲ့ နှိုင်းယှဉ်ပါက ၈၃ သန်းကျော် လျော့နည်းတင်ပို့ခဲ့ဟူသည့် စာသားအစား ယခုဘဏ္ဍာနှစ်၌ **အမေရိကန်ဒေါ်လာ ၂၇၉ သန်းကျော်** တင်ပို့နိုင်ခဲ့ရာ ယခင်ဘဏ္ဍာနှစ်က တင်ပို့ခဲ့တဲ့ **အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော်**နဲ့နှိုင်းယှဉ်ပါက **အမေ ရိကန်ဒေါ်လာ ၃၅ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်** ဟုလည်းကောင်း

# ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-လားရှိုး-မူဆယ်ကုန်သယ်ခနှုန်းထား

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်သယ်ခနှုန်းထားများမှာ ပို့ကုန်ပစ္စည်းသယ်ခများမှာ ဖေဖော်ဝါရီ ၁၀ ရက်နောက်ပိုင်းမှစ၍ အနည်း ငယ်မြင့်တက်ခဲ့ပေမယ့် သွင်းကုန်မြေဆီအတွက် သယ်ယူခမှာ ဖေဖော်ဝါရီ ၁၁ ရက်မှ လကုန်ရက်အထိ တစ်ပိဿာ လျှင် ၂၄ ကျပ်မှ ၂၅ ကျပ်ဖြင့် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေတာ တွေ့ရပါတယ်။

ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်များ၊ ဖရဲ၊ သခွား၊ ဝါ၊ သကြား (Re-Export) နဲ့ ချင်း၊ နနွင်းအစရှိတဲ့ မြန်မာနိုင်ငံ ထွက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို တင်ပို့ နိုင်ခဲ့ပြီး တရုတ်နိုင်ငံမှ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်၊ စက်ဘီး၊ စာရေးကိရိယာမျိုးစုံနဲ့ ယာဉ်ယန္တရားများတို့ ပုံမှန်တင်သွင်းမှုရှိတာတွေ့ရပါတယ်။ ဖေဖော်ဝါရီလရဲ့ ကုန်စည်သယ်ခ နှုန်းထားများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

| ပို့ကုန် | ၂၈-၁-၂၀၁၇ မှ ၃-၂-၂၀၁၇ အထိ | ၄-၂-၂၀၁၇ မှ ၁၀-၂-၂၀၁၇ အထိ | ၁၁-၂-၂၀၁၇ မှ ၁၇-၂-၂၀၁၇ အထိ | ၁၈-၂-၂၀၁၇ မှ ၂၄-၂-၂၀၁၇ အထိ | ၂၅-၂-၂၀၁၇ မှ ၃-၃-၂၀၁၇ အထိ |
|---|---|---|---|---|---|
| ပြောင်း | ၇၀-၈၅ | ၇၀-၇၈ | ၇၂-၇၈ | ၇၂-၇၇ | ၇၅-၇၇ |
| ဆန် | ၇၀-၈၅ | ၇၀-၇၈ | ၇၂-၇၈ | ၇၂-၇၇ | ၇၅-၇၇ |
| ပဲတီစိမ်း | ၇၀-၈၅ | ၇၀-၇၈ | ၇၂-၇၈ | ၇၂-၇၇ | ၇၅-၇၇ |
| နှမ်း | ၇၀-၈၅ | ၇၀-၇၈ | ၇၂-၇၈ | ၇၂-၇၇ | ၇၅-၇၇ |
| ရော်ဘာ | ၇၀-၈၅ | ၇၀-၇၈ | ၇၂-၇၈ | ၇၂-၇၇ | ၇၅-၇၇ |
| သွင်းကုန်/ မြေပဲဆီ | ၂၉-၃၀ | ၂၉-၃၀ | ၂၄-၂၅ | ၂၄-၂၅ | ၂၄-၂၅ |

**မော်မော်အောင်**

# မုံရွာ-ရန်ကုန် ကုန်စည်ပို့ဆောင်ခ ထပ်မံမြင့်တက်

မုံရွာ ကုန်စည်ဒိုင် ဝင်ရောက်သမျှ ပဲစင်းငုံနီများ ရန်ကုန်ဝယ်လက်ရှိလာသဖြင့် ရန်ကုန်ဈေးကွက်သို့ အရှိန်အဟုန်မြင့် တင်ပို့နေရပြီဖြစ်ကြောင်း မုံရွာမြို့မှ ကုန်သည်တစ်ဦးထံမှ သိရပါတယ်။

ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မုံရွာ-ရန်ကုန် ကုန်စည်ပို့ဆောင်ခ တစ်ပိဿာ ကျပ် ၄၀ မှ ၄၂ ကျပ်ရှိခဲ့ရာမှ ယခုမတ် ပထမပတ်တွင် တစ်ပိဿာ ၄၂ ကျပ်မှ ၄၅ ကျပ်အထိ တစ်ပိဿာ သုံးကျပ်ခန့် ဈေးအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ပို့ကုန်နည်းပြီး ကားများသည့်အချိန်ဈေးကျလေ့ရှိပြီး၊ ပို့ကုန်များ၍ ကားနည်းလာလျှင် ဈေးမြင့်တက်လေ့ရှိကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့ပါတယ်။

**အောင်မင်း(တန့်ဆည်)**

# နန့်ဖာလုံဈေးကွက်တွင် အုန်းသီးစိမ်း ဈေးကောင်းရ

အုန်းသီးစိမ်းကို ကသည်းလူမျိုးများ အဝယ်များ၊ အစားများတဲ့အတွက် နန့်ဖာလုံဈေးမှာ အုန်းသီးစိမ်းတွေ ဈေးကောင်းရနေပါတယ်။ ကလေး၊ တမူး၊ ကလေးဝမြို့နယ်အတွင်း ကျေးရွာများမှာ အုန်းသီးစိမ်းတစ်လုံးလျှင် အလုံးအရွယ်အစားပေါ် မူတည်ပြီး ကျပ် ၃၀၀ မှ ကျပ် ၅၀၀ ခန့် ဈေးရှိပါတယ်။ နန့်ဖာလုံဈေးမှာတော့ အုန်းသီးစိမ်းတစ်လုံးလျှင် ရူပီး ၅၀ (မြန်မာငွေကျပ် ၁၀၀၀ ခန့်) ရှိပါတယ်။

အုန်းသီးခြောက်ကတော့ သီတင်းကျွတ်၊ တန်ဆောင်မုန်းလရောက်မှသာ ဈေးကွက်ရှိပါတယ်။ ဟိန္ဒူလူမျိုးများက အုန်းသီးခြောက်ကို မိမိသက်စေ့ ဝယ်ယူပြီး မိဘ၊ ဘိုးဘွားများကို ကန်တော့ခြင်း၊ မြစ်အတွင်း အုန်းသီးခြောက်ရေမျှောသည့်ပွဲများ နှစ်စဉ်ကျင်းပခြင်းတို့ကြောင့် ၎င်းကာလများတွင် အုန်းသီးခြောက်အရောင်းသွက်ကြောင်း နန့်ဖာလုံဈေးမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

**အောင်မင်း (တန့်ဆည်)**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ BR(၁) ခန်း | ၈ သိန်း | ၁ လအငှားနှုန်း ပရိဘောဂပါဝင် | ၀၉/၅၁၁၇၂၆၂ |
| ၂။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ ဟားဂရာလမ်းမ | ၁၃၅၀ စ/ပေ | MB (၁)၊ BR(၂) | ၁၇၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၃။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅ x ၄၅) ပေ | (တတိယ)ထပ် | ၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | | 2RC/ MB(၂)၊ BR(2) | ၃၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ (၈၀ x ၈၀) ပေ အိမ် (၃၀ x ၄၀) | 2 RC/MB (3) | ၂၃ သိန်း | ၁လ အငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | မြေ | လှည်းကူးမြို့နယ်၊ မြို့အထွက်၊ ကားလမ်းဘေး | ၁၀၀၀၀ စ/ပေနီးပါး | မြေသီးသန့် | ၉၈၀၀ သိန်း | ဂရန်မြေ လမ်းမနံဘေး | ၀၉/၅၁၁၇၂၆၂ |
| ၇။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ ဈေးအနီး | (၁၂.၅ x ၄၇) ပေ | (၃)ထပ်၊ ဟောလ် | ၂၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ရွှေပြည်သာမြို့နယ်၊ သံနင်းရပ်ကွက် | (၂၀ x ၆၀) ပေ | မြေသီးသန့် | ၁၅၀ သိန်း | လမ်းမနီး နေရာကောင်း | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | (၆၀ x ၈၀) မြေ | ဂရန်ပေါက်မြေ | ၂၅၀၀ သိန်း | လမ်းမကြီး ဂုတ်ကွက် | ၀၉/၅၁၁၇၂၆၂ |

# ကလေးမြို့ မြို့မဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် အေးခဲကြက်သား၊ အမဲသားနှင့် အခြားနိုင်ငံမှထွက်သော ကြက်ဥများရောင်းချနေခြင်းရှိ/မရှိ စစ်ဆေး

ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့်ပူးပေါင်း၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် FDA မှ သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ထားသော ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ မဆလာမှုန့်များ၊ ဈေးကွက်အတွင်းတွင် ခွင့်ပြုထားခြင်းမရှိသော အေးခဲအမဲသား၊ ကြက်သားများ၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများရောင်းချခြင်းရှိ/မရှိကို ကလေးမြို့၊ မြို့မဈေးတွင် မတ် ၈ ရက်က စစ်ဆေးခဲ့ပါသည်။

ယခုကဲ့သို့ စစ်ဆေးရာတွင် ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းက ဈေးကွက်အတွင်းတွင် အစားအသောက်များ ရောင်းချမည်ဆိုပါက စားသောက်ကုန်များသည် စားသုံးသူများအတွက် အန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဖြစ်ရန် လိုအပ်ကြောင်း၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ ရောင်းချသူများအနေဖြင့် ကိုယ်ပိုင်အမှတ်တံဆိပ်များ၊ ထုတ်လုပ်သည့် ရက်စွဲ၊ လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ သက်တမ်းကုန်ဆုံးမည့် ရက်စွဲများ ဖော်ပြရောင်းချရန်နှင့် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်၊ ထောက်ခံချက်များ ရယူထားရန်လိုအပ်ကြောင်း၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥအရောင်းဆိုင်များအနေဖြင့် ကြက်ငှက်တုပ်ကွေးကင်းစင်ကြောင်း မိမိတို့၏ မြို့နယ်၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ထောက်ခံချက်များရယူထားပြီး ရောင်းချရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်းသတင်းရရှိပါသည်။

**စိုးငြိမ်း(ကလေး)**

# မြန်မာနိုင်ငံ အပူပိုင်းဒေသ ဖရဲ၊ သခွားမွှေး တန်ဖိုးမြှင့် ကွင်းဆက်စီမံကိန်းအရ ကျွမ်းကျင်ပညာရှင်များက စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းလေ့လာမည်

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ဗဟို) သည် Winrock International အဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်းကို USAID ၏ ရန်ပုံငွေဖြင့် "မြန်မာနိုင်ငံ အပူပိုင်းဒေသ ဖရဲ၊ သခွားမွှေး တန်ဖိုးမြှင့် ကွင်းဆက်စီမံကိန်း ၂၀၁၇-၁၈ စီမံကိန်း"အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ အပူပိုင်းဒေသ ဖရဲ၊ သခွားမွှေး တန်ဖိုးမြှင့် ကွင်းဆက်စီမံကိန်း (Upgrading Value Chain for Melon in Dry Zone, Myanmar Project) ရုံးခန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ နေရှင်နယ်ရပ်ကွက်မှာ မတ် ၁၃ ရက်တွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

Winrock International မှ စီမံကိန်းအရာရှိဖြစ်သည့် Mr.Campbell Dunlop၊ Ms.Kristine Marie Landau၊ Ms.Sarah Ingrid Dahnke တို့သည် ချောင်းဦးမြို့နယ်၊ မင်းခေါင်ကျေးရွာ၊ တောကျောင်းကြီးကျေးရွာ၊ မထိသာကျေးရွာ၊ သုံးပန်လှကျေးရွာများရှိ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကွင်းဆင်း၍ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**အောင်မင်း(တန့်ဆည်)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဗုရှ်) (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | |
| ၂။ | ကာလ်ဒီးနား (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | |
| ၃။ | ကလူဂျာ (၂၀၀၂) | 9D | ၂၆၅ သိန်း | |
| ၄။ | အာတီဂါ (၂၀၁၆) | ယာယီ | ၂၆၅ သိန်း | |
| ၅။ | ပရိဘောက် (၂၀၁၀) | 5H | ၁၄၈ သိန်း | |
| ၆။ | စီအာဗီ (၂၀၀၁) | 9C | ၂၅၀ သိန်း | |
| ၇။ | ဗီလ်ဒါဗင် (၂၀၀၇) | ယာယီ | ၂၄၅ သိန်း | |
| ၈။ | စက်ရပ် (၂၀၀၃) | 9E | ၁၇၀ သိန်း | |
| ၉။ | အပ်ကား | - | ၁၁၂ သိန်း | |

# ရှမ်းပြည်နယ်(တောင်ပိုင်း) လက်လီရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် စတင်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း) လက်လီရောင်းချသူများအသင်းဖွဲ့စည်းနိုင်ရေးအတွက် စတင်မိတ်ဆက်ခြင်း အခမ်းအနားကိုတောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမမှာ မတ်လ ၄ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါသည်။

အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်၊ ရှမ်းပြည်နယ်ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းအောင်၊ အတွင်းရေးမှူး ဦးသူရိန်ငြိမ်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မျိုးသက်တို့က အသီးသီးဆွေးနွေးဟောပြောရှင်းလင်းခဲ့ကြပြီး၊ စတင်မိတ်ဆက်ခြင်းအခမ်းအနားသို့ ကုန်စုံစတိုးဆိုင်ပိုင်ရှင် ၄၀ဦးခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါအသင်းကို စားသုံးသူများ၏ အကျိုးကိုရှေ့ရှုပြီး စားသုံးသူများ စိတ်ကျေနပ်မည့် အကောင်းဆုံးဆောင်ရွက်ချက်များလက်တွေ့ကျင့်သုံးလာရန်နှင့် ခေတ်မီလက်လီလုပ်ငန်းများဖြစ်လာရန် မြန်မာ့လက်လီလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် အဓိကတွန်းအားပေးရာမဏ္ဍိုင်တစ်ခုဖြစ်စေရန် လက်လီရောင်းချသူများအသင်းနှင့်ဆက်စပ်သော ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်စုများနှင့် လက်လီအဖွဲ့အစည်းများ၏ အကောင်းဆုံးအလေ့အကျင့်များကိုရရှိစေရန်၊လက်လီရောင်းချရေးလုပ်ငန်းနှင့် အသင်းဝင်များ၏ အကျိုးအတွက် အစိုးရဝန်ကြီးဌာနများကို တာဝန်ခံဆက်သွယ်ခြင်း၊ အကောင်းဆုံးကျင့်သုံးနိုင်သည့် စနစ်များဖော်ထုတ်ပေးခြင်း၊ လုပ်ငန်းသဘာဝကို လေ့လာခြင်းနှင့် သင်တန်းများစီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည့်အပြင် သတင်းအချက်အလက်များ စုစည်းရာနေရာတစ်ခုအဖြစ် ဖန်တီးကာ မဂ္ဂဇင်း/သတင်းလွှာ/ဝက်ဘ်ဆိုက် စသည်တို့မှတစ်ဆင့် သတင်းဖြန့်ချိပေးခြင်းများ ဆောင်ရွက်ပေးသွားရန် ရည်ရွယ်၍ ဖွဲ့စည်းရခြင်းဖြစ်ကြောင်း သိရှိရသည်။ အသင်းအဖွဲ့ဖွဲ့စည်းခြင်းကို မတ်လ ၂၇ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စောမောင်(တောင်ကြီး)**

# မုံရွာမြို့က ကောက်ရိုးမှိုကို ပုံမှန်အဝယ်ရှိ

မုံရွာမြို့တွင် ကောက်ရိုးမှိုကို စားသောက်ဆိုင်များ၊ အဝယ်ဒိုင်များက ထွက်သမျှဝယ်ယူနေတဲ့အတွက် ကောက်ရိုး မှိုများ စျေးကောင်းရလာကြောင်း မှိုစိုက်ပျိုးသူတစ်ဦးထံမှသိရပါတယ်။ကောက်ရိုးမှိုကို ဗေဒါပင်များ၊ ကောက်ရိုးများ၊ ဂျပ်စက္ကူအဟောင်းများနှင့်စိုက်ပျိုးနိုင်ကြောင်းသိရပါတယ်။

မုံရွာမြို့က ကောက်ရိုးမှိုပျိုးသည့် ခြံရှင်တစ်ဦးကတော့ ဂျပ်စက္ကူအဟောင်းနှင့် ပျိုးပါတယ်။ အလျား ၁၀ ပေ၊ အနံ ၃ ပေ၊ ကောက်ရိုးမှို ပျိုးဘောင်တစ်ခုလျှင် ဂျပ်စက္ကူ၁၀ပိဿာ၊ ဆိတ်ချေး ငါးတင်း၊ ပလပ်စတစ်စ၊မျိုးစေ့အတွက် ကုန် ကျစရိတ် ကျပ် ၇၀၀၀ ခန့် ကုန်ကျကြောင်းသိရပါတယ်။ ပျိုးပြီး ၁၀ ရက်ခန့်အကြာ ကောက်ရိုးမှိုများ ထွက်ပေါ်လာပြီး သုံးကြိမ်ခန့် ခူးဆွတ်နိုင်ကြောင်း သိရတယ်။ ပျိုးဘောင်တစ်ဘောင်လျှင် ကောက်ရိုးမှို ၅ ပိဿာမှ ၇ပိဿာခန့်ထွက်ရှိပြီး ကောက်ရိုးမှို တစ်ပိဿာကျပ် ၄၀၀၀ခန့် စျေးရှိသဖြင့် တစ်ဘောင်အမြတ် ကျပ် ၁၃၀၀၀ ခန့် ရရှိနိုင်ပါတယ်။

ယခင်က ကောက်ရိုးမှိုကို စားသောက်ဆိုင်များသို့သွားရောက်ရောင်းချရသော်လည်း ယခုအချိန်တွင် ထွက်သမျှကို အဝယ်ဒိုင်ဖွင့်ဝယ်ယူလျက်ရှိသဖြင့် စျေးကွက်ပုံမှန်ရှိပါတယ်။ **အောင်မင်း(တန့်ဆည်)**

# မုံရွာမြို့တွင် ကမ္ဘာလှည့်ခရီးသည်များ အဆက်မပြတ် လာရောက်လျက်ရှိ

ရိုးရာယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ၊ စေတီပုထိုးများပေါများရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်အတွင်းသို့ နေ့စဉ်နှင့်အမျှ ပြည်တွင်းမှခရီးသွားများနှင့်နိုင်ငံခြားမှခရီးသွားများ အဆက်မပြတ်ဝင်ထွက် သွားလာလျက်ရှိသည်။

ပြည်တွင်းဘုရားဖူးများသည် မုံရွာမြို့အနီးတစ်ဝိုက်ရှိ စေတီပုထိုးများကို ဖူးမြော်ကြပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မုံရွာမြို့၏ အနောက်ဘက်ကမ်း ယင်းမာပင်မြို့နယ်အတွင်းရှိ ဖိုလ်ဝင်တောင်၊ အလောင်းတော်ကဿပနှင့်မုံရွာမြို့နယ်အတွင်းရှိ ရွှေစည်းခုံ၊ ဆုတောင်းပြည့်၊ လယ်တီကျောက်စာ၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်၊ ကျောက္ကာရွှေဂူနီ၊ ရွှေတောင်ဦးစေတီနှင့် မုံရွာမြို့အတွင်းရှိ ချင်းတွင်းရတနာစျေးနှင့် သာစည်စျေးအတွင်းရှိ အရောင်းဆိုင်များသို့ အုပ်စုလိုက်လှည့်လည်ကာ လေ့လာကြည့်ရှုကြပါသည်။

နိုင်ငံခြားသားခရီးသွားများအနေဖြင့် မုံရွာမြို့အနီးတစ်ဝိုက်ရှိဒေသများ၏ တောတောင်သဘာဝအလှအပများကို ခြေလျင်ဖြင့် တစ်မျိုး၊ စက်ဘီးဖြင့်တစ်ဖုံ၊ စက်လှေများနှင့်တစ်တန် လှည့်လည်ကြည့်ရှုလေ့လာကြကာ မုံရွာမြို့အနီးတစ်ဝိုက်ရှိဒေသခံပြည်သူများ၏ ရိုးရာဓလေ့ထုံးစံများကို စိတ်ဝင်စားစွာ လေ့လာကြကြောင်းသိရှိရပါသည်။ **လင်းလင်းသန့်**

# ဧရာဝတီတိုင်းဒေသကြီးတွင် စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းမည်

ဧရာဝတီတိုင်းဒေသကြီးတွင် စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မတ်လ ၉ ရက်က ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၁) တွင် ပြုလုပ်ခဲ့သည့် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်းရေးဆွေးနွေးပွဲမှသိရှိရပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးနှင့် အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ စားသုံးသူရေးရာဦးစီးဌာနတိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဧရာဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌဦးဝင်းမြင့်လှိုင်နှင့် အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ခရိုင် CCI အသင်းမှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်နှင့်ပုသိမ်မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များစုစုပေါင်း ၈၀ဦးခန့်တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအေးဝင်းက ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းများ၏ အခန်းကဏ္ဍအရေးပါမှု၊ အစားအသောက်အရည်အသွေး၊ အာဟာရဖြစ်စေနိုင်မှု၊ စားသုံးသူအဆင်ပြေလွယ်ကူစေရန်သာမက စျေးကွက်ချဲ့ထွင်နိုင်ရန် ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့်စနစ်အားနည်းခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာအားနည်းမှုမှ စားသောက်ကုန်စည်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ မပါဝင်စေရန် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ရှိသော ရုပ်ဝတ္ထုပစ္စည်းများ ဓာတုဗေဒပစ္စည်းများ ပါဝင်တတ်သဖြင့် စားသောက်ကုန်စည်များ ထုတ်လုပ်ရာတွင် စံချိန်စံညွှန်းများရေးဆွဲသွားမှာဖြစ်ကြောင်း တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များမှလည်း တိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်းရာတွင် ပါဝင်နိုင်ရေးနှင့် အသင်းဝင်ရာတွင်လည်း ရရှိလာမည့် အသိပညာ၊ ဗဟုသုတ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **ဦးစောမိုက်ကယ်(ပုသိမ်)**

---

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 17, No.11 Monday March 13 2017

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၃-၃-၂၀၁၇ မှ ၁၉-၃-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အခက်အခဲကြီးမားသောလုပ်ငန်းများကိုလုပ်ကိုင်နိုင်သောအတွေ့အကြုံအရည်အချင်းများရှိနေတတ်သည်။ အခက်အခဲများကို ဆောင်ရွက်ရာ၌ အရာရာဆန္ဒစောပြီး တစ်ခါတည်းမပြီးဘဲ အလုပ်ခရီးမတွင်သည့်သဘောမျိုးကြုံရတတ်ပါသည်။ ဝန်ထမ်းဖြစ်ပါက အခွင့်အရေးများရရှိပြီး ရာထူးတက်မည်။ ထီပေါက်သလို ငွေရရှိမှုမျိုးလည်းကြုံရတတ်သည်။ ကျန်းမာရေးကောင်းမွန်သည့်သဘော ရှိသည်။ အလုပ်ကိစ္စများစိတ်ဖိစီးမှုကြောင့်သာ ကျန်းမာရေးဖောက်ပြန်မှုသဘောမျိုး မကြာခဏကြုံရတတ်သည်။ ရောဂါကြီးမားသည်အထိ ဖြစ်မလာနိုင်ပါ။ **ယတြာ။ ။အုန်းရည်လှူဒါန်းပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများရေရှည်မျှော်တွေးပြီး ဖွံ့ဖြိုးစွာလုပ်ကိုင်နေရတတ်သည်။ စည်းကမ်းပိုင်းတွင် ပို၍တိုးတက်လာတတ်သည်။ နိုင်ငံတကာနှင့် ဆက်သွယ်သောလုပ်ငန်း၊ နိုင်ငံခြားဘာသာစကားများကိုလည်း တတ်ကျွမ်းမှုရှိအောင် လေ့လာနေရတတ်သည်။ လူမှုရေး၊ စီးပွားရေးတို့တွင် အားပေးကူညီမည့်သူများရှိတတ်သည်။ ကျန်းမာရေးပုံမှန်အနေအထားရှိနေမည်။ ပညာရေးအတွက် ကြိုးစားမှုအရှိန်မြင့်နေတတ်သည်။ ပညာရေးအတွက် အားတက်နေမည်။ **ယတြာ။ ။သကြားလုံးများဝေငှလိုက်ပါ။**



**အင်္ဂါသားသမီးများအတွက်** လုံ့လဝီရိယအကျိုးဖြင့်ဘဝတိုးတက်ရေးအတွက် လုပ်ကိုင်လာရတတ်သည်။ အကြီးအကဲတို့၏ စောင့်ရှောက်မှုရတတ်သည်။ ကံအကျိုးပေး ကောင်းနေမည့်ကာလ ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းနေသော်လည်း၊ စိတ်ပိုင်း ဆိုင်ရာကျန်းမာရေးလျော့နည်းနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် နှလုံး သားရေးအတွက် သင်ခန်းစာယူရင်း မိမိဘဝ ဖြေသိမ့်နေရတတ်သည်။

**ယတြာ။ ။ ဘုရားတွင်နေကြာပန်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့တွင် အပြောင်းအလဲများပြားသော အခြေအနေများရှိနေတတ်သည်။ ယခုကာလတွင်ငွေကြေးဆိုင်ရာကိစ္စ၊ ကြံနှင့်ကြံထွက်ပစ္စည်းများ အကျိုးပေးကောင်းနေတတ်ပါသည်။ အသိဉာဏ်ရွှင်လန်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အူအတက်ပေါက်ခြင်း၊ ဆီးရောဂါဝေဒနာတို့ ခံစားရတတ်ပါသည်။ အချစ်ရေး၊ မေတ္တာရေးတွင် ဆုံးဖြတ်ရန်ခက်နေတတ်သည်။ အိမ်တွင်းရေး စိတ်မတည်ငြိမ်မှုများဖြစ်နေမည်။

**ယတြာ။ ။ဘုရားတွင်သောက်တော်ရေလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းအတွက် ပင်ပန်းမှုများစွာရှိတတ်သည်။ အစာအစား၊ ထောပတ်၊ စားသုံးဆီ၊ ထုတ်လုပ်ရောင်းဝယ်ခြင်း အကျိုးပေးသင့်တင့်နေမည်။ အခြေအနေကောင်းနှင့်ကြုံလျှင် စီးပွားရေးအကောင်းဘက်ရောက်ရှိသွားလိမ့်မည်။ ပညာရေးအတွက် စိတ်စွမ်းအားပြည့် ကြိုးပမ်းနေရမည်။ ကျန်းမာရေးတွင် အအေးဒဏ်ကြောင့် ရောဂါတိုးလာတတ်သည်ကို သတိရှိသင့်ပါသည်။ အိမ်ထောင်ရေးသာယာမှု ရှိနေတတ်ပါသည်။

**ယတြာ။ ။လူကြီး၊ မိဘအတွက် အဝတ်အထည်လှူပါ။**



**သောကြာသားသမီးများအတွက်** စိတ်ဓာတ်အင်အားမြင့်မားနေတတ်သည်။ ဘဝအတွေ့အကြုံကိုရင်းနှီးမှုပြုပြီး၊ လောကဓံတရား ကြံ့ကြံ့ခံနိုင်မည်။ ငွေကြေးကိစ္စအတွက် ထိန်းသိမ်းပေးမည့်သူမရှိတတ်ပေ။ သင့်အပေါ် အချို့သောသူတို့၏ အမြင်မရှင်းမှုများကြောင့် လူမှုရေးသိက္ခာထိပါးလာတတ်သည်။ အတတ်ပညာရှင်ကဏ္ဍတွင် နာမည်ရှိသူတစ်ဦးဖြစ်နေတတ်သည်။ ကျန်းမာရေးအတွက် လတ်တလောနေထိုင်မကောင်းဖြစ်နေလိမ့်မည်။ **ယတြာ။ ။ဘုရားတွင် စပယ်ပန်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးပုံမှန်တိုးတက်နေမည်။ လျှပ်စစ်၊ ရွှေ၊ ဘော်၊ နံ့သာတို့နှင့် ပတ်သက်သော စီးပွားရေးအောင်မြင်ဖြစ်ထွန်းပြီး အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် တော်သော၊ ထက်မြက်သောလူတစ်ယောက်ဖြစ်မည်။ ကျန်းမာရေးအနေဖြင့် သလိပ်၊ ပန်းနာ၊ အရေပြားတွင် ဖြစ်တတ် သော ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ဝင်စားမှုအား နည်းနေမည်။ အရာရာကို ဆင်ခြင်တွေးတောနေတတ်သည်။

**ယတြာ။ ။လူကြီး၊ မိဘအတွက် ဆေးလှူပါ။**

# ပုသိမ်မြို့ အနောက်တောင်ပိုင်းစစ်ဌာနချုပ် အမှတ် (၄၂၄) ထောက်/ပို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ အနောက်တောင်ပိုင်းစစ်ဌာနချုပ်၊ အမှတ်(၄၂၄) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပပြုလုပ်ရာ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်နိုင်ဌေး၊ အရာရှိ/အရာခံ၊ အကြပ်စစ်သည်များ၊ အခြားစစ်သည်များ အိမ်ထောင်စုဝင်များ စုစုပေါင်း ၁၄၈ ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း ရှင်းလင်းပြောကြား၍ ဦးစီးအရာရှိ ဦးစောမိုက်ကယ်က စားသုံးရန်မသင့်သော အစားအစာများ၊ ခွင့်မပြုဆိုးဆေးများ၊ အန္တရာယ်ရှိသော စားသောက်ကုန်စည်များ၊ FDA မှ တားမြစ်ထားသော စားသုံးကုန်နှင့် လူသုံးကုန်စည်များ အကြောင်း အသေးစိတ်ဆွေးနွေးဟောပြောပြီး ဟောပြောပွဲပြီးဆုံးချိန်တွင် စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ၊ ဥပဒေဆိုင်ရာစာစောင်များ၊ စားသုံးသူအကာအကွယ်ပေးရေးသတင်းပါ သတင်းစာ၊ ဂျာနယ်များဖြန့်ဝေပေးခဲ့ကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ပုသိမ်မြို့တွင် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ပုသိမ်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကန်ကြီးထောင့်မြို့နယ် အနောက်လေးစုကျေးရွာတွင် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁၂) ၁/၂၀၁၇ ကို မတ် ၁ ရက်မှ ၁၁ ရက်အထိ တစ်လကြာ သင်ကြားပို့ချပေးသွားမှာဖြစ်ကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောပါသည်။


သင်တန်းနည်းပြများအဖြစ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူးဒေါ်ဖြူဖြူမြင့်၊ ဦးစီးမှူး ဒေါ်ဝေဝေလင်းတို့က သင်ကြားပို့ချပေးမှာဖြစ်ကြောင်း၊ သင်တန်းတွင် အသုံးပြုမည့် အပ်ချုပ်စက်များ၊ သင်တန်းသုံးပစ္စည်းများ၊ သင်တန်းအထွေထွေကုန်ကျစရိတ်များကို မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ အကုန်အကျခံ ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး သင်တန်းတွင် စက်အကြောင်း သိကောင်းစရာများ၊ စက်ချုပ်ရန်ပြင်ဆင်ခြင်း၊ စိန်သိမ်းခြင်းနှင့်တွေ့ကြုံရသော အခက်အခဲများ သိရှိစေရန်နှင့် အခြေခံစက်ချုပ်ရိုး (၁၂) နည်း လေ့ကျင့်ခြင်း၊ လက်ချုပ်ရိုး (၆) နည်း လေ့ကျင့်ခြင်း၊ ကလေးဝတ်ဂါဝန်အမျိုးမျိုး၊ ကလေးဝတ် ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ကလေးဝတ် စကတ်အမျိုးမျိုး၊ ကလေးဝတ်၊ လူကြီးဝတ်အင်္ကျီ၊ အမျိုးသမီးဝတ်ရင်စေ့၊ ရင်ဖုံး၊ လက်စက၊ လက်ရှည်အမျိုးမျိုး ချုပ်လုပ်နည်းတို့ကို သင်ကြားပေးသွားမှာဖြစ်ကြောင်း သိရပါသည်။

သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ပြီး မိသားစုဝင်ငွေရရှိစေရန်ဖြစ်ကြောင်းနှင့် သင်တန်းတစ်ခုလုံးအောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် မိမိတို့ဌာနမှ အနီးကပ် ကြီးကြပ်ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း တိုင်းဒေသကြီး ဦးစီးဌာနမှူးက ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူစုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# နယ်စပ်စခန်းများမှ သစ်သီးဝလံမျိုးစုံ တင်ပို့/တင်သွင်း



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီစခန်းစုံမှ ၂၀၁၇ ဖေဖော်ဝါရီအတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၃၈ သန်းတန်ဖိုးရှိ ဖရဲသီးတန်ချိန် တစ်သိန်းကျော်တင်ပို့ခဲ့ပါတယ်။ ဖရဲသီးအပြင် သခွားမွှေးတန်ချိန် တစ်သောင်းကျော်ကိုလည်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ သစ်သီးဝလံများကို ပြည်ပသို့ တင်ပို့နေသလို တရုတ်နိုင်ငံမှလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂၂ သန်းတန်ဖိုးရှိ ပန်းသီး၊ လိမ္မော်သီးနဲ့ ပန်းသစ်တော်တန်ချိန် ခုနစ်ရာကျော်ကို မူဆယ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပါတယ်။ အလားတူကန်ပိုက်တီစခန်းမှ ပန်းသီး ၁၉ တန်နဲ့ လိမ္မော်သီးတန် ၅၀ ကို အမေရိကန် ဒေါ်လာ သုည ဒသမ ၀၂၇ သန်းတန်ဖိုးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၁ သန်းတန်ဖိုးရှိ ထောပတ်သီးတန်နှစ်ရာ၊ နာနတ်သီး တန်တစ်ရာနဲ့ လိမ္မော်သီးတန် ၆၆၀ ကို တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၀ သန်းတန်ဖိုးရှိပန်းသီး၊ နဂါးမောက်သီး၊ စပျစ်၊ လီမွန်၊ သရက်၊ နန်းမြား၊ လိမ္မော်၊ ပန်းသစ်တော်၊ နာနတ်၊ ဆီးသီးနဲ့ မန်ကျည်းချိုသီးတန် ၇၀၀ ကျော်ကို မြန်မာ နိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းတန် ၇၀ တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ်လ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၉ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်းတန် ၇၀ ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေချိုငါးမြစ်ချင်းကို တင်ပို့နိုင်ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့နိုင်တာ တွေ့ရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၀ သန်းတန်ဖိုးရှိ ငါးစုံလေးခြောက်၊ မန်ကျည်းစေ့၊ ဆီးယိုထုတ်၊ သစ်ခေါက်၊ ချင်းစို၊ ဆီးခြောက်နဲ့ ဆီးဖတ်တို့ကို တန် ၃၈၀ ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖြစ်တဲ့ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ငါးကုန်းညိုခြောက်၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်တို့ကို တန် ၁၂၀ ခန့် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**



## မြို့ကြီးများ၏ ၁၃-၃-၂၀၁၇ မှ ၁၇-၃-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၃-၃-၂၀၁၇) | အင်္ဂါ(၁၄-၃-၂၀၁၇) | ဗုဒ္ဓဟူး(၁၅-၃-၂၀၁၇) | ကြာသပတေး(၁၆-၃-၂၀၁၇) | သောကြာ(၁၇-၃-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| ရန်ကုန်မြို့ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| မန္တလေးမြို့ | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F |
| မြစ်ကြီးနား | နေသာ ၂၄°C/၇၆°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F |
| လားရှိုး | နေသာ ၂၇°C/၈၀°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| ကျိုင်းတုံ | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| လွိုင်ကော် | နေသာ ၃၀°C/၈၆°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| တောင်ကြီး | နေသာ ၂၄°C/၇၅°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၇°C/၈၀°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| ဘားအံ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| တောင်ငူ | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F |
| မုံရွာ | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F |
| ပုသိမ် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F |
| မြိတ် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| စစ်တွေ | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| မကွေး | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F |
| ဖလမ်း | နေသာ ၂၀°C/၆၈°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၃°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၅°F |

# မိုးခေါင်ရေရှားမှုနှင့် ရင်ဆိုင်ရမည်ကို ထိုင်းဘုရင်သစ် စိုးရိမ်ပူပန်လျက်ရှိ

နိုင်ငံတစ်ဝန်း မိုးခေါင်ရေရှားမှုဒဏ်၊ ပူပြင်းခြောက်သွေ့မှုဒဏ်တို့နှင့် ရင်ဆိုင်ကြုံတွေ့ရမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်ဟု ထိုင်းနိုင်ငံ ဘုရင်သစ်ဖြစ်လာသူ ဗာဂျီရာလောင်ကွန်းကပြောကြားခဲ့ကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ချန်အိုချာသည် အပတ်စဉ်မိန့်ခွန်းပြောကြားရာ၌ ပြည်သူများနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေကြသူများအနေဖြင့် ရေကို ထိရောက်စွာသုံးစွဲကြရန်နှင့် ရေဖြုန်းတီးမှုများအား ရှောင်ကြဉ်ကြရန်၊ ပူပြင်းခြောက်သွေ့သည့်ရာသီကို ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ရေကို လိုအပ်သည့်နေရာများတွင်သာ သုံးစွဲကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆည်မြောင်း ကန်ချောင်းများနှင့် အလှမ်းဝေးသည့်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ရေဖြုန်းတီးခြင်းကို ရှောင်ကြဉ်ကြရန်လိုအပ်ကြောင်း၊ ရေကို လှောင်ကန်ကြီးများဖြင့် သိုလှောင်ထားရန် လိုအပ်ကြောင်း၊ နှစ်စဉ်မိုးခေါင်ခြောက်သွေ့သည့်ရာသီသို့ ရောက်ရှိတိုင်း ရေရှားပါး ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့် ဒေသများအနေဖြင့် ရေကို အကျိုးရှိရှိ အသုံးပြုကြရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနနှင့် အခြားသော တာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့်လည်း မိုးခေါင်ခြောက်သွေ့မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် လိုအပ်ချက်များကို ကြိုတင်စီမံထားရန် လိုအပ်ကြောင်း၊ အစိုးရအဖွဲ့အစည်း အသီးသီးအနေဖြင့်လည်း ရေလိုအပ်ချက်များအတွက် အာမခံချက်ပေးထားရန်လိုအပ်ကြောင်း ချန်အိုချာက ညွှန်ကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် မိုးခေါင်ခြောက်သွေ့သည့်ကာလတိုင်း၌ သောက်သုံးရေ ရှားပါးမှုပြဿနာကို နှစ်စဉ်ရင်ဆိုင်နေရသည်။

အဆိုပါပြဿနာကို ဖြေရှင်းရန်အတွက် ထိုင်းနိုင်ငံအစိုးရအနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်၍ ရေရှားပါးမှု အခက်အခဲအားဖြေရှင်းရန် ဘတ်သန်းပေါင်းများစွာ အကုန်အကျခံ၍ ဖြေရှင်းပေးလျက်ရှိသည်။ ထိုင်းနိုင်ငံအစိုးရသည် ရေလှောင်ကန်များ၊ တာတမံများကို ရေရှားပါးသည့် ဒေသများတွင်တည်ဆောက်ပေးလျက်ရှိကြောင်း နေးရှင်းသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**



## အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားနှင့် အလယ်ပိုင်းဂျာဗားတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားနှင့် အလယ်ပိုင်းဂျာဗားပြည်နယ်တို့တွင် မတ် ၇ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများအပြင် မြေပြိုကျမှုများပါ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဂျာဗားဒေသသုံးခုတွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိပြီး အသက် ၁၂ နှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသည့် အရေအတွက်အတိအကျကို ထပ်မံဖော်ပြမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အထူးသဖြင့် အနောက်ဂျာဗားပြည်နယ် ဘန်ဒေါင်းဒေသရှိ Citarum မြစ်၏ရေမျက်နှာပြင်သည် စိုးရိမ်ရေမှတ်အထက် သုံးမီတာခန့်မြင့်တက်လာခဲ့သဖြင့် အဆိုပါမြစ်အနီးရှိ ကျေးရွာများမှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေကြရသည်ဟု ဆိုသည်။

ထို့ပြင် အလယ်ပိုင်းဂျာဗားပြည်နယ်ရှိ Pekalongan တွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အဆိုပါဒေသရှိ Bremi နှင့် Meduri မြစ်နှစ်စင်းတို့မှာ မြစ်ရေများ မြင့်တက်ခဲ့ကြောင်း၊ အဆိုပါမြစ်နှစ်စင်း၏ မြစ်ရေများသည် စိုးရိမ်ရေမှတ်အထက် ၁ဒသမ ၅ မီတာအထိ မြင့်တက်ခဲ့ကြောင်း၊ ဒေသအတွင်း ပျက်စီးဆုံးရှုံးမှု အခြေအနေများကို မသိရှိရသေးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ရေဘေးဒုက္ခသည်များအား ဒေသဆိုင်ရာအာဏာပိုင်များက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကူညီပေးလျက်ရှိသည်။ ထို့ပြင် ရေနစ်မြုပ်ခဲ့သည့် ဒေသများအား အကူအညီများပေးကြရန် ဂျာဗားအစိုးရက နှိုးဆော်လျက်ရှိသည်။

ရေလွှမ်းမိုးမှုကြောင့် စာသင်ကျောင်းများအားလုံးကို ပိတ်ထားခဲ့ရပြီး ရေပြန်လည်ကျဆင်းသွားသည့်အချိန်တွင် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်ဟုဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ရသည်ဟု ဆိုသည်။

**မယ်သီတာ**

# Vietjet ၏ အလေးချိန် တစ်ကီလိုဂရမ်ရှိ ရွှေသားလေယာဉ်ပုံအား ကံထူးရှင်တစ်ဦးဆွတ်ခူး


Vietjet လေကြောင်းလိုင်းမှ ပြုလုပ်ခဲ့သည့် အထူးပရိုမိုးရှင်းအစီအစဉ်ဖြစ်သည့် အလေးချိန်တစ်ကီလိုဂရမ်ရှိ ရွှေသားလေယာဉ်ပုံအား ကံစမ်းခွင့် အစီအစဉ်တွင် ဗီယက်နမ်နိုင်ငံသူတစ်ဦးဖြစ်သည့် Ms. Tran Phoi Hanh က ရရှိသွားခဲ့ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Ms. Tran သည် ဖေဖော်ဝါရီ ၃ ရက်က ဝယ်ယူခဲ့သည့် လေယာဉ်အမှတ် VJ610 ၏ ခရီးစဉ်ကို ဝယ်ယူခဲ့ခြင်းမှ ကံထူးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလေးချိန် တစ်ကီလိုဂရမ်အလေးချိန်ရှိ ရွှေသားလေယာဉ်ပုံကို DOJI Gold & Gems Group က ဒီဇိုင်းထွင်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

“အံ့သြစရာကောင်းတဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့ အရောင်းမြှင့်တင်ရေးအစီအစဉ်တွေ၊ ဖော်ရွေတဲ့ ဝန်ဆောင်မှုတွေကို သင့်တင့်လျောက်ပတ်တဲ့ဈေးနှုန်း နဲ့ ရောင်းချပေးနေတဲ့ တစ်ခုတည်းသော လေကြောင်းလိုင်း Vietjet နဲ့ခရီးသွားရတာ ကြိုက်တယ်။ ဒီလိုမျိုး တန်ဖိုးကြီးဆုကို လက်ခံရရှိတဲ့အတွက် မယုံနိုင်လောက်အောင် အံ့သြပျော်ရွှင်မိလို့ Vietjet ကိုလည်း နှလုံးသားထဲကနေ လှိုက်လှိုက်လှဲလှဲကို ကျေးဇူးတင်မိပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လေကြောင်းလိုင်းကမှ Vietjet က ပေးတဲ့ ဒီလိုမျိုး တန်ဖိုးကြီးလက်ဆောင်မျိုး မပေးဖူးသေးဘူးလို့ ထင်တာပဲ။ ဒီလိုမျိုးခရီးစဉ်တွေ ပိုပိုပြီးများလာတာနဲ့အမျှ ကျွန်မတို့လို သာမန်ခရီးသွားတွေအနေနဲ့လည်း ခရီးပိုမိုသွားလာနိုင်ရင်း ဆုမဲတွေ ကံစမ်းနိုင်လာမယ်လို့ မျှော်လင့်မိပါတယ်”ဟု Ms. Tran Phoi Hanh က ပြောကြားခဲ့သည်။

အဆိုပါ ရွှေသားလေယာဉ်ကံစမ်းမဲအတွက် အရောင်းမြှင့်တင်ရေးကာလဖြစ်သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ အထိ နံနက် ၁၁ နာရီခွဲနှင့် နေ့လယ် ၁ နာရီခွဲအချိန်အတွင်း လက်မှတ်ဝယ်ယူသူများအား ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ **မယ်သီတာ**






# တရားမဝင်ကုန်သွယ်မှု တားဆီးရေးနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ တည်ထောင်ရေး တရုတ်နိုင်ငံ ယူနန်ပြည်နယ် အစိုးရနှင့်ဆွေးနွေး

နှစ်နိုင်ငံအကြား ကြီးထွားလာသော တရားမဝင် နယ်စပ်ကုန်သွယ်မှုနှင့်အတူ အရည်အသွေးနိမ့်ကုန်ပစ္စည်းများ၊ ဈေးကွက်ဖျက်ကုန်ဈေးနှုန်းဖြင့် တင်ပို့နေမှု (Dumping)များအား ပူးပေါင်းကာကွယ် တားဆီးနိုင်ရေးနှင့် တရားဝင် နယ်စပ်ကုန်သွယ်ရေးမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ တည်ထောင်ရေး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Chen Shun ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့သည် မတ် ၂ရက်က ကုန်သည်စက်မှုအသင်းချုပ်၌ ဆွေးနွေးခဲ့ကြောင်း UMFCCI ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

တရားမဝင်ကုန်စည်များ၊ အရည်အသွေးနိမ့် ကုန်စည်များနှင့် ကုန်ပစ္စည်းအတုအပများ ပမာဏများပြားစွာ ဝင်ရောက်လာမှုကြောင့် မြန်မာ့စားသုံးသူပြည်သူလူထုအပြင် မြန်မာ့အသေးစားနှင့် အလတ်စားလုပ်ငန်းများမှာ ထိခိုက်လျက်ရှိရာ ထိရောက်ပြတ်သားစွာ တားဆီးအရေးယူနိုင်ရေးကို နှစ်ဖက်အဖွဲ့အစည်းများ သဘောတူ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် အရည်အသွေးနိမ့် ကုန်ပစ္စည်းများမှာ တရုတ်နိုင်ငံအတွင်း တရားဝင် လုပ်ကိုင်ခြင်းမရှိသော ကုမ္ပဏီများမှ မှောင်ခိုလမ်းကြောင်းများမှ တင်ပို့နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကြောင့် တရုတ်ကုန်ပစ္စည်းများ နာမည်ပျက်ရသည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် တရားမဝင်ကုမ္ပဏီများကို ပိုမိုထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Chen Shun က ပြောသည်။

အရည်အသွေးနိမ့် ပစ္စည်းများ တရားမဝင် ကုန်သွယ်မှုမှာ နှစ်ဦးနှစ်ဖက်စလုံးတွင် တာဝန်ရှိသည်ဟု အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ ဆင်းရဲမှုမြင့်မားခြင်းကို အခွင့်ကောင်းယူ၍ ဈေးပေါ၍ အရည်အသွေးအာမခံချက်မရှိသော ကုန်ပစ္စည်းများကို တရုတ်နိုင်ငံဘက်မှ တင်ပို့ ရောင်းချသူများ ရှိနေသလို၊ မြန်မာ့ဈေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူးသည့် စီးပွားရေးအမြတ်ထုတ်သည့် မြန်မာကုန်သည်များလည်း ရှိနေ၍ဖြစ်ကြောင်း ဒေါက်တာမောင်မောင်လေးက ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဘက်သို့လည်း မြန်မာနိုင်ငံမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လျက်ရှိကြောင်း၊ နှစ်ဖက် နယ်စပ်ဂိတ်များတွင် အဝင်-အထွက် လမ်းကြောင်းနှစ်ရပ်လုံးကို ပိုမိုစနစ်ကျ၍ စေ့စပ်တင်းကျပ်စွာ စစ်ဆေးအရေးယူရန် လိုအပ်နေကြောင်း ယူနန်ပြည်နယ်အစိုးရ ကုန်သွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင်ကုန်သွယ်မှု လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ကုန်ပစ္စည်း အရည်အသွေးတိုးတာသည့် စက်ကိရိယာများနှင့် နည်းပညာများကို ထောက်ပံ့ ကူညီသွားမည်ဖြစ်ကြောင်း Mr. Chen Shun ကပြောကြားခဲ့သည်။

တရားမဝင် ကုန်သွယ်မှုလျှော့ချရေးမှသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မြန်မာ့စီးပွားရေး တိုးတက်လာစေရေးအတွက် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ လက်တွဲတည်ထောင်ရန်လည်း သဘောတူဆွေးနွေးခဲ့ကြသည်။ နှစ်ဖက် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ဖလှယ်နိုင်မည့် စီးပွားရေးနှင့် ကုန်သွယ်မှုဇုန်များ တည်ထောင်ခြင်းဖြင့် နယ်စပ်ကုန်သွယ်မှုမြှင့်တင်သွားရန် ဆွေးနွေးခဲ့ကြသည်။ အလွန်အရေးပါသည့် လုပ်ငန်းဖြစ်သဖြင့် ဗဟိုအစိုးရထံသို့ တင်ပြကာ ခွင့်ပြုချက်တောင်းမည်ဖြစ်ကြောင်း Mr. Chen Shun က ပြောကြားခဲ့သည်။

ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံ နယ်စပ်ဒေသများနှင့် ကီလိုမီတာ တစ်ထောင်ကျော်အထိ ထိစပ်နေသောဒေသဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများ ဝင်ထွက်နေသည့်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# SolarHome ၏ PAYG ပေးချေမှုဖြင့် ဆိုလာအိမ်သုံးစနစ်ကို ပထမဆုံးစတင်တပ်ဆင်

ဆိုလာစွမ်းအင်ကုမ္ပဏီသစ် တစ်ခုဖြစ်သော SolarHome သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မီးမရရှိသေးသော ဒေသများ(သို့မဟုတ်) ဆိုလာဈေးကွက် ဝယ်လိုအားများနိုင်သည့် ဒေသများ၏ လိုအပ်ချက်ကို ဖြည့်နိုင်ရန်အတွက် ၎င်း၏ပထမဆုံးထုတ်ကုန်ကို ဖေဖော်ဝါရီလ ပထမပတ်တွင် အောင်မြင်စွာ မိတ်ဆက်နိုင်ခဲ့သည်။

အာဖရိကနိုင်ငံများအတွင်း လက်ရှိအောင်မြင်စွာ လုပ်ငန်းလည်ပတ်လျက်ရှိသည့် ရေရှည်အကျိုးပြု "Pay As You Go" ငွေပေးချေမှုပုံစံနှင့်အတူ SolarHome သည် မြန်မာနိုင်ငံ ဆိုလာစွမ်းအင်ဈေးကွက်တွင် ပုံစံသစ်ဖြင့် စတင်ရန်ကြိုးစားသည့် ပထမဆုံးသော ကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။ ဝန်ဆောင်မှု ဝယ်ယူအသုံးပြုသူများ၏ အကျိုးအမြတ်ကိုရှေးရှု၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိသည့် ဆိုလာထုတ်ကုန်များကို သင့်တင့်သော ရေရှည်ငွေပေးချေနိုင်သည့် နှုန်းထားဖြင့် ထောက်ပံ့ပေးရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

SolarHome အနေဖြင့် ၎င်း၏ ကုန်ပစ္စည်းကို စတင်ရောင်းချသည့်နေ့၌ ပထမဆုံးဝန်ဆောင်မှုစတင် အသုံးပြုသူအဖြစ် ကျောင်းကုန်းမြို့မှ ဦးသိန်းအောင်၏ နေအိမ်တွင် ဆိုလာဟုမ်းစနစ်ကို အောင်မြင်စွာ တပ်ဆင် ရောင်းချနိုင်ခဲ့သည်။ ဦးသိန်းအောင်သည် ၎င်း၏နေအိမ်တွင် ကုန်စုံဆိုင်လေးကို ဖွင့်လှစ်ထားပြီး ကျောင်းကုန်းရွာတွင် နှစ်ပေါင်းများစွာ နေထိုင်လာသူလည်း ဖြစ်သည်။ ထို့ပြင် နေအိမ်တွင် ညနေပိုင်း မီးအလင်းရောင်ရရှိရန်အတွက် ဖယောင်းတိုင်မီးနှင့် ဘက်ထရီအိုးစသည်တို့ကို အသုံးပြုခဲ့ရသည်။ ယခုအချိန်တွင် သူ၏နေအိမ်၌ အချိန်ကုန်သက်သာပြီး စိတ်ချယုံကြည်ရသော အလင်းရောင် ပေးစွမ်းနိုင်သည့် ဆိုလာအိမ်သုံးစနစ်ကို ပိုင်ဆိုင်ရခြင်းအတွက် ဝမ်းသာလျက်ရှိသည်ဟု ဆိုသည်။

ဆိုလာအိမ်သုံးစနစ်ကို စတင်သုံးစွဲသည့်နေ့မှစ၍ မီးစက်မှတစ်ဆင့် ဘက်ထရီအိုးအားသွင်းရန်အတွက် အချိန်တစ်နာရီကြာကုန်ဆုံးရန် မလိုတော့ပေ။

အသက် ၆၀ အရွယ်ရှိ ဦးသိန်းအောင်က “ကျွန်တော့်အိမ်ကို အခုလိုလေးမြင်ရတာ အရမ်းစိတ်ချမ်းသာတယ်။ ဟိုးအရင်ကတည်းက ဒါမျိုးဆိုလာအိမ်သုံးစနစ်လေးတွေရှိခဲ့ရင် ကောင်းမှာပဲလို့တောင် စိတ်ကူးယဉ်မိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပိုက်ဆံများများရှာနိုင်ဖို့ ဒီနေ့ကစပြီး အိမ်ဆိုင်လေးကို ညအထိ ကြာကြာဖွင့်လို့ရပြီ။ အိမ်က မြေးတွေလည်း ညဘက်မီးရပြီဆိုတော့ စာကောင်းကောင်းဖတ်လို့ရပြီ



သူတို့အနာဂတ်အတွက် သူတို့ ကြိုးစားလို့ရတာပေါ့”ဟု ဖွင့်ဟပြောကြားခဲ့သည်။

မီးအလင်းရောင် မရရှိသေးသည့် ကျေးရွာများတွင် နေထိုင်ကြသော အိမ်ထောင်စု အများစုမှာ ဆိုလာစွမ်းအင်အသုံးပြုမှုကို စတင်ရန် စိတ်အားထက်သန်လျက်ရှိကြဟု ဆိုသည်။ သို့သော် ဆိုလာအိမ်သုံးအစုံလိုက်ကို ဝယ်ယူရန်မှာ ဈေးများသည့်အတွက် ပုံမှန်ပေးချေမှုပုံစံဖြင့် ဝန်ဆောင်မှုပေးသော SolarHome ၏ Pay As You Go စနစ်မှာ ဒေသခံများအတွက် ကနဦးကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်သည်။

**မယ်သီတာ**

## အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်မည့် ပဏာမ မြန်မာ့လက်ရွေးစင်ကစားသမားစာရင်း ထွက်ပေါ်

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဆီဇီသည် ၂၀၁၉ အာရှဖလား အုပ်စုအဖွင့်ပွဲစဉ်ဖြစ်သည့် အိန္ဒိယအသင်းနှင့်ပွဲစဉ်အတွက် ပဏာမ မြန်မာ့လက်ရွေးစင်အသင်း၏လူစာရင်းအား ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ပဏာမကစားသမား ၂၆ ဦးစာရင်းတွင် ဝါရင့်ကစားသမားတစ်ဦးဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲဝင် ရှမ်းယူနိုက်တက်အသင်းနောက်ခံလူ ဝင်းမင်းထွန်း ဆက်လက်ရွေးချယ်ခံခဲ့ရပြီး လက်ရွေးစင်အသင်းနှင့် အတန်ငယ်ဝေးကွာနေသည့် သီဟစည်သူ (ဂိုး)၊ တင်ဝင်းအောင်၊ သက်နိုင်(လယ်)၊ သိန်းသန်းဝင်း(နောက်တန်း)တို့လည်း ပြန်လည်ပါဝင်လာခဲ့ကြောင်း သိရသည်။

အဆိုပါအသင်းတွင် လူငယ်ကစားသမားများအဖြစ် ဖုန်းသစ္စာမင်း(ဂိုး)၊ စိုးမြတ်သူ၊ စည်သူအောင်၊ သန်လန်ဟက်ထန်တို့လည်း ပါဝင်လာခဲ့ကြသည်။ ထို့ပြင် ဆူဇူကီးဖလားတွင်မပါဝင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း၏ တိုက်စစ်မှူး ကျော်ကိုကိုလည်း ပြန်လည်ပါဝင်လာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ အာရှဖလားခြေစစ်ပွဲအဖြစ် မတ်လ ၂၈ ရက်တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးကွင်း၌ အိန္ဒိယအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါခြေစစ်ပွဲမတိုင်မီ မတ် ၂၂ ရက်တွင်လည်း မြန်မာ့လက်ရွေးစင်အသင်းသည် အာဖရိကနိုင်ငံများအနက် တစ်နိုင်ငံမှ လက်ရွေးစင်အသင်းတစ်သင်းနှင့်ရန်ကုန်မြို့တွင် ဖိတ်ခေါ်ခြေစမ်းပွဲတစ်ပွဲကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် ရွေးချယ်ထားသည့် ပဏာမလက်ရွေးစင်အသင်းတွင် (ရှေ့)ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်ယူနိုက်တက်)၊ အောင်သူ(ရတနာပုံ)၊ (လယ်) မျိုးကိုထွန်း၊ သက်နိုင်၊ စည်သူအောင်(ရတနာပုံ)၊ ရန်အောင်ကျော်(ရန်ကုန်)၊ စိုးမြတ်သူ (ဆောက်သမ်းမြန်မာ)၊ ဆမ်လန်မန် (ချင်း)၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး(ရှမ်း)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ (နောက်)နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ ဟိန်းသီဟဇော်၊ ဝင်းမင်းထွန်း(ရှမ်း)၊ သန်လန်ဟက်ထန်(ချင်း)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ ဇော်မင်း ထွန်း၊ဒေးဗစ်ထန်(ရန်ကုန်)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ (ဂိုး)ပြည့်ဖြိုးအောင်(ဆောက်သမ်း)၊ ရန်အောင်လင်း(ရတနာပုံ)၊ သီဟစည်သူ၊ ဘုန်းသစ္စာမင်း(ရှမ်း)တို့ပါဝင်ကြကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

## ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ရုပ်သံထုတ်လွှင့်ခွင့်ကို ပေါင်တစ်ဘီလီယံကျော်ဖြင့် BT Sport က စာချုပ်သက်တမ်းတိုးချဲ့

ဥရောပ ချန်ပီယံလိဂ်ပြိုင်ပွဲများကို ရိုက်ကူးထုတ်လွှင့်လျက်ရှိသည့် BT Sport ရုပ်သံလွှင့်ကုမ္ပဏီသည် ၎င်း၏ စာချုပ်သက်တမ်းကို ၂၀၂၁ ခုနှစ်အထိ တိုးချဲ့စာချုပ် ချုပ်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



အဆိုပါ ရုပ်သံထုတ်လွှင့်ခွင့်အတွက် BT Sport က ပေါင် ၁ ဒသမ ၂သန်း ပေးချေမည်ဖြစ်သည်။ BT Sport သည် ဥရောပချန်ပီယံလိဂ် ပွဲစဉ်များအတွက် ရုပ်သံထုတ်လွှင့်ခွင့်များကို ၂၀၁၃ ခုနှစ်က ပေါင် ၈၉၇ သန်းဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၁၅ ခုနှစ်ကတည်းက တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်လျက်ရှိသည်။

BT Sport သည် ဗြိတိန်နိုင်ငံသား ပိုင်ဆိုင်သည့် ရုပ်သံထုတ်လွှင့်သည့် လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် တယ်လီဖုန်း အော်ပရေတာလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

စာချုပ်သစ်အရ BT Sport သည် ဥရောပချန်ပီယံလိဂ် ပွဲစဉ်အသီးသီးကို တိုက်ရိုက်ထုတ်လွှင့် ပြသခွင့်ရရှိခဲ့ပြီး တိုက်ရိုက်ထုတ်လွှင့်သည့် ပွဲစဉ်များအပြင် ပွဲကြိုသုံးသပ်ချက်များနှင့် ပွဲအပြီး သုံးသပ်ချက်များကိုပါ ထည့်သွင်းပြသသွားမည်ဖြစ်သည်။ ထို့ပြင် BT Sport အနေဖြင့် ပွဲပြီး၊ ပွဲကြို သုံးသပ်ချက်များအား ITV ၏ အခမဲ့ရုပ်သံလိုင်းမှလည်း ပြသပေးရမည်ဖြစ်သည်။

ဥရောပချန်ပီယံလိဂ် ပြိုင်ပွဲသည် ဥရောပတိုက်အတွင်းရှိ ဘောလုံးအင်အားကြီးနိုင်ငံများမှ ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဖြစ်ရာ တစ်ကမ္ဘာလုံးက အထူးစိတ်ဝင်စားလျက်ရှိသည့် ပွဲစဉ်များဖြစ်သည်ဟုဆိုသည်။

၂၀၁၈-၁၉ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ဘောလုံးပွဲစဉ်များ၏ အုပ်စုပွဲစဉ်အသီးသီး၏ ထိပ်ဆုံးနေရာ လေးနေရာကို အာမခံပေးရမည်ဖြစ်သည်ဟုဆိုသည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ဥရောပတိုက်အတွင်း ကျင်းပလျက်ရှိသည့် လိဂ်ပြိုင်ပွဲများအနက် နိုင်ငံလေးနိုင်ငံကိုသာ ထိပ်ဆုံးတွင် သတ်မှတ်ထားရှိသည်။ အဆိုပါလေးနိုင်ငံအနက် စပိန်နိုင်ငံက ထိပ်ဆုံးတွင်ရှိနေပြီး ဂျာမနီက ဒုတိယ၊ အင်္ဂလန်က တတိယနှင့် အီတလီက စတုတ္ထနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ဥရောပချန်ပီယံလိဂ် ပြိုင်ပွဲများကို ယခင်ကျင်းပနေကျ အချိန်များဖြစ်သည့် ယူနိုက်တက်ကင်းဒမ်း စံတော်ချိန်များဖြစ်သည့် ၁၈း၀၀ နာရီနှင့် ၂၀း၀၀ နာရီတို့တွင် ကျင်းပမည်ဖြစ်ရာ အခြားသောဒေသမှ ဘောလုံးဝါသနာရှင်များ ကြည့်ရှုနိုင်မည့်အချိန်ကို ပြောင်းလဲပေးရန် တောင်းဆိုလျက်ရှိသည်။

## မြောက်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် အာရှဖလားခြေစစ်ပွဲ အုပ်စု(ခ)တွင် ဒေါ်သိန်းသိန်းအေးနှင့်ဒိုင်အဖွဲ့သွားရောက် တာဝန်ထမ်းဆောင်မည်

လက်ရှိ မြန်မာနေရှင်နယ်လိဂ် လူငယ်အမှတ်ပေးပြိုင်ပွဲများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဖီဖာအမျိုးသမီး ကွင်းလယ်ဒိုင် ဒေါ်သိန်းသိန်းအေး၊ ဒေါ်ဂေးပလောင်၊ ဒေါ်သီတာဦးတို့သည် မြောက်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(ခ)ပွဲစဉ်များတွင် သွားရောက် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါအုပ်စုကို မြောက်ကိုရီးယားနိုင်ငံ၊ ပြုံယမ်းမြို့တော်တွင် ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင် မြောက်ကိုးရီယား၊ တောင်ကိုးရီယား၊ ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်နှင့် အိန္ဒိယအမျိုးသမီးအသင်းတို့ ပါဝင်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဒေါ်သိန်းသိန်းအေးက ကွင်းလယ်ဒိုင်အဖြစ်လည်းကောင်း၊ ဒေါ်ဂေးပလောင်၊ ဒေါ်သီတာဦးတို့က အကူဒိုင်များအဖြစ် လည်းကောင်း သွားရောက်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

## ချဲလ်ဆီးအသင်း၏ စတန်းဖို့ဒ်ဘရစ်ချ်ကွင်းကို ပရိသတ် ၆၀၀၀၀ ဆံ့သည့်ကွင်းအဖြစ် ပြင်ဆင်ရန် မြို့တော်ဝန် သဘောတူ

ချဲလ်ဆီး ဘောလုံးအသင်းသည် အသင်းပိုင်ကွင်းဖြစ်သည့် စတန်းဖို့ဒ်ဘရစ်ချ်ကွင်းကို ပရိသတ် ၆၀၀၀၀ ဆံ့သည့်ကွင်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် လန်ဒန်မြို့တော်ဝန်ထံ တင်ပြခဲ့ရာ လန်ဒန်မြို့တော်ဝန်က သဘောတူခွင့်ပြုခဲ့ပြီဖြစ်သည်။

အဆိုပါ ပရိသတ် ၆၀၀၀၀ ဆံ့သည့်ကွင်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ပေါင်သန်း ၅၀၀ ကုန်ကျမည်ဖြစ်သည်ဟုဆိုသည်။

ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက အဆိုပါဘောလုံးကွင်းကို ဖြိုချပြီးမှ အသစ် ပြန်လည်တည်ဆောက်ရန် ဟမ်းမားစမစ်နှင့် ဖူလ်ဟမ်ကောင်စီက သဘောတူခဲ့ပြီးဖြစ်သည်။

စတန်းဖို့ဒ်ဘရစ်ချ် ဘောလုံးကွင်းသည် ပရိသတ် ၄၁၆၀၀ ကြည့်ရှုနိုင်သည့် ဘောလုံးကွင်းတစ်ကွင်းဖြစ်သော်လည်း ပရိသတ် ၆၀၀၀၀ ဆံ့သည့်ကွင်းတစ်ကွင်းအဖြစ် ပြောင်းလဲရန် ချဲလ်ဆီးအသင်း ပိုင်ရှင်ကတင်ပြခဲ့ခြင်းဖြစ်သည်။

လန်ဒန်မြို့တော်ဝန် ဆဒစ်အာမန်ခန်းက "သူတို့ တင်ပြလာတဲ့ အဆိုပြုလွှာကို ကျွန်တော် သဘောကျပါတယ်။ အဆောက်အအုံရဲ့ အရည်အသွေးရော၊ ဒီဇိုင်းပိုင်းမှာပါ တော်တော်လေးကို အဆင့်မြင့်ပါတယ်။ ဒီဘောလုံးကွင်းအသစ်ဟာ လန်ဒန်မြို့ရဲ့ ရတနာတစ်ပါး ဖြစ်လာနိုင်ပါတယ်။ လန်ဒန်ကိုလာရောက်ကြမယ့် ဧည့်သည်တွေကိုလည်း ဆွဲဆောင်နိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ချဲလ်ဆီးပရိသတ်တွေအတွက်လည်း စိတ်ကျေနပ်မှုရရှိစေမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြို့တော်ဝန်၏ ဆုံးဖြတ်ချက်အား ချဲလ်ဆီးအသင်းက ဝမ်းသာစွာဖြင့်ကြိုဆိုလက်ခံပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

## အဝေးကွင်း သရေတစ်မှတ်နှင့်အတူ AFC Cup အုပ်စု(ဇ) အမှတ်ပေးဇယားကို ရတနာပုံအသင်း ဆက်လက်ဦးဆောင်

မတ် ၈ ရက်က ဗီယက်နမ်နိုင်ငံ၊ ဟန္ဓိုင်းမြို့တွင် ကျင်းပခဲ့သည့် AFC Cup ပွဲစဉ်တွင် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းက ဗီလိဂ်ကလပ်သန်ကွမ်နင်းအသင်းကို ဦးဆောင် ဂိုးသွင်းယူကာ သရေတစ်မှတ် ရယူနိုင်ခဲ့သည်။

ရတနာပုံအသင်းအနေဖြင့် အဝေးကွင်းတွင် သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် နှစ်ပွဲကစားပြီးချိန်၌ ရမှတ် လေးမှတ် ရရှိထားပြီဖြစ်သည်။

ပြည်တွင်းပွဲစဉ်များတွင် တဖြည်းဖြည်း ခြေစွမ်းမှန်လာပြီဖြစ်သည့် ရတနာပုံအသင်းအနေဖြင့် ယခုပွဲတွင်လည်း တည်ငြိမ်သည့်ခြေစွမ်းကို ထုတ်ပြနိုင်ခဲ့သည်။ ရတနာပုံအသင်းအနေဖြင့် ပွဲချိန် ၂၂ မိနစ်ကတည်းက ကွင်းလယ်လူ ရန်ပိုင်၏ သွင်းဂိုးဖြင့် ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ရတနာပုံအသင်းအနေဖြင့် ပွဲကိုထိန်းချုပ်ကာ အနိုင်ရလဒ်ကို ထိန်းသိမ်းရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းပွဲချိန် ပြီးဆုံးကာနီးတွင် ပင်နယ်တီခွင့်ပြုခဲ့ရသောကြောင့် သန်ကွမ်နင်းကို ချေပဂိုး ပြန်လည်ပေးခဲ့ရခြင်းဖြစ်သည်။ သန်ကွမ်နင်းအတွက် ချေပဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် မင်တူအန်က ပင်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်း ပါဝင်နေသည့် အုပ်စု(ဇ) တွင် အသင်းသုံးသင်းသာ ပါဝင်ရာ ရတနာပုံအသင်းတစ်သင်းသာ နှစ်ပွဲကစားထားပြီး ကျန်အသင်းများဖြစ်သည့် ဟုမ်းယူနိုက်တက်နှင့်သန် ကွမ်နင်းတို့မှာ တစ်ပွဲစီသာ ကစားထားရသေးသည်။ လက်ရှိအချိန်တွင် ရတနာပုံအသင်းက လေးမှတ်ဖြင့် အုပ်စုကို ဦးဆောင်နေပြီး သန်ကွမ်နင်းက တစ်မှတ်၊ ဟုမ်းယူနိုက်တက်က ရမှတ်မရှိသေးကြောင်း သိရသည်။

Vol: 17, No.11 Monday March 13 2017

## ဖေဖော်ဝါရီလအတွင်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်အတွင်းရှိ စားသုံးသူပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာ တိုးပွားစေရန်အတွက် အသိပညာပေးဟောပြောခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ဈေးကွက်အတွင်း ဘေးဥပဒ်အန္တရာယ်ရှိသော တားမြစ်ကုန်စည်များ ရောင်းချနေခြင်း ရှိ/မရှိ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကိုလည်းကောင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဖေဖော်ဝါရီလအတွင်း မော်လမြိုင်ခရိုင်အတွင်းရှိ တက္ကသိုလ်ကျောင်းများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများတွင် အသိပညာပေးဟောပြောခြင်း လေးကြိမ်၊ ဘေးဥပဒ်အန္တရာယ်ရှိသော တားမြစ်ကုန်စည်များ ရောင်းချနေခြင်းရှိ/မရှိ ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်း လေးကြိမ်၊ ကုန်သည် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း လေးကြိမ်၊ သထုံခရိုင်တွင် တပ်ရင်း/တပ်ဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများတွင် အသိပညာပေးဟောပြောခြင်း သုံးကြိမ်၊ ဘေးဥပဒ်အန္တရာယ်ရှိသော တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ ဈေးကွက်ကွင်းဆင်း စစ်ဆေးခြင်း နှစ်ကြိမ်၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး စုစုပေါင်းလူဦးရေ ၉၇၅ ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ တပ်ရင်း/တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ စသည့် ဌာနများအပြင် မိတ်ဖက်အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ခဲ့ကြကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စားသုံးသူတိုင်ကြားမှုစနစ်များနှင့် အရေးယူဆောင်ရွက်မှု အစီအစဉ်ပုံစံစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်၊ သုံးစွဲရန် မသင့်သော တားမြစ်ကုန်စည်များ စာရင်းအား ဖြန့်ဝေခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(မွန်)**

## ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ပါသည်။

ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးသန်းပိုက မိမိတို့ဌာနမှ ဦးဆောင်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်လျာထားချက်များ၊ ဆောင်ရွက်နေမှုများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို သက်ဆိုင်ရာဌာနများဖြင့် ဖွဲ့စည်းထားရှိမှုများနှင့် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပါသည်။

ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အဖွဲ့ဝင်ဌာနများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာဌာနနှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ရန်၊ မိမိတို့စစ်ဆေးလိုသည့် နေရာဒေသသို့ နေ့ရက်၊ အချိန်သတ်မှတ် ၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များအားလုံးနှင့် ပူးပေါင်းပြီး ဈေးကွက်အတွင်း စားသုံးရန်မသင့်သော အစားအစာများ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းလေ့လာ စိစစ်ကြရန်နှင့် ဒေသတွင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **သူဇာကျော်(ပုလဲ)**

## မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းဝေးကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်နှင့် မိတ်ဖက်ဌာနမှဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက်မအူပင်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းက အထက်ဌာနများ၏ လမ်းညွှန်ချက်များကိုတင်ပြပြီး မအူပင်ခရိုင်အတွင်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၏ ပြန်လည်ဆွေးနွေးတင်ပြချက်များအား ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**COUNSUMER-(MT)**

## တာမွေမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ဖေဖော်ဝါရီ ၂၇ ရက်တွင် တာမွေမြို့နယ်၊ ကျောက်မြောင်းကျောင်းတိုက်၊ ဆင်ဟန်သာသနာ့ဗိမာန်နှင့် မတ်လ ၉ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စီမံခန့်ခွဲရေးကော်မတီရုံး၊ ကနောင်ခန်းမတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများအား ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့သည်။

တာမွေမြို့နယ်တွင်ပြုလုပ်သည့် ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ပြုလုပ်သည့်ဟောပြောပွဲတွင် ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်တို့က စားသုံးသူများအနေဖြင့် အမှတ်တံဆိပ် ဖော်ပြချက်တွင် ဖတ်ရှုနားမလည်သည့်စာသားဖြင့် ရေးသားထားသည့် အစားအသောက်၊ အလှကုန်၊ ဆေးဝါးနှင့် ကုန်စည်တို့ကို ဝယ်ယူသုံးစွဲခြင်းမပြုသင့်ပုံ၊ စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်၊ ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် ဆုံးရှုံးနစ်နာမှုများရှိပါက တိုင်ကြားနိုင်ကြောင်း၊ တက်ရောက်လာသည့် စားသုံးသူပြည်သူများကလည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ဆင့်ပွားပညာပေးရန်တို့ကို ပါဝါပွိုင့်များဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာကျော့မွန်သန်းနှင့် ဦးစီးအရာရှိ ဒေါက်တာဖြိုးမာန်သက်ဦးတို့က အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ ဝယ်ယူအသုံးပြုရာတွင် နာမည်ကြီး အမှတ်တံဆိပ်များနှင့် မိမိတို့ရင်းနှီးကျွမ်းဝင်သည့် ဆိုင်များမှ ပစ္စည်းများကိုသာ ဝယ်ယူကြရန် ဆွေးနွေးခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်း၊ ဈေး၊ စက်မှုဇုန်နှင့် မြို့နယ်/ရပ်ကွက်ပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လျက် ရှိကြောင်း၊ စားသုံးသူများအနေဖြင့်ကုန်စည်၊ ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် စားသုံးသူ၏ အခွင့်အရေးနှင့်အညီ ရွေးချယ်ဝယ်ယူ အသုံးပြုရန်လိုအပ်ကြောင်း၊ စားသုံးသူ၏တာဝန်နှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုများ၏ ညွှန်ကြားချက်ပါအတိုင်း သုံးစွဲရန်လိုအပ်ကြောင်း၊ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ပေးနိုင်ရန် ကုန်စည်များဝယ်ယူသုံးစွဲရာတွင် ငွေပေးချေမှုဖြတ်ပိုင်းနှင့် အာမခံကတ်ပြားတို့ကို သေချာစွာ သိမ်းဆည်းထားရန်လိုအပ်ကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စေရန် ဌာနဆိုင်ရာများ၊ NGOs အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲများသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ အရာထမ်းနှင့်အမှုထမ်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာမွေမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဈေးသူ/ဈေးသားများ စုစုပေါင်း ၁၈၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အလားတူ မတ်လပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် နှစ်နေရာ၊ အနောက်ပိုင်းခရိုင်တွင် လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၀ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ရှစ်နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင်(စားသုံးသူ)**

# အမှတ် (၆၀၀၅) တင့်ကားတပ်ရင်း (အုန်းတော) တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုး ဦးဆောင်သည့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၇ ရက်က စစ်ကိုင်းမြို့နယ် အမှတ် (၆၀၀၅) တင့်ကားတပ်ရင်း (အုန်းတော) တွင် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ရာ အရာရှိ ၉ ဦး၊ စစ်သည် ၇၃ ဦး၊ ရဲမေ ၄၈ ဦး၊ စုစုပေါင်း ၁၃၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ် (၇၂) သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲရေးမှူး (ကိုယ်စား) စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဝင်းသန်းမှ အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအကြောင်း၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဌာန၏သမိုင်းအကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ အစားအသောက်များတွင် စားသုံးရန်မသင့် ဆိုးဆေးသုံးစွဲမှုနှင့် အန္တရာယ်များ အကြောင်း၊ စားသုံးသူများ အမှန်တကယ် နစ်နာမှုများရှိပါက တိုင်ကြားသူ၏ ကိုယ်ရေးအချက်အလက်၊ တိုင်ကြားခံရသော စီးပွားရေးလုပ်ငန်းရှင်၏ အချက်အလက် ပြည့်စုံစွာဖြင့် တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားရမည့် ပုံစံများကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်။

အလားတူ ဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော် ဦးဆောင်သည့်အဖွဲ့နှင့် မိတ်ဖက်ဌာနများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က စစ်ကိုင်းပညာရေး တက္ကသိုလ်တွင်ကျင်းပခဲ့ရာ ဟောပြောပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၄၃၂ ဦးတက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် ဒုတိယပါမောက္ခချုပ် ဦးမျိုးသန့်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်က စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများတွင် ဥပဒေစာအုပ် ၅ အုပ်နှင့် အပတ်စဉ် စီးပွားရေးဂျာနယ် ၁၀ စောင်အား စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယ ဗိုလ်မှူးကြီး ဝင်းသန်းနှင့် ဒုတိယပါမောက္ခချုပ် ဦးမျိုးသန့်တို့အား အသီးသီး ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ခင်စောဝင်း(စစ်ကိုင်း)**

# ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကျင်းပ



ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကို မတ် ၉ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးက ပြောင်းရွှေ့သွားသော အဖွဲ့ဝင်များနေရာတွင် အစားထိုး ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျောင်း၊ ဈေးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ဈေးများအတွင်း ကွင်းဆင်းစစ်ဆေးခြင်း၊ တိုင်ကြားစာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပါသည်။ အဖွဲ့ဝင်များကလည်း မိမိတို့ဌာနနှင့် သက်ဆိုင်သော စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားဖြေရှင်းရေး တွဲဖက်အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ အားနည်းချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်၊ စားသုံးသူများ အနေဖြင့် ဘေးန္တရာယ်ကင်းရှင်းရေးနှင့် ဝန်ဆောင်မှုများတွင်လည်း စားသုံးသူအခွင့်အရေးများ ရရှိရန်လိုအပ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ အချင်းချင်းပူးပေါင်းဆောင်ရွက်သွားရန်၊ ဗဟိုနှင့် တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့တို့မှ လုပ်ငန်းလမ်းညွှန်ချက်များအား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဖွဲ့ဝင်အားလုံး ကြိုးစားဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။

**သန်းအေး(စားသုံးသူ)**



# မန္တလေးခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ ဦးဆောင်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများကျင်းပ

မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့က ဦးဆောင်၍ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စားသုံးသူပြည်သူများအား မြို့နယ်များအလိုက် စုစည်းကာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။

စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများကို မတ် ၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ရွှေပြည်ကြီး ဓမ္မာရုံ၊ မတ် ၇ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဆုတောင်းရဓမ္မာရုံ၊ မတ် ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ မတ် ၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ မတ် ၁၀ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ရွှေစင်သိန်းဓမ္မာရုံတို့၌ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စားသုံးသူပြည်သူများ တက်ရောက်ခဲ့ပြီး မန္တလေးမြို့နယ်အတွင်းရှိ ၅ မြို့နယ်မှ စားသုံးသူပြည်သူ ၁၀၀၀ ကျော်ခန့်အား အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးက စားသုံးသူအသိပညာပေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မန္တလေးခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံက စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဥပဒေအရ တားမြစ်ချက်များနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ စီမံခန့်ခွဲမှုပြစ်ဒဏ်အရ အရေးယူနိုင်မှုအခြေအနေ၊ စားသုံးသူများကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် သတိပြုသင့်သည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များနှင့် အစားအသောက်ဆိုးဆေးအန္တရာယ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းများ ကျန်ရှိမှုကြောင့် ချက်ပြုတ်စားသောက်ရာတွင် ဂရုပြုလိုက်နာကျင့်သုံးသင့်သည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် မန္တလေးခရိုင်အတွင်း၌ ကျန်ရှိသည့် ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဦးဆောင်၍ မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **နေခြည်ဦး(မန္တလေး)**

# တောင်ကြီးခရိုင်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

တောင်ကြီးခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၂ ရက်က အမှတ်(၂၂၂) ထ-ပ-ရ တပ်ရင်းအောင်သပြေရှိ တပ်ရင်းမှူးနှင့် အရာရှိစစ်သည်များ၊ မိသားစုဝင်များ၊ ဖေဖော်ဝါရီ ၂၅ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄) ရဲသင်တန်းကျောင်း (တောင်လေးလုံး)၊ မတ် ၁ ရက်က မြန်မာနိုင်ငံ၊ ရဲတပ်ဖွဲ့ အမှတ်(၂၆) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲစသည့် နေရာတို့တွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောပွဲများတွင် ပြည်နယ်ဦးစီးမှူး ဦးမြသန်းက အဖွင့်အမှာစကား ပြောကြားရာ၌ စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တောင်ကြီးခရိုင်၊ ဦးစီးမှူး ဦးအောင်ကျော်က အာဆီယံနိုင်ငံများအတွင်း စားသုံးသူ အကာအကွယ်ပေးရေး ကော်မတီအဖွဲ့ ACCP ၏ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များ၊ ဒုတိယဦးစီးမှူး ဒေါ်စောယုထွေးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းအရာများ၊ အကြီးတန်းစာရေး ဦးဇော်ဇော်လတ်က ဆိုးဆေးနှင့် ဖော်မလင် အကြောင်း သိကောင်းစရာများ၊ အကြီးတန်းစာရေး ဒေါ်သီသီထွေးက ဝန်ဆောင်မှုနှင့် အစားအစာများမှာ တွေ့ရှိရသောအန္တရာယ်နှင့် အငယ်တန်းစာရေး ဒေါ်နန်းသီတာဦးက အကင်များနှင့် စားသုံးဆီများ စားသုံးခြင်းကြောင့် ရရှိနိုင်သည့် ရောဂါများအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ပါတယ်။

စားသုံးသူအသိပညာပေးဟောပြောပွဲများတွင် လက်ကမ်းစာစောင်များ၊ Aflatoxin မှိုဆိပ်ပါဝင်သော ငရုတ်သီးမှုန့်အမှတ်တံဆိပ် အမည်စာရင်းများ၊ FDA မှထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်စာရင်းများကိုဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါတယ်။

**အောင်ကျော်(တောင်ကြီး)**

# တစ်နှစ်ကျော်လွန်ခဲ့ပြီ အေအီးစီ



## ခ သိန်းမြင့်ဝေ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်ခဲ့သော အာဆီယံ စီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC)ကို အကောင်အထည်ဖော်ခဲ့သည်မှာ တစ်နှစ်ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။

အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော အာဆီယံသည် လွတ်လပ်ပွင့်လင်းသော စီးပွားရေးစနစ် (Open economy) ကို ကျင့်သုံးပြီး ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ကို မြှင့်တင်မည်ဖြစ်သည်။ ထိုသို့မြှင့်တင်ရာတွင် အာဆီယံ ဒေသကို ဥရောပသမဂ္ဂ (EU) ၏ စီးပွားရေးပေါင်းစည်းမှုပုံစံမျိုးဖြင့် ထုတ်လုပ်မှုကို အခြေခံသည့် ဈေးကွက်တစ်ခုဖြစ်လာစေရန် ရည်ရွယ်သည်။ ထို့ကြောင့် AEC သည် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အရင်းအနှီး နှင့် ကျွမ်းကျင်လုပ်သားတို့ကို လွတ်လွတ်လပ်လပ် စီးဆင်းခွင့်ပြုလျက်ရှိသည်။

အာဆီယံစီးပွားရေးပေါင်းစည်းမှုအစီအစဉ်အရ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၂၀၁၀ ပြည့်နှစ်တွင် ၉၉ ဒသမ ၂ ရာခိုင်နှုန်းသော ကုန်စည်များအပေါ် သွင်းကုန်ခွန် (Import tariffs) ကို ဖယ်ရှားပြီးဖြစ်ပါသည်။ အရေးကြီးကုန်စည်များ (Sensitive products) မှ လွဲ၍ ကျန်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန်ကောက်ခံခြင်းမရှိပေ။ ထိုနည်းတူစွာပင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံ တို့သည် ၂၀၁၈ တွင် ၉၀ ဒသမ ၉ ရာခိုင်နှုန်းသော ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန်များ ဖယ်ရှားသွားမည် ဖြစ်ပါသည်။ အရေးကြီး ကုန်စည်များတွင် ဆန်၊ သကြား၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ၊ အသား၊ ကော်ဖီနှင့် ပီလောပီနံမှုန့်တို့ပါဝင်သည်။

အာဆီယံစီးပွားရေး အသိုက်အဝန်း အသေးစိတ်စီမံချက် (AEC blueprint) ကို ၂၀၀၇ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ စီမံချက်တွင် အာဆီယံနိုင်ငံများရှိ ကျွမ်းကျင်ပညာရှင်များ၏ အရည်အသွေးကို တစ်ပြေးညီသတ်မှတ်ရန် ထည့်သွင်းဖော်ပြထားသည်။ ထို့ပြင်သော့ချက်ကျသော ကျွမ်းကျင် ပညာရှင် ခုနစ်မျိုးနှင့် လုပ်ငန်းကဏ္ဍတစ်ခုကို အာဆီယံဒေသအတွင်း လွတ်လပ်စွာ စီးဆင်းခွင့်ပြုမည်ဖြစ်ပါသည်။ ကျွမ်းကျင်ပညာရှင် ခုနစ်မျိုးမှာ ဆရာဝန်၊ သွားဆရာဝန်၊ သူနာပြု၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ သုတေသနစစ်တမ်း ကောက်ခြင်းနှင့် စာရင်းကိုင်တို့ဖြစ်ပါသည်။ လွတ်လပ်စွာစီးဆင်းခွင့်ပြုမည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက ကာလရှည် ရည်မှန်းချက်အဖြစ် ၂၀၂၅ ခုနှစ် AEC Blueprint ကို ချမှတ်ခဲ့ပြီးဖြစ်သည်။ ၂၀၂၅ Blueprint တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Economic intergration) ၏ နောက်တွင် စီးပွားရေးတိုးတက်မှု (Regional Progress) အတွက် နည်းလမ်းများ သတ်မှတ်ဖော်ပြထားသည်။ အဓိကအားဖြင့် ဝန်ဆောင်မှုကဏ္ဍပိုမိုလွတ်လပ်ခွင့်ပြုခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအဟန့်အတားများ လျှော့ချခြင်းနှင့် ထုတ်ကုန်စံချိန်စံညွှန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံနှင့်တရုတ်တို့၏ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ရန်အတွက် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (Asean-Chian Free Trade Agreement-ACFTA) ကို အဆင့်မြှင့်တင်ရန် သဘောတူခဲ့ကြပါသည်။ အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များနှင့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းမှုတို့အတွက် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ဆောက်လုပ်ရေး၊ အင်ဂျင်နီယာ၊ ငွေကြေးစာချုပ် (Securities)၊ ခရီးသွားအေဂျင်စီလုပ်ငန်းကဏ္ဍများကို ပိုမိုလွတ်လပ်ခွင့် ပြုမည်ဖြစ်သည်။ ထို့အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း တရုတ်နိုင်ငံအတွက် ဝန်ဆောင်မှု ကဏ္ဍကို ပိုမိုဖြေလျှော့သွားမည်ဖြစ်သည်။ အာဆီယံနိုင်ငံများက ဖြေလျှော့မည့်ဝန်ဆောင်မှုလုပ်ငန်းများမှာ ကူးသန်းရောင်းဝယ်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ပညာရေး၊ ငွေရေးကြေးရေး၊ ခရီးသွားနှင့် ပို့ဆောင်ရေးတို့ဖြစ်သည်။ နှစ်ဘက်စလုံးသည် တစ်ဦးတည်းပိုင် ကုမ္ပဏီများ (Solely-owned companies) သို့မဟုတ် ဖက်စပ် ကုမ္ပဏီများ (Joint venture companies) တည်ထောင်ခွင့်ပြုပြီး ကန့်သတ်ချက်များလျှော့ချ၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့သော်လည်း AEC တည်ထောင်သည်မှာ တစ်နှစ်ကျော်လွန်ခဲ့သည့်တိုင် ဒေသဆိုင်ရာ စီးပွားရေး ပေါင်းစည်းမှု၏ ကောင်းကျိုးကို အနည်းငယ်သာ ခံစားကြရသည်ကိုလည်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးပမာဏ နှစ်ရာခိုင်နှုန်းခန့်သာ တိုးတက်ခဲ့ပါသည်။ ထို့အတူ ထိုင်းမှ အာဆီယံဈေးကွက်သို့ တင်ပို့ခဲ့သော ပို့ကုန်ပမာဏသည်လည်း နှစ်ရာခိုင်နှုန်းဝန်းကျင်သာ တိုးတက်ခဲ့သည်။ AEC ကို အကောင်အထည်ဖော်နေသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများကြားတွင် အကောက်ခွန်မဟုတ်သော အဟန့်အတားများ (Non-tariff barriers) နှင့် နည်းပညာဆိုင်ရာ ကုန်သွယ်မှုအဟန့်အတားများ (Technical trade barriers) သည်မြင့်မားနေဆဲဖြစ်သည်။

ထို့ပြင် ၂၀၁၇ ခုနှစ်၏ အာဆီယံစီးပွားရေး အလားအလာသည်လည်း မသေချာလှပေ။ အဘယ်ကြောင့် ဆိုသော် အမေရိကန်ခံသမ္မတဒေါ်နယ်ထရမ့်သည် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေး ပေါ်လစီများကို ချမှတ် ကျင့်သုံးလာနိုင်သောကြောင့် ဖြစ်သည်။ အမေရိကန်လက်အောက်ခံ ကုမ္ပဏီများ၏ အမေရိကန်သို့ အမြတ်ငွေပြန်လည်ပေးပို့မှုအပေါ် ကောက်ခံမည့် အခွန်များ (Repatriation texes on profits) ကို ၁၀ ရာခိုင်နှုန်း ကောက်ခံရန်လည်း စီစဉ်နေသည်။ ထိုကဲ့သို့သော ဒေါ်နယ်ထရမ့်၏ အခွန်အစီအမံများကြောင့် အာဆီယံသို့ လာရောက်မည့် အမေရိကန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်သစ်များ၏ ဆုံးဖြတ်ချက်များလည်း ပြောင်းလဲသွားနိုင်သည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တိုးတက်မှုနှေးကွေးနေခြင်းကလည်း အာဆီယံဒေသ၏ ပို့ကုန်တင်ပို့မှုကို တစ်စိတ်တစ်ပိုင်း ထိခိုက်စေသည်။ သို့သော်လည်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) တို့တွင် စီးပွားရေးအခွင့်အလမ်း ပွင့်လင်းလျက်ရှိသည်။ အချို့အာဆီယံနိုင်ငံများသည် CLMV နိုင်ငံများတွင် သွားရောက်ရင်းနှီးမြှုပ်နှံခဲ့ရာ ၁၀ နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ သုံးဆတိုးတက်ခဲ့ကြောင်း၊ အသားတင် အမြတ် အနေဖြင့် နှစ်စဉ် ၁၁ ရာခိုင်နှုန်းကျော် ရရှိကြောင်း သိရသည်။ ထို့ပြင် အဆိုပါ လေးနိုင်ငံ၏ ပေါ်လစီချမှတ်သူများသည် အခြေခံ အဆောက်အအုံကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ဆွဲဆောင်လျက်ရှိပါသည်။ အထူးသဖြင့် CLMV နိုင်ငံများသည် လူငယ်လုပ်သား အင်အားများပြားပြီး ဝယ်နိုင်စွမ်းအား တိုးတက်လျက်ရှိသောကြောင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုသည် ခြောက်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းထိ တိုးတက်နေသည်။

ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံသည် အာရှတွင် ထုတ်လုပ်မှုအချက်အချာဒေသ (Manufacturing hub) ဖြစ်လာစေရန်အတွက် ပို့ကုန်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်သည် GDP ၏ ၄၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ထိုင်းနိုင်ငံ၏ ပို့ကုန်သည် GDP ၏ ၄၀ ဒသမ ၄ ရာခိုင်နှုန်းသာရှိပါသည်။ ဗီယက်နမ်နိုင်ငံတွင် တန်ဖိုးမြင့် စက်မှုကုန်ချောများကို ပိုမိုထုတ်လုပ်ပြီး ပို့ကုန်ရငွေ တိုးတက်လျက်ရှိကြောင်း တွေ့ရသည်။ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့၏ ပို့ကုန်များသည် GDP ၏ ၅၇ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၅၄ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ရှိကြပါသည်။

AEC ကို အကောင်အထည်ဖော်ခြင်းနှင့်အတူ ပုဂ္ဂလိကကဏ္ဍ၏ တိုးတက်မှုသည် အရေးကြီးကြောင်း၊ သို့မှသာ လာမည့်နှစ်များအတွင်း အာဆီယံဒေသ၏ စီးပွားရေးတိုးတက်မှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ **Source: bangkokpost**

## ၂၀၁၇ ခုနှစ်အတွက် အဓိကပင်လယ်စာပို့ကုန် နှစ်မျိုးအဖြစ် ပုစွန်နှင့် ငါးခူအား ဗီယက်နမ်နိုင်ငံသတ်မှတ်

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်အတွက် အဓိကပင်လယ်စာပို့ကုန် နှစ်မျိုးအဖြစ် ပုဇွန်နှင့် ငါးခူအား သတ်မှတ်ထားကြောင်း ဗီယက်နမ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် မွေးမြူရေးလုပ်ငန်းအား အရှိန်အဟုန်မြင့်မြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ဦးတည်ချက်ဖြင့် ပုစွန်မွေးမြူထုတ်လုပ်ရန် ဧရိယာအကျယ်အဝန်းကို ဟက်တာခုနစ်သိန်းမှ ရှစ်သိန်းအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ပထမ နှစ်လတွင် ပုစွန်တန်ချိန် လေးသောင်းလေးထောင်ခန့် ထွက်ရှိခဲ့ရာ ယခင်နှစ်ထက် ၂၄ ရာခိုင်နှုန်းခန့် အထွက်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ငါးခူမွေးမြူထုတ်လုပ်မှုတွင် ဗီယက်နမ်နိုင်ငံသည် အရေအတွက်ရာ အရည်အသွေးကိုပါ အဓိကထားကြောင်း၊ ယခုနှစ်တွင် ငါးခူတင်ပို့မှုဈေးမြင့်တက်မည်ဟု ခန့်မှန်းထားကြောင်း၊ အမေရိကန်နှင့် အီးယူဈေးကွက်များသို့ ငါးခူတင်ပို့မှုမှာ အခက်အခဲနှင့် ကြုံတွေ့နေရသော်လည်း တရုတ်နိုင်ငံမှ ငါးခူဝယ်ယူရန် ကုန်အမှာစာများ ပိုမိုများပြားလာကြောင်း ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဗီယက်နမ်၏ စုစုပေါင်းငါးခူမွေးမြူရေး ဧရိယာသည် ဟက်တာ ၂၁၅၀ ကျော်အထိရှိပြီး၊ ၂၀၁၇ ခုနှစ် ပထမ နှစ်လအတွင်း ငါးခူတန်ချိန်စုစုပေါင်း တစ်သိန်းရှစ်သောင်း ထွက်ရှိပြီး ယခင်နှစ်ထက် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗီယက်နမ်နိုင်ငံမှ ထုတ်ပြန်သော တရားဝင်စာရင်းဇယားများအရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း ရေထွက်ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၄၄ သန်းဖိုး တင်ပို့ခဲ့ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

# အိန္ဒိယပဲရက်သတ္တပတ်

မတ် ၆ ရက်က ထုတ်ပြန်ခဲ့သော အဂရီဝပ်ချ်၏ ပဲမျိုးစုံရက်သတ္တပတ် အစီရင်ခံစာတွင် ပဲမျိုးစုံနှင့်ပတ်သတ်သော သတင်းများကို ဖော်ပြထားရာ ပဲမျိုးစုံ ကုန်သေတ္တာတင်သွင်းမှု အခြေအနေနှင့် ပဲမျိုးစုံ ထုတ်လုပ်မှုနှင့်ပတ်သက်၍ အစိုးရ၏ ကြိုတင်ခန့်မှန်းချက် စသည့် အချက်အလက်များကို ဖော်ပြရာတွင် ယခင်ရက်သတ္တပတ်က ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်တွင် ရရှိထားသော သတင်းအချက်အလက်များကိုသာ ဆက်လက်ဖော်ပြထားသည်။ ယခုရက်သတ္တပတ်တွင် ဖြစ်ပေါ် လျက်ရှိသော ပဲမျိုးစုံထုတ်လုပ်မှုနှင့် ဈေးနှုန်း အခြေအနေတို့ကိုမူ အောက်ပါအတိုင်း တွေ့ရှိရသည်။

**ပဲမျိုးစုံထုတ်လုပ်မှု**

ရာဂျက်စသန်၊ ဂူဂျာရတ်နှင့် မဒ္ဒယာပရာဒေ့ရှ် ဒေသတို့တွင် အပူချိန်က အမြင့်ဆုံးအဆင့်နီးပါးသို့ ရောက်ရှိနေသည့်အတွက် ဆောင်းစိုက်သီးနှံအထွက်နှုန်းနှင့် ပတ်သက်၍ စိုးရိမ်မှုများကြီးထွားလျက်ရှိသည်။ နှင်းမုန်တိုင်းများ ကျဆင်းမှုကြောင့် ဘီကာနာဒေသတွင် ကုလားပဲအထွက်ကျဆင်းခဲ့ကြောင်း အစီရင်ခံစာများအရ သိရသည်။ သို့ဖြစ်ရာ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲနီလေးအထွက်နှုန်းများ ကျဆင်းလာနိုင်ဖွယ်ရှိနေသည်။ ကုလားပဲထုတ်လုပ်မှုကို ကြည့်ပါက ယခင်က ကုလားပဲ ထုတ်လုပ်မှုကို တန်ချိန် သိန်း ၉၀ ရှိမည်ဟု ခန့်မှန်းထားရာမှ ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်း ထပ်မံကျဆင်းနိုင်ဖွယ်ရှိကြောင်း ပြင်ဆင် ခန့်မှန်းထားသည်။ ပဲထုတ်လုပ်မှု အခြေအနေများကို အဂရီဝပ်ချ်က မတ်လအကုန်လောက်တွင် ပြန်လည်ပြင်ဆင်ခန့်မှန်းချက် ထုတ်ပြန်ရန် စီစဉ်ထားသည်။

ပဲနီလေး ထုတ်လုပ်မှုမှာ ယခုနှစ်တွင် တန်ချိန် ၁၂ သိန်းရှိမည်ဖြစ်ရာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်းအထိ မြင့်တက်မည်ဟု ခန့်မှန်းသည်။ ယခု အချိန်အထိ သီးနှံအခြေအနေများ ကောင်းမွန်လျက်ရှိပြီး ဘီဒီရှားနှင့် ရာဂျာဂတ် ဒေသများသို့ ပဲများအနည်းငယ် စတင်ဝင်ရောက်လျက်ရှိသည်။ ရာဂျာဂတ်ဒေသသို့ ပဲအိတ် ၅၀၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိပြီး ဘီဟာဒေသသို့ မတ် ၁၅ ရက်တွင် သီးနှံများ စတင်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

**ပဲမျိုးစုံဈေးနှုန်း**

မတ် ၆ ရက်တွင် မွမ်ဘိုင်းဈေးကွက်ရှိ ပဲစင်းငုံနီ ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၁၅၀ ရှိရာ ယခင်နေ့ ဈေးပိတ်ချိန်က ဈေးနှုန်းအတိုင်း ဆက်လက်ရောင်းချ လျက်ရှိသည်ကို တွေ့ရသည်။ ပဲစင်းငုံနီဈေးမှာ ဆက် လက်မြင့်တက်မည့် အလားအလာကို မတွေ့ရပေ။ မတ်ပဲ FAQ ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၅၅၀ နှင့် SQ ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၆၃၅၀ နှုန်း တိုးမြင့်တက်ခဲ့သည်။ ပြည်ပမှ တင်သွင်းလာသော ကုလားပဲ ဈေးမှာ မွမ်ဘိုင်းဈေးကွက်တွင် ရူပီး ၅၀ မြင့်တက်ကာ တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ နှုန်း ရှိခဲ့သည်။ သို့သော် ဤပဲများမှာလည်း ဆက်လက်မြင့်တက်မည့် အလားအလာကို မတွေ့ရဘဲ မတ်လလယ်လောက်တွင် ရူပီး ၄၆၀၀ အထိ ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ တန်ဇန်နီးယားမှ တင်သွင်းလာသော မတ်ပဲမှာ တစ်ကွင်တယ်ကို ၅၀၇၅ ရူပီးနှုန်းရှိသည်။ ကနေဒါနိုင်ငံမှ တင်သွင်းလာသော စားတော်ပဲမှာ တစ်ကွင်တယ်ကို ရူပီး ၃၈၀၀ ရှိပြီး ဩစတြေးလျပဲနီလေးက တစ်ကွင်တယ်ကို ရူပီး ၄၀၀၀ နှုန်းရှိသည်။ ပဲနီလေး ထုတ်လုပ်မှု မြင့်တက်မည့် အလားအလာများကြောင့် ပဲနီလေး ဈေးနှုန်းအပေါ်တွင် ဂယက်ရိုက်ခတ်မှု ရှိနိုင်သည်။ အလားတူပင် ပဲဈေးကွက်တွင် ပဲစင်းငုံ ဈေးနှုန်း၏ အလားအလာမှာ အားနည်းနေဆဲဖြစ်သည်။

မြန်မာနိုင်ငံမှ တင်သွင်းသော ပဲစင်းငုံ၏ CIF ဈေးနှုန်းမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀၅ ရှိ သည့်အတွက် ယခင်ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၂၀ မြင့်တက်လာသည်ကို တွေ့ရသည်။ မတ်ပဲ FAQ ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၈၀၊ SQ ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၂၀ ရှိသည်။ မြန်မာ ပဲစင်းငုံနှင့် မတ်ပဲ CNF ဈေးနှုန်းမှာ မြင့်တက်လျက်ရှိသော်လည်း ပဲအကောင်းစားများ၏ ဝယ်လိုအားမှာ ကျဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံမှ တင်သွင်းသော ပဲများ၏ CNF ဈေးမှာ လာမည့်လများတွင် ပုံမှန်အတိုင်း ရှိနေမည်ဟု ခန့်မှန်းရသည်။ အိန္ဒိယနိုင်ငံမှ ဝယ်လိုအား ကျဆင်းမှုကြောင့် ပဲဈေးနှုန်း ထပ်မံမြင့်တက်မည့် အလားအလာကို ကျဆင်းစေနိုင်သည်။

ယခင်ရက်သတ္တပတ်က ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ပုံမှန်ဈေးကွက်ဝယ်လိုအားကြောင့် မြင့်တက်လာခြင်း မဟုတ်သည့်အတွက် ပဲဈေးနှုန်း အခြေအနေများက လက်ရှိအဆင့်မှ ကျဆင်းလာလိမ့်မည်ဟု အဂရီဝပ်ချ်က ခန့်မှန်းထားသည်။ ဈေးကွက်အတွင်းသို့ ပဲမျိုးစုံ ဝင်ရောက်မှုပမာဏ အကန့်အသတ် ရှိနေသေးသည်ကို အကြောင်းပြုပြီး အဖွင့်ဈေးများ မြင့်တက်နေခြင်းဖြစ်ကြောင်း အဂရီဝပ်ချ်က သုံးသပ်ထားသည်။ အမှန်စင်စစ် ဝယ်လိုအားကျဆင်းနေမှုကြောင့် ဈေးနှုန်းများ ကျဆင်းမည့်အခြေအနေရှိနေကြောင်း ခန့်မှန်းထားသည်။ မတ်လအကုန်တွင် ဈေးနှုန်းများ တည်ငြိမ်သွားပြီး အရောင်းအဝယ်များ ပုံမှန်ပြန်ဖြစ်သွားနိုင်သည်။ ဈေးနှုန်းများသည် ဧပြီအထိ ဆက်လက်တည်ငြိမ်နေမည်ဟု ခန့်မှန်းထားရာ လက်ရှိအခြေအနေတွင် အလုံးအရင်းဖြင့် မဝယ်သင့်သေးကြောင်း သုံးသပ်ထားသည်။

## အိန္ဒိယနိုင်ငံ၏ ဆီကြိတ်ဖတ် ပြည်ပတင်ပို့မှု ဖေဖော်ဝါရီတွင် နှစ်ဆမြင့်တက်

ပဲပုပ်ဖတ်တင်ပို့မှု တစ်ဟုန်ထိုးမြင့် တက်မှုကြောင့် အိန္ဒိယနိုင်ငံ၏ မြေပဲ၊ နှမ်း၊ ပဲပုပ် စသည့် ဆီကြိတ်ဖတ် ပြည်ပတင်ပို့မှုမှာ ဖေဖော်ဝါရီတွင် ၂၆၃၅၀၉ တန်အထိ ရောက်ရှိခဲ့ရာ ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက နှစ်ဆမြင့်တက်ခဲ့ကြောင်း စက်မှုလုပ်ငန်း ကိန်းဂဏန်းအချက် အလက်များအရ သိရသည်။

ဆီကြိတ်ဖတ် ပြည်ပတင်ပို့မှုသည် ယခုဘဏ္ဍာနှစ် ပထမ ၁၁ လတွင် တန်ချိန် ၁ ဒသမ ၆၇ သန်းရှိခဲ့ရာ ယခင်နှစ် ကာလတူက ရှိခဲ့သော တန်ချိန် ၁ ဒသမ ၄၂ သန်းနှင့် နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်းမြင့် တက်ခဲ့ကြောင်း အိန္ဒိယ ဆီထုတ်လုပ်သူများအသင်းက ပြောသည်။

၂၀၁၇ ခု ဖေဖော်ဝါရီလအတွင်း ဆီကြိတ်ဖတ် တင်ပို့မှုမှာ ၂၆၃၅၀၉ တန်ရှိခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီက တင်ပို့ခဲ့သော ၁၂၂၅၂၇ တန်နှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော် မြင့်တက်ခဲ့ကြောင်း အသင်း၏ ကြေညာချက်တွင် ဖော်ပြသည်။

ပဲပုပ်ဖတ် တင်ပို့မှုမှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီက တန်ချိန် ၃၀၀၀၀ သာ ရှိခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီက ၂၀၇၉၇၇ တန်ထိ ရောက်ရှိခဲ့သဖြင့် အဆမတန်မြင့်တက်ခဲ့ကြောင်း ကိန်းဂဏန်းများအရ သိရသည်။

## အိန္ဒိယ သကြားထုတ်လုပ်မှု ကျဆင်းမည်

အိန္ဒိယနိုင်ငံ၏ ၂၀၁၆-၁၇ ခုနှစ် ကြံကြိတ်ခွဲရာသီ ပြီးဆုံးလုနီးနေပြီဖြစ်နေချိန်၌ ကြံရရှိမှု အကြီးအကျယ် ကျဆင်းလာသည့်အတွက် အိန္ဒိယတောင်ပိုင်းရှိ ကြံကြိတ်စက်အများစုမှာလုပ်ငန်းများ ရပ်ဆိုင်းလိုက်ကြပြီဖြစ်ကြောင်းနှင့် အစဉ်အလာအားဖြင့် အိန္ဒိယနိုင်ငံတွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်သော မဟာရာသျှတ္တရာ အပါအဝင် အိန္ဒိယနိုင်ငံအနောက်ပိုင်းဒေသ၏ ထုတ်လုပ်မှုအခြေအနေမှာလည်း ထူးမခြားနားပင်ဖြစ်ကြောင်း ဟိန္ဒူဘိဇနက်လိုင်းသတင်းတွင် ဖော်ပြသည်။

၂၀၁၆-၁၇ ခုနှစ် သကြားထုတ်လုပ် မှုကို ကြည့်ပါက တန်ချိန် သိန်း ၂၀၀ သာရှိမည်ဖြစ်သည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တန်ချိန် ၅၀ ခန့် ကျဆင်းနိုင်သည်။ ပုဂ္ဂလိက ခန့်မှန်းချက်များ အရ ထုတ်လုပ်မှုမှာ တန်ချိန် ၁၉၅ သိန်း သာ ရှိမည်ဟု ခန့်မှန်းထားရာ ထုတ်လုပ် မှုမှာ ၂၀ ရာခိုင်နှုန်း ကျဆင်းရန် သေချာသလောက် ဖြစ်နေသည်။

စားသုံးသူ ဝယ်လိုအားဘက်ကို ကြည့်ပါက အခြေအနေမှာ ပုံမှန်မျှသာရှိသည်။ လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှုတိုးတက်လာပြီးနောက်ပိုင်း ကျေးလက်ဒေသတွင် ဝင်ငွေမြင့်တက်လာသည့်အတွက် စားသုံးမှုလည်း မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။

ယခုနှစ်အတွက် စားသုံးမှုမှာ တန်ချိန် ၂၄၅ သိန်းနှင့် တန်ချိန် သိန်း ၂၅၀ အကြားရှိမည်ဟု ခန့်မှန်းထားရာ ရောင်းလိုအားနှင့် ဝယ်လိုအား ကွာဟချက်ရှိမည်ဟု ခန့်မှန်းရသည်။

## ပဲစင်းငုံပိုမို ဝယ်ယူရန် မဟာရာသျှတ္တရာအစိုးရက အမျိုးသားလယ်ယာစိုက်ပျိုးရေး သမဝါယမဈေးကွက် ဖော်ဆောင်ရေး ဖက်ဒရေးရှင်းကို တိုက်တွန်း

ဈေးကွက်အတွင်းသို့ သီးနှံများ လှိုင်လှိုင် ဝင်ရောက်လာပြီဖြစ်သည့်အတွက် နောက်ထပ်ပဲစင်းငုံ တန်ချိန် တစ်သိန်းနှင့် ဆင်ခေါင်းပဲ တန်ချိန် ၇၅၀၀၀ ဝယ်ယူရန် မဟာရာသျှတ္တရာ ပြည်နယ် အစိုးရက အမျိုးသားလယ်ယာစိုက် ပျိုးရေး သမဝါယမဈေးကွက် ဖော်ဆောင်ရေး ဖက်ဒရေးရှင်း (National Agriculture Cooperative Marketing Federation-NAFED) ကို ညွှန်ကြားထားကြောင်း ဟိန္ဒူဘိဇနက်လိုင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၆ ခုနှစ်အတွင်းက မုတ်သုံမိုးကောင်းခဲ့သည့်အတွက် မဟာရာသျှတ္တရာ ပြည်နယ်အတွင်းရှိ ဈေးများသို့ သီးနှံသစ်များ အများအပြား ဝင်ရောက်လာသည်ကို တွေ့ရပြီး လက်ကားဈေးများ တစ်ဟုန်ထိုး ကျဆင်းကာသို့လျှောင်ရုံ ရရှိရန် အခက်အခဲများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

NAFED က ဈေးကွက်အတွင်းသို့ ဝင်ရောက်ထိန်းသိမ်းပေးခြင်းဖြင့် ဈေးနှုန်းကျဆင်းမှုကို ထိန်းချုပ်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။စောစောပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် နယူးဒေလီ၌ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အစည်းအဝေး ကျင်းပပြီး ပဲစင်းငုံဝယ်ယူရေး နောက်ဆုံး သတ်မှတ်ရက်ကို ဧပြီ ၁၅ ရက်အထိ ရက်တိုးပေးခဲ့သည်။

ဈေးကွက်အတွင်းသို့ ပဲဝင်ရောက်မှုမြင့်မားသည့်အတွက် လက်လီလက်ကားရောင်းဝယ်နေသော ပဲကုန်သည်များအား လာမည့်သုံးလပတ်အတွင်း သုံးဆ ပိုမိုလှောင်ခွင့်ပြုခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ၂၀၁၆-၁၇ ခုနှစ်အတွက် ပဲစင်းငုံ အနိမ့်ဆုံးဈေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစ၍ တစ်ကွင်တယ်ကို ရူပီး ၅၀၅၀ နှုန်းသတ်မှတ်ခဲ့သည်။

NAFED အိန္ဒိယ အစားအစာကော်ပိုရေးရှင်း၊ အသေးစားတောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေး အသင်းနှင့် မဟာရာသျှတ္တရာပြည်နယ် လယ်ယာစိုက်ပျိုးရေးဈေးကွက် ဖော်ဆောင်ရေးဘုတ်အဖွဲ့စသည့် အေဂျင်စီများက ပြည်နယ်အတွင်း၌ ဝယ်ယူရေးစင်တာပေါင်း ၂၈၆ ခု ဖွင့်လှစ်ဝယ်ယူခဲ့ရာ ပဲစင်းငုံတန်ချိန် ၁ ဒသမ ၉၃ သိန်း ဝယ်ယူထားပြီးဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ၂၀၁၆ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ ပုဂ္ဂလိက ကဏ္ဍမှ အလုပ်အကိုင်ဖန်တီးမှု ခုနှစ်နှစ်အတွင်း အနိမ့်ဆုံးဖြစ်

နိုင်ငံစီးပွားရေး ကာလရှည်ကြာစွာ ကျဆင်းခဲ့သည့်အတွက် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများက ဝန်ထမ်းခန့်ထားမှုကို ရပ်ဆိုင်းထားသည့်အတွက် ပုဂ္ဂလိကကဏ္ဍမှ အလုပ်အကိုင်ဖန်တီးမှုသည် ခုနစ်နှစ်အတွင်း အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း မတ် ၃ ရက်က ထုတ်ပြန်သော အစိုးရကိန်းဂဏန်းများအရ သိရသည်။

ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တောင်ကိုရီးယားနိုင်ငံ၏ ပုဂ္ဂလိက ကဏ္ဍရှိ ဝန်ထမ်းဦးရေသည် ၂၄၂၀၀၀ ဦး တိုးတက်ခဲ့ကြောင်း Statistics Korea မှ ထုတ်ပြန်သော ကိန်းဂဏန်းအရ သိရသည်။ ဖော်ပြပါ ကိန်းဂဏန်းများကို ၂၀၀၉ ခုနှစ်က ရှိခဲ့သော ၂၆၄၀၀၀ ဦးနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ပုဂ္ဂလိက ကဏ္ဍရှိ ဝန်ထမ်းဦးရေသည် ၂၀၁၁ ခုနှစ်က ၄၂၄၀၀၀ ဦး၊ ၂၀၁၂ ခုနှစ်က ၄၃၇၀၀၀ ဦးနှင့် ၂၀၁၄ ခုနှစ်က ၅၄၁၀၀၀ ဦး အသီးသီးမြင့်တက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ၃၅၈၀၀၀ ဦးထိ ကျဆင်းခဲ့သည်။ ယခုကဲ့သို့ ဝန်ထမ်းခန့်ထားမှုဦးရေ ကျဆင်းခဲ့ရခြင်းမှာ ပြည်တွင်း၊ ပြည်ပရှိ စီးပွားရေးလုပ်ငန်းများတွင် မရေရာမှုများ ကြီးထွားလာခြင်း၊ ပို့ကုန်နှင့် ပြည်တွင်းစားသုံးမှု ကျဆင်းခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများက အလုပ်အကိုင်သစ်များ တိုးချဲ့ဖန်တီးမှုမရှိခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း လုပ်ငန်းဆိုင်ရာ သတင်းရစ်မြစ်များမှ သိရသည်။

ယခင်နှစ်က စုစုပေါင်း အလုပ်အကိုင်သစ်တိုးတက်မှုမှာ ၂၉၉၀၀ ဦး ရှိခဲ့ရာ ၂၀၀၉ ခုနှစ် နောက်ပိုင်း အနည်းဆုံးနှုန်း ဖြစ်ခဲ့ကြောင်း Statistics Korea မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။ သို့သော်လည်း ပြည်သူ့ကဏ္ဍမှ အလုပ်အကိုင် ဖန်တီးမှုမှာ ၂၀၁၆ ခုနှစ်က ၅၇၀၀၀ ဦး အထိ ရှိခဲ့ရာ ၂၀၀၉ ခုနှစ်နောက်ပိုင်း ဒုတိယမြောက်အများဆုံးဖြစ်သည်။

"ပြည်သူ့ကဏ္ဍက အလုပ်အကိုင်သစ် ဖန်တီးမှု မြင့်မားလာရတဲ့ အကြောင်းရင်းက ၂၀၁၅ ခုနှစ်မှာ ပြည်သူ့ကဏ္ဍမှ ဝန်ထမ်းများကို အများကြီး လျှော့ချခဲ့လို့ဖြစ်ပါတယ်။ အခြားအကြောင်းရင်း တစ်ခုကတော့ နိုင်ငံစီးပွားရေး ကျဆင်းနေတာကို တိုက်ဖျက်ဖို့ ပြည်သူ့ကဏ္ဍမှာ အလုပ်အကိုင်တွေ ပိုမိုဖန်တီးနိုင်မယ့် စီမံကိန်းတွေကို အစိုးရကဆောင်ရွက်ခဲ့လို့ ဖြစ်ပါတယ်"ဟု Statistics Korea မှ အရာရှိတစ်ဦးက ပြောသည်။

# အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီနိုင်ငံတို့၏ ကုန်သွယ်မှု ကိစ္စကို အီးယူကနေ့သတ်ချက် ဘောင်ပြင်ပတွင် ဆွေးနွေးသင့်ဟု အမေရိကန် ကုန်သွယ်ရေး အကြံပေးကပြော

ဂျာမနီနှင့် ကုန်သွယ်ရာတွင် အမေရိကန်ပြည်ထောင်စုက အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံ ကုန်သွယ်မှုလိုငွေပြခြင်းမှာ အခက်ခဲဆုံး ကုန်သွယ်ရေးပြဿနာတစ်ခုဖြစ်ပြီး ပြဿနာဖြေရှင်းရေးအတွက် ဥရောပသမဂ္ဂ (အီးယူ) ကန့်သတ်ချက်ဘောင် ပြင်ပတွင် နှစ်နိုင်ငံ အပြန်အလှန် ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်ရန်လိုကြောင်း အမေရိကန် ပြည်ထောင်စုအစိုးရ၏ ကုန်သွယ်ရေးအကြံပေး ပီတာ နာဗာရိုက မတ် ၆ ရက်က ပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



ကာလရှည်ကြာစွာ ဖြစ်ပေါ်နေသော ကုန်သွယ်မှုလိုငွေက အမျိုးသားလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိကြောင်း ဝါရှင်တန်တွင် စီးပွားရေးပညာရှင်များအား ပြောကြားသော မိန့်ခွန်းတွင် အိမ်ဖြူတော်အမျိုးသား ကုန်သွယ်မှုကောင်စီ၏ ညွှန်ကြားရေးမှူး နာဗာရိုကပြောသည်။

ဂျာမနီ၏ ကုန်သွယ်မှု မူဝါဒကို အီးယူက ပြဋ္ဌာန်းကြောင်းနှင့် ဂျာမနီနိုင်ငံက ယူရိုငွေကြေးတန်ဖိုးကို ထိန်းချုပ်မှုမရှိဟူသော အချက်ကို ဂျာမနီနိုင်ငံက ကာလရှည်ကြာစွာ ကိုင်စွဲထားခဲ့ကြောင်း နာဗာရိုက ပြောသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်သည် လာမည့်ရက်သတ္တပတ်တွင် ဝါရှင်တန်သို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်းနှင့် အဆိုပါခရီးစဉ်တွင် အမေရိကန်-ဂျာမန်စီးပွားရေး ဆက်ဆံရေး တိုးတက်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သူကပြောသည်။

ကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် အသာစီးရစေရန်အတွက် ယူရိုတန်ဖိုးကျဆင်းအောင်လုပ်ပြီး ဂျာမနီနိုင်ငံက အမြတ်ထုတ်နေကြောင်း ယခင်လကတစ်ကြိမ် ပြောကြားခဲ့ပြီးနောက်ပိုင်း နာဗာရို၏ ဝေဖန်ချက်ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။

နာဗာရိုသည် ကုန်သွယ်ရေးမူဝါဒနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝိလ်ဘာရော့စ်၊ ဘဏ္ဍာရေးဝန်ကြီး မနူချင်တို့နှင့် အမြင်ချင်းတူညီလျက်ရှိသည်။ တရုတ်နိုင်ငံသည် ငွေကြေးဈေးကစားမှု ရှိမ ရှိနှင့် ယွမ်ငွေကြေးတန်ဖိုး ချထားခြင်း ရှိ၊ မရှိကို ဆုံးဖြတ်နိုင်ရန် ကိစ္စကိုလည်း ဧပြီလလယ်တွင် ထုတ်ပြန်မည့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အစီရင်ခံစာကို စောင့်ကြည့်ဦးမည်ဖြစ်ကြောင်း သူကပြောသည်။

# ဘရက်ဇစ်လွန်ကာလတွင် ယူကေ ကုန်ထုတ်လုပ်သူတို့ ကုန်အမှာစာများ တိုးတက်ရရှိလာ

မတ် ၆ ရက်ကထုတ်ပြန်သော စစ်တမ်းတစ်ခုအရ ယူကေရှိ စက်ရုံများ၏ တိုးတက်မှုနှုန်းသည် သုံးနှစ်အတွင်း အလျှင်မြန်ဆုံးဖြစ်ခဲ့ကြောင်းနှင့် ထိုသို့ တိုးတက်မှုရရှိခဲ့ခြင်းမှာ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်မည့် ဆုံးဖြတ်ချက် (ဘရက်ဇစ်) နောက်ပိုင်း စတာလင်ပေါင်တန်ဖိုးကျဆင်းမှုနှင့် ဥရောပရှိ ပင်မဈေးကွက်ပြန်လည် နာလန်ထူလာခြင်းတို့ကြောင့်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အကျိုးဆောင်လုပ်ငန်းတစ်ခုဖြစ်သည့် EEF နှင့် အတိုင်ပင်ခံအေဂျင်စီ BDO တို့ပြုစုထားသော စစ်တမ်းအရ ဗြိတိသျှစက်ရုံများ၏ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာခြင်းမှာ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံထွက်ခွာမှုကြောင့် ပထမဆုံးရရှိသော အကျိုးခံစားမှုအဖြစ် ဘရက်ဇစ်လုပ်ငန်းကို ထောက်ခံသူတို့က သုံးသပ်ကြသည်။ သို့သော် ယခုတိုးတက်မှုသည် စတာလင်ပေါင်တန်ဖိုး ကျဆင်းမှုကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုကြောင့် စားသုံးသူသုံးစွဲမှု ကျဆင်းကာ စီးပွားရေးအပေါ် ကျရောက်ခဲ့သည့် ဂယက်ရိုက်ခတ်မှုကို သက်သာမှုရရှိအောင် ဆောင်ရွက်မပေးနိုင်သေးကြောင်း စီးပွားရေးပညာရှင်များက ပြောကြသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းမှာ ဗြိတိန်စီးပွားရေး၏ ၁၀ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးလျက်ရှိသည်။

EEF နှင့် BDO တို့ပြုလုပ်သော စစ်တမ်းအရ ကုန်ထုတ်လုပ်မှုသည် ပထမ သုံးလပတ်တွင် ၃၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာ ၂၀၁၃ ခုနှစ် တတိယ သုံးလပတ်နောက်ပိုင်း အမြင့်မားဆုံး ဖြစ်ခဲ့သည်။ စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှု၊ ရင်းနှီးမြှုပ်နှံမှု နှင့် အလုပ်အကိုင်ခန့်ထားမှုတို့မှာ မြင့်တက်လျက်ရှိပြီး ပြည်ပဈေးကွက်များတွင် လုပ်ငန်းတိုးတက်မှုမရှိသေးကြောင်းကို ကုမ္ပဏီ ငါးခုအနက် တစ်ခုကသာ ပြောကြသည်။

ကုန်ထုတ်လုပ်ငန်းတိုးတက်မှုကို အစိုးရထုတ် ပြန်သော ကိန်းဂဏန်းများအရလည်းသိရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ-ဒီဇင်ဘာ သုံးလပတ်က ကုန်ထုတ်လုပ်မှုကို ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ရာ ဘရက်ဇစ်ဆန္ဒခံယူပွဲပြီးနောက်ပိုင်း အမြင့်ဆုံးဖြစ်သည်။

# စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့က ဘဏ္ဍာရေးလုပ်ငန်းများ၏ စရိုက်လက္ခဏာများကို အနီးကပ်ကြီးကြပ်သွားမည်

ဘဏ္ဍာရေးလုပ်ငန်းများကို မမှန်မကန် ဆောင်ရွက်မှုများကြောင့် ဖောက်သည်များအား ထိခိုက်နစ်နာမှုရှိလာပါက ထိုနစ်နာမှုများ လျော့ပါးသက်သာစေရန် ကြီးကြပ်ထိန်းသိမ်းမှုများကို ဆောင်ရွက်စေရန်အတွက် စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့က နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများအတွင်း မှန်ကန်သော စရိုက်လက္ခဏာများကို ကျင့်သုံးလာစေရန်အတွက် စင်ကာပူနိုင်ငံအတွင်းရှိ ဘဏ္ဍာရေး အဖွဲ့အစည်းများအား စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့က အနီးကပ်ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တူဒေးအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

"အနီးကပ် ကြီးကြပ်သွားမယ်လို့ဆိုတဲ့အတွက် စည်းမျဉ်းသစ်များကို ပြဋ္ဌာန်းသွားမယ့် သဘောတော့ မရှိပါဘူး။ ဒါပေမဲ့ မှန်ကန်တဲ့စရိုက်လက္ခဏာတွေကို ဖော်ဆောင်ပေးနိုင်ဖို့အတွက် အဖွဲ့အစည်းတွေအတွင်းမှာ ဘာတွေဆောင်ရွက်နေတယ်ဆိုတာကို သိနိုင်အောင် အာဏာပိုင်အဖွဲ့က ငွေကြေးအဖွဲ့အစည်းနဲ့ ပုံမှန်ထိတွေ့ဆက်သွယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့လက်အောက်ရှိ မတည်ရင်းနှီးငွေဈေးကွက်၏ လက်ထောက်အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာလီဘွန်းငီယက်က စင်ကာပူ အသက်အာမခံလုပ်ငန်းက ကျင်းပသော အခမ်းအနားတစ်ခုတွင် ပြောသည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ကာလအတွင်းက စီးပွားရေးလုပ်ငန်းအများ ဒုက္ခရောက်ခဲ့ရခြင်းမှာ ကိုယ်ကျင့်တရားပျက်ပြားခြင်းသည် အဓိက အကြောင်းရင်းဖြစ်ကြောင်း သူကပြောသည်။ ထိုအကျပ်အတည်း ပြီးဆုံးချိန်မှစ၍ နောက်ပိုင်းကိုး နှစ်အထိ ဘဏ္ဍာရေးလုပ်ငန်းများတွင် ထိုအကျိုးဆက်ကိုခံစားခဲ့ရကြောင်း သူကပြောသည်။

ဘဏ္ဍာရေး အဖွဲ့အစည်းများအတွင်း အပြုသဘောစရိုက်လက္ခဏာများ ပိုမိုရရှိအောင် ကြိုးပမ်းရာတွင် ကုမ္ပဏီ ဒါရိုက်တာဘုတ်အဖွဲ့များနှင့် စီမံခန့်ခွဲရေးအဖွဲ့မှစတင်၍ ဆောင်ရွက်ရန်လိုကြောင်းနှင့် ဝန်ထမ်းများနှင့် အေးဂျင့်များ၏ လုပ်ကိုင်ဆောင်ရွက်မှုများအား ပုံမှန်ထိန်းသိမ်းကြီးကြပ်သွားနိုင်မည့် စီမံအုပ်ချုပ်မှု လိုအပ်ကြောင်း သူကပြောသည်။

ဉာဏ်တင် စုစည်းတင်ပြသည်




အမေရိကန်ပြည်ထောင်စု လုပ်ငန်းရှင်များ၏ ဖေဖော်ဝါရီအတွင်း အလုပ်အကိုင်ခန့်ထားမှုမှာ မျှော်လင့်ထားသည်ထက်ပိုမိုခဲ့ကြောင်း ပုဂ္ဂလိက အလုပ်အကိုင်အစီရင်ခံစာတစ်ခုထွက် ပေါ်ခဲ့ပြီးနောက်ပိုင်း အစိုးရကထုတ်ပြန်မည့်အလုပ်အကိုင်ကိန်းဂဏန်းများ ထွက်ပေါ်လာချိန်တွင်လည်း အလားတူ တိုးတက်မှုမျိုးရှိလာနိုင်သည့်အတွက် မတ် ၁၀ ရက်က အာရှငွေကြေးများ တန်ဖိုးကျဆင်းခဲ့သည်။

မတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် ကျင်းပမည့် အမေရိကန်ဗဟိုဘဏ်၏ နှစ်ရက်ကြာ အစည်းအဝေးတွင် အတိုးနှုန်းမြှင့်တင်ပေးလိမ့်မည်ဟူသော ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်ချက်မှာ ပိုမိုမြင့်တက်လာခဲ့သည်။ ဥရောပ ဗဟိုဘဏ် (အီးစီဘီ) အစည်းအဝေးမှာလည်း ကျင်းပချိန်နီးနေပြီဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံသူတို့က လုပ်ငန်းဆောင်ရွက်ရာတွင် သတိထား၍ ဆောင်ရွက်လျက်ရှိသည်။

**တရုတ်ယွမ်**

လာမည့် သီတင်းပတ်တွင် အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်တော့မည့် အလားအလာများ ကြီးထွားလျက်ရှိသဖြင့် ကမ္ဘာ့ဈေးကွက်များတွင် ဒေါ်လာတန်ဖိုးမြင့်တက်လာသည့်အတွက် တရုတ်နိုင်ငံ၏ ဝမ်ငွေကြေးတန်ဖိုးမှာ မတ် ၁၀ ရက်တွင် ကျဆင်းခဲ့သည်။

သို့သော်လည်း တရုတ်ဗဟိုဘဏ်ကမူ ရည်ညွှန်းဖလှယ်နှုန်းကို မတ်လ ၁၀ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၉၁၂၃ ယွမ်နှုန်းသတ်မှတ်ပေးခဲ့ရာ ယခင်နေ့က နှုန်းဖြစ်သော ၆ ဒသမ ၉၁၂၅ ယွမ်နှုန်းထက် ယွမ် တန်ဖိုး မြင့်မားခဲ့သည်။

လက်ငင်းဈေးကွက်တွင်မူ မတ် ၁၀ ရက် နေ့လယ်ပိုင်းက အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၁၂၃ ယွမ်နှုန်းကို ရောက်ရှိခဲ့သဖြင့် ယခင်နေ့ဈေးပိတ်ချိန်ကနှင့်နှိုင်းယှဉ်ပါက ယွမ်တန်ဖိုး သုညဒသမ ၅၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ရက်သတ္တပတ်အလိုက် ကြည့်ပါက ယွမ်တန်ဖိုးသည် နှစ်ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ဒုတိယမြောက် ရက်သတ္တပတ်အဖြစ် တန်ဖိုးကျဆင်းခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း Offshore ယွမ်တန်ဖိုးမှာ သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၉၀၃၁ ယွမ်နှုန်းရှိခဲ့သည်။

**အိန္ဒိယရူပီး**

စတော့ဈေးကွက်တွင် ပြည်တွင်းရှယ်ယာများ ဈေးနှုန်းမြင့်တက်နေချိန်၌ ဘဏ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာရောင်းချမှု မြင့်တက်လာသည့်အတွက် နိုင်ငံခြားငွေဈေးကွက်တွင် ရူပီး ငွေကြေးတန်ဖိုးက သုညဒသမ ၀၄ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၆၇ ရူပီးနှုန်းရှိခဲ့သည်။

ပြည်ပဈေးကွက်တွင် အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးကျဆင်းမှုကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူ ဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

မတ် ၁၀ ရက်က ဈေးကွက်တွင် အာရှဒေသရှိ အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ ယန်းငွေကြေးတန်ဖိုး ကျဆင်းခဲ့သည်။ ယန်းငွေကြေး၏ ဖလှယ်နှုန်းမှာ ယူရိုနှင့် ဖလှယ်ရာတွင် တစ်လကျော်အတွင်း အနိမ့်ဆုံးနှုန်းဖြစ် သောတစ်ယူရိုကို ၁၂၂ ဒသမ ၂၃ ယန်းနှင့် ဆွစ်ဖရန့်နှင့် ဖလှယ်ရာတွင် ရက်သတ္တပတ် ငါးပတ်အတွင်း အနိမ့်ဆုံးဖြစ်သော တစ်ဆွစ်ဖရန့်ကို ၁၁၃ ဒသမ ၉၉ ယန်းနှုန်းရှိခဲ့သည်။

ယန်းငွေကြေး တန်ဖိုးသည် ဆက်လက်ကျဆင်းမည်ဆိုပါက တစ်ယူရိုကို ၁၂၄ ဒသမ ၀၀ ယန်းနှင့် တစ်ဒေါ်လာကို ၁၁၄ ဒသမ ၅၀ ယန်းနှုန်းအထိ ယန်းငွေတန်ဖိုး ကျဆင်းနိုင်သည်။

**မလေးရှားရင်းဂစ်**

အမေရိကန်နိုင်ငံ၏ အလုပ်အကိုင်နှင့် ပတ်သက်သော ကိန်းဂဏန်းများ ထုတ်ပြန်ခါနီးအချိန်တွင် ရင်းနှီးမြှုပ်နှံသူတို့က ရင်းဂစ်ငွေကြေးကို စိတ်ဝင်စားလာကြသည့်အတွက် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး အနည်းငယ်မြင့်တက်ခဲ့သည်။ ရင်းဂစ်နှင့် ဒေါ်လာဖလှယ်နှုန်းမှာ မတ် ၉ ရက် ညနေ ၆ နာရီက အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၅၉၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၆ မိနစ်တွင် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၅၈၀ ရင်းဂစ်နှုန်းထိ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့သည်။

အခြားငွေကြေးများနှင့် ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုးမှာ အတက်အကျ အမျိုးမျိုးရှိခဲ့သည်။

**ကိုရီးယားဝမ်**

တောင်ကိုရီးယားနိုင်ငံ အခြေခံဥပဒေ တရားရုံးက သမ္မတ ပတ်ဂွင်ဟေးအား ပြစ်တင်ရှုံ့ချမှုကို မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် နိုင်ငံရေးရှုန်းရင်း ဆန်ခတ် မှုများလျော့ပါးသွားသည့်အတွက် မတ် ၁၀ရက်က တောင်ကိုရီးယား၏ စတော့ရှယ်ယာဈေးများမြင့်တက်ခဲ့သည်။

တောင်ကိုရီးယား ဝမ်ငွေတန်ဖိုးမှာလည်း မတ်လ ၉ ရက် ဈေးပိတ်ချိန်ကရှိခဲ့သော ဈေးနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၇ ဝမ်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၅၇ ဒသမ ၄၀ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

မကြာသေးမီ ကာလအတွင်း ရင်းနှီးမြှုပ်နှံသူတို့က ထိုင်းရှယ်ယာများကို ပြန်လည်ရောင်းချခဲ့သည့်အတွက် ထိုင်းဘတ်ငွေကြေး တန်ဖိုးမှာလည်း သုညဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၃၅ ဒသမ ၃၆၆ ဘတ်နှုန်းရှိခဲ့ရာ ဇန်နဝါရီ ၂၀ ရက်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့သည်။ ဘတ်ငွေတန်ဖိုးသည် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ပါက လေးလအတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိမည့် အလားအလာကို တွေ့ရသည်။

## အမေရိကန်ပြည်ထောင်စု၏ အတိုးနှုန်းမြှင့်တင်မည့် အလားအလာကြောင့် ထိုင်းနိုင်ငံမှ ငွေကြေးစီးထွက်မှုမြင့်တက်

ယခုလအတွင်းမှာ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးမည့် အလားအလာကြောင့် ထိုင်းနိုင်ငံ ဘွန်းစာချုပ်ဈေးကွက်မှ ငွေပူများ ဆက်လက်စီးထွက်သွားနိုင်ကြောင်း ဗန်ကောက်ပို့စ် သတင်းတွင် ဖော်ပြသည်။

ဗဟိုဘဏ်အတိုးနှုန်း သတ်မှတ်ရေးအဖွဲ့က မတ်လတွင် ဗဟိုဘဏ် အတိုးနှုန်းကို မြှင့်တင်ပေးလိမ့်မည်ဖြစ်ကြောင်း ယခင်ရက်သတ္တပတ်အတွင်းက ပြောကြားခဲ့သော အရေးကြီး မိန့်ခွန်းတစ်ခုတွင် အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောသည်။ ကာလ ရှည်ကြာစွာ တိုးတက်မှုရပ်တန့်နေခဲ့သော အမေရိကန်မူဝါဒအတိုးနှုန်းကို မြှင့်တင်ပေးမှုကြောင့် ထွန်းသစ်စ ဈေးကွက်ရှိ ငွေကြေးများသည် အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်စီးထွက်သွားနိုင်သည်။

မစ္စက်ယယ်လင်၏ မိန့်ခွန်းထွက်ပေါ်ပြီးနောက်ပိုင်း ထိုင်းကာလတို ဘွန်းစာချုပ် ဈေးကွက်မှ ငွေကြေးများ ပြန်လည်စီးထွက်မှု မြင့်တက်ပြီး ဘတ်ငွေတန်ဖိုးကို ကျဆင်းစေခဲ့သည်။ ဘတ်ငွေတန်ဖိုးသည် ၂၀၁၇ ခုနှစ် နှစ်စက ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ယခုနှစ်အတွင်း အာရှဒေသတွင် ပဥ္စမမြောက် အခိုင်မာဆုံးငွေကြေးတစ်ခု ဖြစ်ခဲ့သည်။

"ထိုင်းဘတ်တန်ဖိုး မြင့်တက်လာတာက ထိုင်းစတော့ရှယ်ယာတွေ သို့မဟုတ် ရေရှည်ဘွန်းစာချုပ်ဈေးကွက်ထဲကို မတည်ရင်းနှီးငွေတွေ စီးဝင်လာလို့ မဟုတ်ပါဘူး။ ထိုင်းအစိုးရရဲ့ ရေတိုဘွန်းစာချုပ်ဈေးကွက်ထဲကို စီးဝင်လာတဲ့ ငွေပူတွေကြောင့် ဖြစ်ပါတယ်"ဟု Maybank Kim Ing Security Thailand မှ စီးပွားရေးပညာရှင် တင်မ်လီလာဟာဖန်က ပြောသည်။

အမေရိကန်ဗဟိုဘဏ်က ဆုံးဖြတ်ချက်မချမီ ယခုကာလအတွင်း ငွေကြေးများ ပြည်ပသို့ အဆက်မပြတ် စီးထွက်နေခြင်းသည် ဘတ်ငွေတန်ဖိုးကို ဆက်လက်ကျဆင်းစေနိုင်ကြောင်း သူကပြောသည်။

## နိုင်ငံခြားငွေဖလှယ်ရေး မူဝါဒကို တရုတ်နိုင်ငံက ဆက်လက်ထိန်းထားမည်

တရုတ်ယွမ်ငွေကြေးတန်ဖိုး တည်ငြိမ်မှုကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် နိုင်ငံခြားငွေကို ဖလှယ်ရာတွင် ထိန်းချုပ်မှုဖြင့်နှုန်းရှင်ထားသော မူဘောင် (Managed Floating Rate Framework) ကို တရုတ်နိုင်ငံက ဆက်လက်ထိန်းထားမည်ဟု တရုတ်ဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူးက မတ် ၆ ရက်ကပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။




အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယွမ်ငွေတန်ဖိုး ကျဆင်းမှု သက်သာစေရန်အတွက် တရုတ်ဗဟိုဘဏ်သည် ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ အသုံးပြု၍ ထိန်းချုပ်ခဲ့သည်။ တရုတ်နိုင်ငံ စီးပွားရေးကျဆင်းမှုကြောင့် ရင်းနှီးမြှုပ်နှံသူတို့က ငွေကြေးများကို အခြားဒေသသို့ ရွှေ့ပြောင်းသွားကြသည့်အတွက် ငွေကြေးအာဏာပိုင်တို့ကပြင်ပသို့ ငွေကြေးစီးထွက်မှုကို ထိန်းချုပ်မည့် အစီအမံများကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ဈေးကွက်အတွင်းရှိအင်အားစုများက ဈေးနှုန်း အပြောင်းအလဲအတွက် အဓိကအဆုံးအဖြတ်ပေးသော အင်အားစုများဖြစ်သော်လည်း ထိန်းချုပ်မှုဖြင့်ထားရှိသော ငွေကြေးဖလှယ်မှုမှာ နှုန်းရှင်ဖြစ်သည့်အတွက် တရုတ်ယွမ်ငွေကြေးတန်ဖိုးက အခြေခံအားဖြင့် တည်ငြိမ်သော ငွေကြေးဖြစ်ခဲ့ကြောင်း တရုတ်ဗဟိုဘဏ် ဒုတိယအုပ်ချုပ်ရေးမှူးယီဂန်းက ပြောသည်။

ယွမ်ငွေကြေးသည် ယခင်နှစ်က အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့သော်လည်း ဇန်နဝါရီလဆန်းတွင် တန်ဖိုးပြန်လည်မြင့်တက်လာပြီး ငွေကြေးဖလှယ်နှုန်းမှာ အပြောင်းအလဲမရှိတန့်နေခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH

# New Day Energy Co.,Ltd

အရည်အသွေး မှန်ကန်သော စက်သုံးဆီများကို အခြင်အတွယ် အပြည့်အဝဖြင့်
ရောင်းချပေးလျက်ရှိသည့် **New Day** စက်သုံးဆီအရောင်းဆိုင်များမှ ကြိုဆိုပါသည်။

**Member Card, Prepaid Card များဖြင့် အရောင်းဆိုင်အားလုံးတွင် Discount Point များရယူ၍ ဝယ်ယူအားပေးနိုင်ပါသည်၊**




**ဝယ်ယူနိုင်သောစက်သုံးဆီများ**

- အဆင့်မြင့်ဓာတ်ဆီ 92 Octane
- အဆင့်မြင့်ဓာတ်ဆီ 95 Octane
- အဆင့်မြင့်ဓာတ်ဆီ 97 Octane
- ဒီဇယ်ဆီ (0.05% Sulphur)
- အဆင့်မြင့်ဒီဇယ်ဆီ (0.005% Sulphur)

## စက်သုံးဆီအရောင်းဆိုင်များ၏ တည်နေရာ

➡ ND-001
ဗားကရာလမ်းနှင့်ဗဟိုလမ်းထောင့်၊ ရန်ကုန်မြို့၊

➡ ND-002
မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့၊

➡ ND-003
ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့၊

➡ ND-004
အောက်ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့၊

➡ ND-005
ကမ္ဘာ့အေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

➡ ND-006
စစ်ကိုင်း-မန္တလေးလမ်း၊ တမ္ပဝတီရပ်၊ မန္တလေးမြို့၊

➡ ND-007
ရန်ကုန်-မန္တလေးလမ်း၊ မြစ်ငယ်၊ မန္တလေးမြို့၊

➡ ND-008
ရန်ကုန်-မန္တလေးလမ်း၊ ရှမ်းတဲကျေးရွာအနီး၊ မိတ္ထီလာမြို့၊

➡ ND-009
မုံရွာ-မန္တလေးလမ်း၊ နတ်လှူထိပ်ပန်ရပ်ကွက်၊ မုံရွာမြို့၊

➡ ND-010
မော်လမြိုင်-ကျိုက္ခမီလမ်း၊ မော်လမြိုင်မြို့၊

➡ ND-011
မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့၊

➡ ND-012
ဗိုလ်ချုပ်လမ်း၊ မူယာပင်ရပ်ကွက်၊ ပြည်မြို့၊

➡ ND-014
ဝွေးချိုလမ်းဆုံ၊ ဝွေးချိုမြို့၊

➡ ND-015
အမှတ် (၁) ရပ်ကွက်၊ မြို့မလမ်း၊ ပခုက္ကူမြို့၊

➡ ND-016
ရန်ကုန်-မန္တလေးလမ်း၊ အုတ်ကျတ်တန်း၊ တောင်ငူမြို့၊

➡ ND-017
ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့၊

➡ ND-018
မကွေး-ပြည်လမ်းဆုံ၊ တောင်တွင်းကြီးမြို့၊

➡ ND-019
ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ ညောင်ဦးမြို့၊

Email : headoffice@newdayenergymm.com

# COMMERCE INTERNATIONAL

## ယခုနှစ်နွေဦးတွင် ဂျပန်နိုင်ငံ၌ မောင်းသူမဲ့ဘတ်စကားကို ပြင်သစ်ကုမ္ပဏီတစ်ခုက စမ်းသပ်မောင်းနှင်မည်

Soft Bank Group နှင့် ပူးပေါင်း၍ ဂျပန်နိုင်ငံတွင် မောင်းသူမဲ့ ဘတ်စကား (Self-driving Bus) ကို စတင်စမ်းသပ် မောင်းနှင်မည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံမှ ထူထောင်စ ကုမ္ပဏီအသစ်တစ်ခုက မတ် ၇ ရက်က ကြေညာခဲ့ရာ မောင်းသူမဲ့ ရွေ့ပြေးနမူနာယာဉ်များမှာ လက်တွေ့ဘဝအတွင်းသို့ အမှန်တကယ် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း မိုင်နိချိသတင်းတွင် ဖော်ပြသည်။



ပြင်သစ်ကုမ္ပဏီသစ် တစ်ခုဖြစ်သော Navya ၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီ၏ မောင်းသူမဲ့ကားကို ဂျပန်နိုင်ငံရှိ ရှော့ပင်းစင်တာများ၊ လေဆိပ်များနှင့် တက္ကသိုလ်များကဲ့သို့သော နေရာများတွင် မောင်းနှင်သွားလာရန်ဖြစ်သည်။ အဓိကအားဖြင့် ပုံသေသတ်မှတ်ထားသော လမ်းကြောင်းပေါ်တွင် အရှိန်နှေးနှေးဖြင့် လွန်းပျံခရီးအဖြစ် သယ်ပို့ပေးသွားရန် ဖြစ်သည်။

မောင်းသူမဲ့ ဘတ်စကားများကို အသုံးပြုပြီး တိုကျိုအိုလံပစ်အဆောက်အအုံများ၊ မသန်မစွမ်းသူ အိုလံပစ်အဆောက်အအုံများနှင့် တိုကျိုမြေအောက် ရထားလမ်းဘူတာများကို ဆက်သွယ်ပေးရန်အတွက် ကုမ္ပဏီက ရည်ရွယ်ဆောင်ရွက်လျက် ရှိရာ ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ်ပြိုင်ပွဲ ကျင်းပရန် သုံးနှစ်သာ လိုတော့သည့်အတွက် တီထွင်ဆန်းသစ်မှု စီမံကိန်းနှင့်ပတ်သက်၍ စိတ်လှုပ်ရှားမိကြောင်း Navya ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဟင်နရီကိုရွန်က ပြောသည်။

Navya ကုမ္ပဏီသည် မောင်းသူမဲ့ ဘတ်စ်ကားကို ၂၀၁၅ ခုနှစ်က အပြီးသတ် ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မော်တော်ကား၏ အမြင့်ဆုံးအမြန်နှုန်းမှာ တစ်နာရီ ၄၅ ကီလိုမီတာရှိပြီး ခရီးသည် ၁၅ ဦးကို တင်ဆောင်သွားနိုင်သည်။ လောလောဆယ်တွင် Navya ၏မောင်းသူမဲ့ကား အစီး ၃၀ ကို နိုင်ငံပေါင်း ၃၀ တွင် အသုံးပြုလျက်ရှိရာ အဆိုပါနိုင်ငံများတွင် ပြင်သစ်၊ အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ ပါဝင်သည်။ ဂျပန်နိုင်ငံတွင်မူ Soft Bank လက်အောက်ခံကုမ္ပဏီက Navya မှ ဘတ်စ်ကားနှစ်စီးကို ဝယ်ယူပြီး ယခုနွေဦးတွင် ဂျပန်နိုင်ငံ၌ စမ်းသပ်မောင်းနှင်ရန် ပြင်ဆင်ထားသည်။

## ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်ဝန်ထမ်းရှားပါးသည့် စိန်ခေါ်မှုများနှင့် မလေးရှားအလုပ်ရှင်တို့ ရင်ဆိုင်နေရ

ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်ဝန်ထမ်း ရှားပါးမှုသည် ယခုနှစ်အတွင်း မလေးရှားအလုပ်ရှင်တို့ ကြုံတွေ့ရမည့် ပြဿနာများအနက် အကြီးမားဆုံး ပြဿနာတစ်ခုအဖြစ် ပါဝင်နေကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ကျွမ်းကျင်လုပ်သား ရှားပါးမှုကြောင့် ယခုနှစ်ဆောင်ရွက်ရမည့် လုပ်ငန်းများ ထိခိုက်မည်ကို မလေးရှားနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များက စိုးရိမ်လျက်ရှိကြောင်း အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းအေဂျင်စီ Hays ၏ ထုတ်ပြန်ချက်အရ သိရသည်။

လိုအပ်သော ကျွမ်းကျင်ဝန်ထမ်းများ ရရှိရေးအတွက် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ၏ ၉၇ ရာခိုင်နှုန်းမှာ အလူးအလဲ ရုန်းကန်လှုပ်ရှားနေရကြောင်း 2017 Hays Asia Salary Guide တွင် ဖော်ပြသည်။

Hays ၏ အစီရင်ခံစာအရ ကုမ္ပဏီ၏ လက်ရှိရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ပေးနိုင်မည့် ပညာရှင်များ မရမည်ကို စိုးရိမ်လျက်ရှိသော ကုမ္ပဏီဦးရေမှာ မလေးရှားအလုပ်ရှင် စုစုပေါင်း၏ ၆၉ ရာခိုင်နှုန်းရှိကြောင်း၊ ကျွမ်းကျင်သူ ရှားပါးမှုကြောင့် ယခုနှစ်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်မှုမရှိမည်ကို စိုးရိမ်သူက ၄၈ ရာခိုင်နှုန်းနှင့် စီးပွားရေးလုပ်ငန်းများအပေါ်တွင် ဂယက်ရိုက်ခတ်မှုရှိမည်ကို စိုးရိမ်သူက ၄၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လွန်ခဲ့သော ၁၂ လကို ပြန်ကြည့်ပါက ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်သူ အလုပ်ရှင် ၅၄ ရာခိုင်နှုန်း၊ ဝန်ထမ်းဆွဲဆောင်မှု မဟာဗျူဟာများချမှတ် ဆောင် ရွက်သူက ၄၀ ရာခိုင်နှုန်းရှိပြီး ဝန်ထမ်းအရည်အသွေး မြှင့်တင်ရေးအတွက် အရေးယူဆောင်ရွက်မှု လုံးဝမပြုလုပ်သူက ခြောက်ရာခိုင်နှုန်းသာ ရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်